
n.com.tw
ကျင်းယုံ၏ ကျန်ရှန်လု
2008
တက္ကသိုလ်
နေလင်းအောင်
လေသဝန်ကာစားတဲ့ ရွှေပျံလွှား
၆-အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၁)
ဇော်ရဲအောင်
သိုင်းစာစဉ်များpage

ဘက္ကာသိုင်း

# ငှက်ပေါင်းစအောင်

ကျင်း၊ ယုံ၏ ကျန်ရှန်လု

## လေဆန်ကာစားတဲ့ ရွှေပျံလွှား

စာစဉ် ၁



ကိုးတက်ရေး-၁၇၈၈

တက္ကသိုလ်

နေလင်းအောင်

# လေဆန်ကစားတဲ့ရွှေပျံလွှား

(တစဉ်-၁)

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၀၉၇၀၆၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၇၉၁၀၆၀၁

၂၀၀၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ( ၃ )
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၇၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

### ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

တိုးတက်ရေး--စာမယ

## အခန်း (၁)

## ကောင်ဟင်းချန်တည်းခိုဆိုင်

တဖွဲဖွဲတသည်းသည်းကျနေသည့် နှင်းမှုန်များသည် ပတ်ဝန်းကျင်တစ်ခုလုံးကို နှင်းကမ္ဘလာကြီးတစ်ခုလုံးနှင့် ကာထားသလိုရှိနေသည်။

ကောင်ဟင်းချန် တည်းခိုဆိုင်၏ခေါင်မိုး၌ နှင်းများ ထူထပ်ဖုံးလွှမ်းနေသည်။

ထိုတည်းခိုဆိုင်ကလေး၏ ဘေးဘက်အဆောင်တွင်း၌ ဆူဆူညံညံအသံဗလံများ ထွက်ပေါ်လာသဖြင့် တိတ်ဆိတ်အေးချမ်းစွာနေထိုင်လိုသူများအတွက် စိတ်အနှောင့်အယှက် ဖြစ်ကြရသည်။

ဤသို့ ဆူဆူညံညံအသံဗလံများကြားရခြင်းမှာ အခြားအကြောင်းကိစ္စကြောင့်မဟုတ်ပေ။

ဟုန်တန်ပြည်နယ်မှ တပ်မှူးကြီးယွန်ကီး၏ သမီးချောကလေးဖြစ်သည့်ယွန်ချောချောသည် ချောင်ဟုန်စွန်းတောင်ရှိ မယ်တော်နတ်သမီး၏နတ်ကွန်းတော်၌ အမွှေးနံ့သာများ၊ မီးတိုင်များဖြင့်

ပူဇော်သက္ကာယပြုရန်ကိစ္စတွင် မြင်းရထားသမား လောင်စွန်းကျို အား ငှားရမ်းလိုသည့်အတွက် ဤသို့ ဆူဆူညံညံကြားရခြင်းပင် ဖြစ် တော့သည်။

ဆိုင်မှ အလုပ်သမားကလေးများသည် တပ်မှူးကြီးယွန်ကီး၏ တတိယမြောက်သမီးချောလေး ယွန်ချောချော၏ မေတ္တာရပ်ခံ ချက်အရ လောင်လီစွန်းကျိုအား သွားရောက်နှိုးကြခြင်း ဖြစ်သည်။

စောစောစီးစီး ချမ်းချမ်းစီးစီး အိပ်ရာထက်ကွေးနေသော လောင်လီစွန်းကျိုသည် သူအား ဤသို့ လာရောက်အနှောင့်အယှက် ပေးရပါမည်လော ဟူသောသဘောဖြင့် ဒေါသတကြီး အော်ဟစ် ဆူညံနေခြင်းဖြစ်တော့သည်။

"သူတို့က ဘာဖြစ်လို့ ဒီအချိန်ကြီးမှ ငါ့ကို လာနှိုးရတာလဲ"

တပ်မှူးကြီးယွန်ကီး၏သမီး ယွန်ချောချောက အဘယ် အကြောင်းကြောင့် ဤအချိန်ကြီး၌ နှိုးခိုင်းသည်ကို ဆိုင်အလုပ် သမားများ မသိကြပေ။

သို့သော် သူတို့အားစေခိုင်းလိုက်သည့် အမျိုးကောင်းသမီး လေး၏ ဖခင်ကြီး၏ဂုဏ်ဒြပ်ကိုတော့ သူတို့ကောင်းစွာသိကြ၏။

"ဒါတော့ ကျုပ်တို့လည်း မသိဘူးဗျ ... ကျုပ်တို့သိတာ ခင်ဗျားကို နှိုးခိုင်းတဲ့ မိန်းကလေးဟာ တပ်မှူးကြီးယွန်ကီးရဲ့ သမီး ယွန်ချောချောဆိုတာပဲ၊ သူက သိပ်လှတာဗျ"



"ဘာ ... တပ်မှူးကြီးယွန်ကီးရဲ့ သမီး ... ဟုတ်လား"

"ဟုတ်တယ် ... တပ်မှူးကြီးယွန်ကီးရဲ့သမီးပဲ"

လောင်လီစွန်းကျို ငြိမ်သွားသည်။

မငြိမ်ဘဲ ခံနိုင်ရိုးလား ... တပ်မှူးကြီးယွန်ကီးကို သူ ကောင်းစွာ သိနေသည်လေ။

ယွန်ကီးသည် ငယ်နုစဉ်က ဘုရင့်ကိုယ်ရံတော်တပ်အတွင်း မှ သာမန်တပ်သားငယ်လေးသာဖြစ်သည်။

သို့သော် ရဲရင့်၍ တာဝန်ကိုရိုသေလေးစားသော ယွန်ကီး သည် တိုတောင်းသောအချိန်ကာလအတွင်း တစ်ဆင့်ပြီးတစ်ဆင့် ရာထူးတက်လာသည်။

အသက်သုံးဆယ်အရွယ်တွင် ဟုန်တန်ပြည်၏ တပ်မှူးကြီး အဖြစ် ချီးမြှင့်အပ်နှင်းခြင်းခံရ၏။

အသက်လေးဆယ်အရွယ်တွင် ဆန်ဆီပြည်နယ်၏ နယ်စား ကြီးရာထူးသို့ တိုးမြှင့်အပ်နှင်းခြင်းခံရသည်။

သို့သော် ယွန်ကီးသည် သူ့အား နယ်စားကြီးယွန်ကီးလို့ အခေါ်မခံလိုပေ။ ဤအခေါ်အဝေါ်ကို သူ မကြိုက်ပေ။

သူ့အား တပ်မှူးကြီးယွန်ကီးဟု ခေါ်မှသာ သဘောကျ သည်။

သူသည် ဆန်ဆီပြည်နယ်သို့ သွားရောက်၍ တာဝန် ထမ်း

ဆောင်ရန်အသွား နေပြည်တော်သို့ဝင်၍ ဧကရာဇ်ကြီးအား ဝင်ရောက်ဖူးမြော်ရန် ကြံစည်ထားသည်။

တပ်မှူးကြီးယွန်ကီးသည် အလွန်တရာရိုးသား၍ အားနာတတ်သူဖြစ်သည်။

သူ၏ ရာထူးအရှိန်အဝါ ဩဇာတိက္ကမကို မည်သည့်အခါမှ မသုံးစွဲခဲ့ပေ။ သူသွားလေရာရာ၌ တတ်နိုင်သမျှ တည်းခိုဆောင်များ၌ တည်းခိုပေး၍ ငှားရမ်းနေထိုင်လေ့ရှိသည်။

သူရောက်ရှိသည့် အချိန်တိုင်း၌ တပ်မှူးကြီးယွန်ကီးသည် ဤဒေသ၌ မြင်းရထားမောင်းရာတွင် အကျွမ်းကျင်ဆုံးဖြစ်သော လောင်လီစွန်းကျို၏ မြင်းရထားကိုသာ ငှားရမ်း၍ စီးလေ့ရှိ၏။

တပ်မှူးကြီးတစ်ယောက်က သူပိုင်ရထားမရှိဟု ဆိုခြင်းအတွက် မယုံကြည်မရှိပါလေနှင့်။ သူသည် အလွန်တရာ မာနရှိသူဖြစ်၏။ ဧကရာဇ်ချီးမြှင့်သောစာများနှင့် သူ့အတွက်ရရှိသော လစာရိက္ခာကိုသာ မြိုးမြိုသုံးစွဲသူဖြစ်၏။ သူ့တွင် ငွေကြေးပြည့်စုံစွာ မရှိပေ။

မြင်းရထားသမား လောင်လီစွန်းကျိုသည် တပ်မှူးကြီး၏ ရိုးသားမှု၊ မြင့်မြတ်မှုနှင့် သူ့ကဲ့သို့သော မြင်းရထားမောင်းသူ တစ်ယောက်အား လေးလေးစားစား ဆက်ဆံမှုအတွက် လွန်စွာရိုသေကိုင်းရှိုင်းသည်။

အခကြေးငွေမယူဘဲ ပို့ဆောင်ပေးသည်။ တပ်မှူးကြီးသည်



ဤအချက်ကို မည်သည့်အခါမှ လက်မခံခဲ့ပေ။ ထိုက်သင့်သည်ထက်ပိုမိုသော ရထားခကို ပေးလေ့ရှိသည်။ တပ်မှူးကြီး ယွန်ကီးသည် ဆင်းရဲသားများ၊ သာမန်အတန်း အစားများအပေါ်၌ ကြင်ကြင်နာနာ ဆက်ဆံလေ့ရှိသည်။

ထိုအကြောင်းများကြောင့် မြင်းရထားသမား လောင်လီစွန်းကျိုသည် တပ်မှူးကြီးယွန်ကီးကို သိနေခြင်းဖြစ်လေတော့၏။ သို့သော် တပ်မှူးကြီးယွန်ကီး၏ သမီးကိုတော့ သူ မသိပေ။

တပ်မှူးကြီးယွန်ကီးသည် လွန်ခဲ့သောခြောက်ရက်ခန့်က ဤကောင်ဟင်းချန်တည်းခိုဆိုင်သို့ ရောက်ရှိခဲ့သည်။ ဆန်ဆီပြည်နယ်၌ နယ်စားမင်းအဖြစ် အမှုထမ်းပီ နေပြည်တော်သို့ဝင်၍ ဧကရာဇ်ကြီးအား ဖူးမြော်ရန်လာသည့်အချိန်၌ ဤကောင်ဟင်းချန်တည်းခိုဆိုင်သည် ခရီးတစ်ထောက် ဖြစ်လာပြန်၏။

တပ်မှူးကြီးသည် ဆန်ဆီပြည်နယ်သို့ ပြောင်းရွှေ့လာ ရာ၌ ဇနီးတစ်ယောက်၊ သမီးတစ်ယောက်၊ သမီး၏အဖော်ဖြစ်သူ မိန်းမဖော်တစ်ယောက်နှင့် အိမ်ဖော်မိန်းမကြီးတစ်ယောက်စသည့် လူလေးယောက်ကိုပါ ခေါ်ဆောင်လာသည်။

တပ်မှူးကြီးတွင် ပထမသမီးနှင့် ဒုတိယသမီးတို့ ရှိသော်လည်း ထိုသမီးနှစ်ယောက်သည် စောစီးစွာအိမ်ထောင်ကျသွားခဲ့သည်။ ယခုအခါ သူ့အိမ်ထောင်နှင့်သူ အေးချမ်းစွာ ရှိနေကြပြီဖြစ်၍

ဖခင်ဖြစ်သူ တပ်မှူးကြီးယွန်ကီး၏ ပြောင်းရွှေ့ခရီးစဉ်၌ ပါရှိမလာတော့ပေ။ အိမ်ထောင်မကျသေးသည့် ဆယ်ကျော်သက်အရွယ် ဆယ့်ရှစ်နှစ်မျှသာရှိသေးသော တတိယမြောက်သမီးဖြစ်သည့် ယွန်ချောချောသာ ပါလာသည်။

ယွန်ချောချောသည် သမီးသုံးယောက်အနက် အငယ်ဆုံးဖြစ်သလို အချောဆုံးဖြစ်၏။ စိတ်ဓာတ်လည်း ကောင်းသည်။

တပ်မှူးကြီး ခရီးထွက်လာရာ၌ လမ်းခုလတ်၌ တပ်မှူးကြီးကတော်နာမကျန်းဖြစ်သည်။ ကောင်ဟင်းချန် တည်းခိုဆိုင်သို့ ရောက်သောအခါ အခြေအနေပိုဆိုးလာသည်။

ထိုအခါ တပ်မှူးကြီးအနေဖြင့် အခြေအနေကို သုံးသပ်ရတော့သည်။ ရှေ့ခရီးစဉ်၌ ကေရာဇ်ကြီးအား ဖူးမြော်ကန်တော့ရဦးမည်။ ထိုမှ ဆန်ဆီပြည်နယ်သို့ ခရီးဆက်ရဦးမည်။ ခရီးကရှည်ဝေးလှသည်။

ထို့ကြောင့် တိုက်ပွဲအလီလီကို အောင်ပွဲနွှဲခဲ့သော တပ်မှူးကြီးသည် ပြတ်ပြတ်သားသား စဉ်းစားဆုံးဖြတ်ရတော့သည်။ သူ့ဆုံးဖြတ်ချက်ကား သူ၏ဇနီးနှင့်သမီးအား အိမ်ဖော်မလေး ကျင်းလီနှင့်အတူ ကောင်ဟင်းချန်တည်းခိုခန်း၌ ထားပစ်ခဲ့မည်။ နောင် တပ်မှူးကြီးကတော် သက်သာသောအခါမှ သူ့နောက်သို့ လိုက်ခဲ့ကြရန် မှာကြားဆုံးဖြတ်ခဲ့သည်။



ထို့နောက် တပ်မှူးကြီးသည် နေပြည်တော်သို့ ခရီးထွက်သွားလေတော့၏။ ဤအတွက် သမီးဖြစ်သူ ယွန်ချောချောသည် ဖခင်တပ်မှူးကြီးအား အပြစ်မတင်ချေ။ အဘယ်ကြောင့်ဆိုသော် တပ်မှူးကြီးသည် သူ့ဘဝတစ်လျှောက်လုံး၌ မိသားစုကိစ္စထက် တာဝန်နှင့်ဝတ္တရားကို အမြဲတမ်းဦးစားပေးခဲ့သောကြောင့်တည်း။

ယွန်ချောချောသည် မိခင်၏ကျန်းမာရေးအခြေအနေ အလွန်တရာဆိုးရွားနေသဖြင့် ချောင်ဟုန်စွန်းတောင်ပေါ်မှ မယ်တော်နတ်သမီး နတ်ကွန်းသို့ သွားရန် ကြံစည်ခဲ့သည်။ ဤကဲ့သို့ နှင်းတသည်းသည်းတဖွဲဖွဲကျနေသော အချိန်မျိုး၌ တောင်ပေါ်သို့ လိုက်ပို့နိုင်စွမ်းရှိလိမ့်မည် မဟုတ်သည်ကို ယွန်ချောချောသိသည်။

သူမ၏ဖခင် တပ်မှူးကြီးချီးကျူးခဲ့သော အတော်ဆုံး မြင်းလှည်းသမား လောင်လီစွန်ကျိအား ခေါ်ဆောင်ပေးရန် မေတ္တာရပ်ခံခဲ့ခြင်းဖြစ်ပေသည်။

သူ့အား နံနက်စောစော လာနှိုးရပါမည်လားဟူ၍ ဒေါသထွက်နေသည့် လောင်လီစွန်ကျိသည် တပ်မှူးကြီးယွန်ကီးဟူသည့် အသံကို ကြားရလိုက်သည်နှင့် သူ့ဒေါသများလည်း ရုတ်တရက် အေးငြိမ်းသွားသည်ကို ခံစားလိုက်ရလေသည်။

သူသည် ထိုမှနောက်ပိုင်းတွင် တပ်မှူးကြီး၏သမီးကလေး ယွန်ချောချောထံသို့ လွယ်ကူစွာလိုက်ပါလာခဲ့လေတော့သည်။

လောင်လီစွန်ကျိ၏ အေးချမ်းနေသည့် စိတ်အလျဉ်သည် ယွန်ချောချောအား တွေ့လိုက်သည့်အခါတွင် ရေခဲတုံးကို နှင်းရည်လောင်းချလိုက်သည့်အလား ပိုပို၍ အေးချမ်းသွားလေ၏။

အဘယ်ကြောင့်ဆိုသော် ယွန်ချောချော၏အလှ၌ ယစ်မူးမိသွားသောကြောင့်ပေတည်း။

"ရှင့်ကို ဒုက္ခပေးမိသလိုများဖြစ်နေမလားမသိဘူး"

စမ်းရေစီးသံကဲ့သို့ ညင်သာလှသော သူမ၏အသံလေးက လောင်လီစွန်ကျိ၏နားထဲသို့ ပျားရည်များ စီးကျသွားသကဲ့သို့ ချိုမြစွာဝင်သွား၏။ သူသည် ဗလုံးဗထွေးဖြင့် ပြန်လေသည်။

"ဘာ … ဘာမှ ဒုက္ခပေးသလို မဖြစ်မိပါဘူးခင်ဗျာ၊ ကျွန်တော့်အတွက် ဘာမှအားနာစရာမရှိပါဘူး"

လောင်လီစွန်းကျိသည် ထိုမျှသာ ပြောနိုင်သည်။ သူ့ မြင်းရထားကို ပြန်မြင်သည်။

မကြာမီအချိန်အတွင်းမှာပင် လောင်လီစွန်းကျိ၏ မြင်းရထားသည် တပ်မှူးကြီး၏သမီး ယွန်ချောချော လိုက်ပါစီးနင်းရန်အတွက် အဆင့်သင့်ဖြစ်နေလေပြီ။

မြင်းရထားပေါ်သို့ ယွန်ချောချောနှင့် ကျင်းလီတို့ တက်လာကြသည်။ သခင်မက ချောလွန်းနေ၍လားမသိ၊ ကျင်းလီကလည်း ချောနေသည်။ လောင်လီစွန်းကျိသည် အလှပန်းနှစ်ပွင့်အား



ငေးမောကြည့်နေမိလေသည်။

မြင်းရထားအတွင်းမှ ခေါင်မိုးပုတ်သံ ကြားလိုက်ရသည်။

"မြင်းရထားဆရာရေ … မောင်းမယ်ဆိုရင် မောင်းလို့ရပါပြီရှင်"

ထိုအသံကား ကျင်းလီ၏အသံတည်းဟု လောင်လီစွန်းကျိ မှတ်ချက်ကျလိုက်၏။

နောက်ကျောပွတ်သံတစ်ချက် ပေးလိုက်ရာလောင်လီစွန်းကျိ၏ လိမ္မာလှသော မြင်းကြီးနှစ်ကောင်သည် စတင်အားယူ ပြေးထွက်တော့သည်။

ချောင်ဟုန်စွန်းသို့သွားသည့် လမ်းမကြီးတစ်လျှောက်လုံး နှင်းပွင့်များဖြူဖွေးနေ၏။

ထိုနှင်းပွင့်များ အထပ်ထပ်အဖန်ဖန် ကျခြင်းဖြင့် လမ်းမကြီး၌ နှင်းထုတက်ကာ လမ်းမပေါ်မောင်းနှင်သည့် မည်သည့် ယာဉ်ရထားကိုမဆို ဒုက္ခပေးတော့သည်။

သို့သော် … ခြွင်းချက်တစ်ခုတော့ ရှိသည်။

ထိုမည်သည့် ယာဉ်ရထားမဆိုစကား၌ လောင်လီစွန်းကျိ၏ မြင်းရထားကိုတော့ ချန်လှပ်ထားရပေမည်။ လောင်လီစွန်းကျိ၏ မြင်းများ၌ ထူးခြားသောသံခွာများတပ်ဆင်ထားသောကြောင့်လည်းကောင်း၊ လောင်လီစွန်းကျိကိုယ်တိုင် တစ်ထောင်မှာတစ်ယောက်

ရှားမှရှားလှသော မြင်းလှည်းမောင်းကျွမ်းကျင်သူဖြစ်၍တစ်ကြောင်း လောင်လီစွန်းကျို၏မြင်းရထားသည် ဤနှင်းဖွေးဖွေးလမ်းမပေါ်၌ တစ်ဟုန်ထိုးမောင်းနှင်နိုင်ခြင်းဖြစ်တော့သည်။

သို့သော် ... မြင်းရထားအတွင်း၌ စီးနင်းလိုက်ပါလာသူများအနေဖြင့် ကသောင်ကနင်း ဒယီးဒယိုင် စည်းစိမ်ပျက်မည်တော့ မဟုတ်ချေ။

ထိုစဉ် ... ခပ်ဝေးဝေး၌ လူရိပ်သုံးခုကို မြင်ရသည်။

လူရိပ်များမှာ တဖြည်းဖြည်းရွေ့လျားနေသည့်အတွက် ခရီးသွားများဖြစ်ကြောင်း သိရသည်။

မည်သူများနည်း။ လှည်းကြုံစီးမည့်သူများလော။

ချောင်ဟုန်စွန်းတောင်သို့ သွားကြမည့် ခရီးသည်များ ဖြစ်ကောင်းဖြစ်နိုင်သည်။

ချောင်ဟုန်စွန်းတောင်သို့ သွားသည်ဆိုလျှင် မယ်တော်နတ်သမီးနတ်ကွန်းသို့ သွားရောက်ပူဇော် ပသမည့်သူများကလွဲ၍ အခြားမည်သူမျှ မဖြစ်နိုင်ပေ။

ဤသို့သာ အမှန်ဖြစ်ခဲ့လျှင် ထိုအဖြစ်ကို လောင်လီစွန်းကျို အနေဖြင့် လက်မခံနိုင်ပေ။

တပ်မှူးကြီး၏ သမီးတော်ကလေး ယွန်ချောချောထက် ဦးပြီး မည်သူမျှ မယ်တော်နတ်သမီး ရုပ်တုအား မပူဇော်စေရဟု



လောင်လီစွန်းကျို ဆုံးဖြတ်လိုက်သည်။

ချောင်ဟုန်စွန်းတောင်ကိုလည်း မြင်နေရပြီ။

ထို့ကြောင့် လောင်လီစွန်းကျို၏ ကျာပွတ်သံသည် တရွှမ်းရွှမ်း ပို၍ မြည်လေ၏။

သူ၏မြင်းကြီးနှစ်ကောင်သည် တိမ်ညွှန့်စားသည့် မြင်းကြီးများအလား လည်ဆံမွေးတဖွားဖွားဖြင့် တစ်ဟုန်ထိုး ပြေးလွှားသွားတော့သည်။

မြင်းရထား၏ အရှိန်နှုန်းသည် ရထားအတွင်း လိုက်ပါလာသော မိန်းကလေးနှစ်ဦးအား ထူးထူးခြားခြားအသိအမှတ် ပြုစေသည်ထင့်။ မြင်းရထားပြတင်းပေါက်မှ ကျင်းလီ၏ဦးခေါင်း ထွက်လာသည်။

လေတဟူးဟူး တိုက်ခတ်နေသဖြင့် ကျင်းလီ၏ဆံပင်များနှင့် ဦးခေါင်း၌ ချည်နှောင်ထားသည့် ဖဲကြိုးကလေးသည် လေထဲ၌ တဖျပ်ဖျပ် လွင့်မျောနေသည်။

"ရှင် ဘယ်လိုလုပ်တာလဲ၊ ကျွန်မတို့အားလုံး ချောက်ထဲ ထိုးကျပြီး သေအောင် လုပ်နေတာလား"

လောင်လီစွန်းကျိုက ခပ်လှမ်းလှမ်းရှိ လူရိပ်များကို လက်ညှိုးညွှန်ပြပြီး ...

"ဟောဟိုမှာ ကြည့်ပါဦး လုံမကျင်းလီ"

ကျင်းလီက လှမ်းကြည့်၏။

"အဲဒါ ဘာဖြစ်သလဲ"

"သူတို့ပုံစံတွေကြည့်ရတာ ချောင်ဟုန်စွန်းတောင်ကို သွားပြီး ပူဇော်သက္ကာယပြုမယ့်လူတွေနဲ့တူတယ်"

"မယ်တော်နတ်သမီးရုပ်ထုကို ဘယ်သူမဆို ပူဇော်နိုင်တာပဲ"

"ကျုပ်က ခင်ဗျားတို့သာ ဦးဦးဖျားဖျား ပူဇော်စေချင်လို့ မြင်းရထားကို မောင်းနှင်နေတာဗျ၊ နောက်ပြီး ဒီလမ်းဘယ်လောက်ပဲကြမ်းကြမ်း ကျုပ်ကမျက်စိမှိတ်ပြီး မောင်းနိုင်ပါတယ်"

ကျင်းလီသည် ရှေ့မှလူများကို တစ်ချက်ကြည့်ပြီးနောက် မြင်းရထားထဲသို့ ပြန်ဝင်သွားသည်။

နောက်ထပ်ကန့်ကွက်သံ ထွက်ပေါ်လာခြင်း မရှိသဖြင့် ယွန်ချောချောက သူ့စွမ်းဆောင်မှုကို လက်ခံသွားပြီဖြစ်ကြောင်း လောင်လီစွန်းကျိ နားလည်သွားသည်။

ထို့ကြောင့် သူ၏ကျာပွတ်ကို လေထဲ၌ ဝိုဲ၍ဝိုဲ၍ဝှေ့ယမ်းတော့သည်။ မြင်းရထားလည်း ဝိုဲ၍ဝိုဲ၍ လျင်မြန်စွာ ပြေးလေတော့သည်။

❖ ❖ ❖



## အခန်း (၂)
## မတရားသော အမဲလိုက်ခြင်း

လောင်လီစွန်းကျိ၏ မြင်းကြီးနှစ်ကောင်သည် ဤနယ်ပယ်ရှိ ထိပ်တန်းမြင်းကြီးများစာရင်း၌ ထိပ်သီးစာရင်းဝင်သော မြင်းကြီးများ ဖြစ်၏။ အလွန်မြန်၏။

သို့သော် သူ့နောက်မှ မြင်းခွာသံများလိုလိုကြားရသဖြင့် လှည့်ကြည့်မိရာ မည်းမည်းအရိပ်တစ်ခုသည် လျင်မြန်သော အရှိန်နှုန်းဖြင့် သူ့နောက်သို့ တစ်ရှိန်ထိုးလိုက်လာကြောင်း တွေ့လိုက်ရသည်။ လောင်လီစွန်းကျိကို အလွန်တရာ အံ့သြသွားတော့သည်။

နှင်းမှုန်များကို ဖောက်ထွင်းပြီး တရိပ်ရိပ်နီးကပ်လာသူမှာ မြင်းနက်တစ်ကောင်ကိုစီး၍ လိုက်လာသူတည်း။

ဤသူကား အဘယ်သူနည်း။

ဤသူသည်လည်း ချောင်ဟုန်စွန်းတောင်ရှိ မယ်တော်နတ်သမီးအား ပူဇော်သက္ကာယပြုမည့်သူပင်လော။ သို့သော် ထိုလူ မြင်းစီးလာပုံမှာ လွန်စွာ ကသောကမျောနိုင်လှသည်။

လောင်လီစွန်းကျိုသည် ရှေ့မှ လူများကို လှမ်းကြည့်သည်၊ လုံးဝမမြင်တော့သဖြင့် အံ့သြသွားသည်။ ရှေ့မှလူများလည်း ပျောက်ကွယ်သွားပြီ။ နောက်မှလူကလည်း ကျော်တက်သွားမည်ဆိုလျှင် လောင်လီစွန်းကျို၏ နာမည်ကို မြေမြုပ်သင်္ဂြိုဟ်ဖို့ပင်ရှိတော့သည်။ ထို့ကြောင့် သူ့မြင်းရထားကို ထပ်မံ၍ အရှိန်နှုန်း တင်ပြန်လေတော့၏။

နောက်မှ မြင်းနက်ကြီးကလည်း တဖြည်းဖြည်း မီလာသည်။ လောင်လီစွန်းကျို၏ မြင်းများကို အော်ငေါက်သံ၊ ကျာပွတ်ရိုက်သံများသည် အဆက်မပြတ် ထွက်ပေါ်လာသည်။

မကြာမီ မြင်းရထားနှင့် မြင်းနက်ကြီး ရင်ပေါင်တန်း ပြေးနေကြသည်။ အေးမြသောလေတဟူးဟူး တိုက်ခတ်နေပါလျက် လောင်လီစွန်းကျို၏ နဖူး၌ ချွေးများသီးနေသည်။

ထိုစဉ် ...

ရှေ့ဘက် ကိုက်ငါးဆယ်ခန့်အကွာ လမ်းတစ်ဖက်တစ်ချက်စီမှ လူနှစ်ယောက်စီ ခုန်ထွက်လာသည်။ သူတို့သည် တစ်စုံတစ်ခုကို ဆွဲ၍တန်းလိုက်ကြ၏။

ထိုသူများ ဆွဲတန်းလိုက်သည့် အရာကား အလွန်တရာ တုတ်ခိုင်လှသော ကြိုးကြီးတစ်ချောင်းပေတည်း။

"ဘုရားရေ ..."



လောင်လီစွန်းကျို၏မျက်လုံးများ ပြာဝေသွားသည်။ လူများသည် လမ်းဘေးတစ်ဖက်တစ်ချက်၌ ပေါက်နေသော သစ်ပင်ကြီးများကို အမှီသဟဲပြုပြီး ကြိုးများကို ဆွဲတန်းလိုက်ခြင်းသာဖြစ်သည်။

ကျွမ်းထိုးမှောက်ခုံဖြစ်သွားရမည့် မြင်းရထားကြီးသည် တဝေါဝေါ ပြေးထွက်မြဲပြေးထွက်နေ၏။ လောင်လီစွန်းကျိုသည် သူ့မြင်းဇက်ကြိုးများကို ဆွဲ၍ရပ်လိုက်သည်။

မြင်းရထားပေါ်မှ စောင်းငုံ့ကြည့်ရှုသောအခါ သူ့မြင်းရထား ကျွမ်းထိုးမှောက်ခုံမဖြစ်ရသည့်အကြောင်းအချက်ကို တွေ့ရှိရလေတော့သည်။ သူတို့ကို ကယ်တင်လိုက်သည့် မြင်းနက်ရှင်ပေတည်း။

မြင်းနက်ရှင်သည် သူ့မြင်းကြီးဖြင့် မြင်းရထားကို ကျော်တက်သွားကာ ဆွဲတန်းလိုက်သည့် ကြိုးပေါ်သို့ မြင်းကြီးဖြင့် ခုန်ကျော်သည်။ တစ်ပြိုင်တည်းလိုလိုပင် ဓားဖြင့်ကြိုးကို ဖြတ်ချလိုက်သည်။ မြင်းရထားသည် လက်မတင်ကလေး လွတ်မြောက်ခဲ့ရသည်။

သူတစ်ပါး သေကျေအောင် ဆောင်ရွက်ကြသည့် လူလေးယောက်သည် မြင်းရထားအနီးသို့ တစ်မုဟုတ်ချင်း ရောက်ရှိလာကြ၏။ ထိုလူလေးယောက်နှင့် ရင်ဆိုင်၏။

လောင်လီစွန်းကျိုသည် မြင်းနက်ရှင်ကို အသေအချာလေ့လာ၏။ အသက်နှစ်ဆယ့်လေးနှစ်ခန့် ရှိပြီး ငယ်ရွယ်နုပျိုသော မျက်နှာက လန်းလန်းဆန်းဆန်း ရှိ၏။ နဖူးမြင့်သဖြင့် တစ်နည်းအားဖြင့်

ကျက်သရေရှိသောမျက်နှာဟုလည်း ဆိုနိုင်သည်။ အဝါရောင်အင်္ကျီကို ဝတ်ဆင်ထားသည်။

လူလေးယောက်အနက်မှ အသက်အကြီးဆုံးဖြစ်ဟန်ရှိသောလူကြီးက ရှေ့သို့ထွက်လာသည်။ အဝါရောင်ဝတ်စုံနှင့် လူငယ်က ခပ်ဆတ်ဆတ်မေး၏။

"ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ"

"ရွှေပုံလွှား ... အထင်မမှားပါနဲ့၊ ကျုပ်တို့က ခင်ဗျားကို တားတာမဟုတ်ပါဘူး"

"ဘယ်သူ့ကို တားတာလဲ"

"ခင်ဗျားဘေးက မြင်းလှည်းကိုတားတာပါ"

မြင်းရထားပေါ်မှ လောင်လီစွန်းကျိသည် ဒေါသထွက်သွားပြီး လှမ်းအော်လိုက်သည်။

"ဘာပြောတယ် ... ဒီမြင်းရထားကို တားတာ ... ဟုတ်လား၊ ခင်ဗျားတို့ တယ်ပြီးသတ္တိကောင်းကြပါလား၊ ဒီမြင်းရထားပေါ်မှာ ဘယ်သူပါတယ်ဆိုတာကော ခင်ဗျားတို့ သိကြရဲ့လား"

ခေါင်းဆောင်ဖြစ်ဟန်ရှိသူ လူကြီးက အားရပါးရ အော်ဟစ်ရယ်မောလေတော့သည်။

"ဟား ... ဟား ... ဟား ... ဘာဖြစ်လို့မသိရမှာလဲ၊ သိသမှ သိပ်သိ"



လောင်လီစွန်းကျိ အံ့ဩသွားသည်။

"ခင်ဗျားတို့က ဘာသိတာလဲ၊ ဒီထဲမှာ ပါလာတဲ့ လူတော်ကနယ်နယ်ရရလူ အောက်မေ့နေလို့လား"

"ဟေ့ကောင် ... တိတ်စမ်း မြင်းရထားသမား၊ မင်း ဘာမှ ပါဖို့ မလိုဘူး၊ သူတို့က ယွန်မိသားစုနောက်ကို လိုက်နေတာကွ"

လောင်လီစွန်းကျိ မနေသာတော့ပေ။ ဤလူများသည် ယွန်ချောချောကို အနှောင့်အယှက်ပေးမည့်သူများဖြစ်ကြောင်း သေချာသွားပြီ။ ထို့ကြောင့် မြင်းရထားပေါ်မှ ခုန်ဆင်းလိုက်သည်။

လောင်လီစွန်းကျိသည် သူ့ကျာပွတ်ဖြင့် လွှဲရိုက်လိုက် သည်။

သူ့ကျာပွတ်မှ ရွှမ်းခနဲ အသံထွက်မလာပေ။

ဘယ်ထွက်လာပါ့မလဲ၊ ရန်သူလေးယောက်အနက်မှ ခေါင်းဆောင်ဖြစ်ဟန်တူသူ လူကြီးက လျှပ်တစ်ပြက် ခုန်ဝင်လာပြီး နောက်မှ လှမ်းဆွဲလိုက်သည်ကိုး။ မြင်းရိုက်ကျာပွတ်သည် မျက်လှည့်ပြလိုက်သလို ရန်သူ၏ လက်ထဲသို့ ရုတ်ခြည်းရောက်ရှိသွားတော့သည်။

"ခင်ဗျားတို့ ... "

လောင်လီစွန်းကျိသည် စကားကို ဆုံးအောင် မပြောနိုင်ချေ။ ရန်သူနှစ်ယောက်တို့သည် တံခါးကို ဆွဲဖွင့်၍နေလေပြီ။ ကျာပွတ်လုသွားသူ၏ လက်ထဲမှဓားသည် လောင်လီစွန်းကျိ၏ လည်မျိုကို ထောက်လျက်ရှိနေပြီ။

ထိုစဉ် သူတို့အနီးမှ လှုပ်ရှားမှုတစ်ခု ရိပ်ခနဲ ဖြတ်သန်းသွားလေ၏။

"ဟာ ..."

တံခါးဖွင့်သူ ရန်သူနှစ်ဦး လွင့်စဉ်ထွက်သွားပြီး တံခါးအနီး၌ အဝါရောင်ဝတ်စုံဝတ်ဆင်သည့်လူငယ် ရပ်နေကြောင်းတွေ့လိုက်ကြရသည်။ သူ့ကျော၌ ဓားတစ်ချောင်းသိုင်းလွယ်ထားသည်။

လူငယ်က ...

"ဒီပြဿနာကို အရင်မရှင်းကြနဲ့ဦး။ ကျုပ်ကို ဘာကြောင့် တားတယ်ဆိုတာ အရင်ရှင်းပါ"

ခေါင်းဆောင်ဖြစ်ဟန်တူသူရန်သူက စိတ်ပျက်လက်ပျက် ပြောသည်။

"ရွှေပျံလွှား ... ခင်ဗျားကို တားတာမဟုတ်ဘူးလို့ ကျုပ်တို့ ဘယ်နှစ်ခါထပ်ပြောရလဲ၊ ခင်ဗျားက အရင်စောပြီး ရောက်လာလို့ ခင်ဗျားကို ထားတယ်လို့ ထင်ရတာပါ၊ အခုခင်ဗျားကသာ ကျုပ်တို့ကို တားဆီးနေတာပါ၊ ကျုပ်တို့ကိစ္စကို ဝင်ပြီး မနှောင့်ယှက်ပါနဲ့"

လူငယ်က ပြုံးလိုက်သည်။ ထိုအပြုံးကြောင့် ညီညာဖြူဖွေးသော သွားများက ဖွေးခနဲပေါ်လာ၏။

"ကျုပ် ဘယ်မှာနှောင့်ယှက်လို့လဲ"



"ရွှေပျံလွှား ... မြောင်မလိမ်ပါနဲ့ မိတ်ဆွေအချင်းချင်း ရန်မဖြစ်လိုဘူး"

"ဟား ... ဟား ... ဟား ... ပေလောက်တိုင် ... ခင်ဗျားနဲ့ ကျုပ်က ဘယ်တုန်းက မိတ်ဆွေဖြစ်ခဲ့ဖူးလို့လဲ"

ပေလောက်တိုင်ဟု အခေါ်ခံလိုက်သည့် ရန်သူသည် မျက်နှာပျက်သွားသည်။ မသက်မသာမျက်နှာ၌ မချိသော အပြုံးတစ်ခု ပေါ်လာသည်။

"ထားပါတော့လေ ... ကျုပ်စကား မှားသွားတယ်လို့ပဲ သဘောထားလိုက်ပါတော့၊ 'ရွှေပျံလွှားထက်ကျင်' ဆိုတာ သစ္စာလမ်းမပေါ်မှာ သူ့စိတ်ကြိုက် သူလျှောက်နေသလို ကျုပ်တို့ 'ပေညီအစ်ကို' တစ်တွေဟာ ကိုယ့်လမ်းပေါ်မှာ ကိုယ်လျှောက်နေတဲ့ လူတွေဖြစ်ပါတယ်၊ ဒါပေမဲ့ ရွှေပျံလွှားတက်ကျင်နဲ့ ပေညီအစ်ကိုတွေဟာ ကျန်ဝူးနယ်မြေမှာ တစ်ယောက်နဲ့တစ်ယောက် ဘယ်တုန်းကမှ ရန်စောင်ခဲ့ဖူးတဲ့လူတွေ မဟုတ်ကြပါဘူး၊ ဒီတော့ အခုမှ ဘာဖြစ်လို့ ရန်ဖြစ်ရမှာလဲ၊ ကျုပ်တို့ကိစ္စပြီးသွားတဲ့အခါမှ ရွှေပျံလွှားကို ကျုပ်တို့ ထပ်ပြီး တောင်းပန်ပါဦးမယ်"

ရွှေပျံလွှားဟု တင်စားခံရသော ထက်ကျင်သည် အားပါးတရ ပြုံးလိုက်လေ၏။

"မှန်တယ် ... ခင်ဗျားတို့နဲ့ ကျုပ်နဲ့ လမ်းချင်းမတူကြဘူး၊

ကျုပ်ဟာ အဖြူလမ်းပေါ်မှာ လျှောက်တယ်၊ ခင်ဗျားတို့က အနက်ရောင်လမ်းပေါ်မှာ လျှောက်တယ်၊ လမ်းချင်းမဆုံရင်တော့ ဘာမှ ပြဿနာမဟုတ်ဘူးပေါ့၊ လမ်းချင်းဆုံရင်တော့ ပြဿနာဖြစ်ရမှာပဲ၊ ကဲ ... ကျုပ် တစ်ခုလောက် မေးစမ်းပါရစေ"

"ဘာမေးချင်လို့လဲ ... မေးပါ"

"ဒီမြင်းရထားပေါ်မှာ ဘယ်သူပါလာလို့ ခင်ဗျားတို့က လာတားနေရတာလဲ"

ပေလောက်ကိုင် အံကြိတ်၍ပြောလေ၏။

"ယွန်ကီးရဲ့ သမီးပဲ"

"ဘာ ... ယွန်ကီးရဲ့သမီး ... ဟုတ်လား၊ ယွန်ကီးဟာ ဟုတ်တန်ပြည်နယ်ရဲ့ တပ်မှူးကြီးပဲ၊ အခုတော့ ဆန်ဆီပြည်နယ်ရဲ့ နယ်စားဖြစ်သွားပြီ"

"သူက ဘာဖြစ်လို့ ဒီမြင်းရထားထဲ ပါမလာရတာလဲ"

"သူက ဆန်ဆီပြည်နယ်ကို သွားနှင့်ပြီ၊ ဒီမြင်းရထားထဲမှာ သူ့သမီးပဲ ပါတယ်"

ထက်ကျော်က ရယ်သည်။

"ဒီအဘိုးကြီးရဲ့တိုးတက်ပုံကတော့ အတော့်ကိုမြန်တာပဲ၊ မြန်လည်းမြန်လောက်တယ်လေ ... ဟုန်တန်ပြည်နယ်ရဲ့တပ်မှူးကြီးဘဝတုန်းက တိုင်းသူပြည်သားတွေရဲ့အကျိုးကို အတော် ဆောင်ရွက်



ခဲ့တာပဲ"

ထက်ကျော်က ရယ်မောနေသော်လည်း ပေလောက်တိုင်က ရှုံ့မဲ့နေသည်။

ထက်ကျော်က ဆက်ပြော၏။

"ခင်ဗျားတို့ရဲ့ ကျန်ပေဆန်းတောင်ပေါ်က ကျုံလုံပင်စခန်းကိုလည်း သူပဲဖြိုခွင်းခဲ့တာမဟုတ်လား၊ ဟား ... ဟား ... ဟား ... ကျုပ်သိပြီ ... အဲဒီအကြောင်းအတွက် ခင်ဗျားတို့တပ်မှူးကြီးကို လက်စားချေမလို့ ကြံကြတာ မဟုတ်လား"

ပေလောက်ကိုင်က အံကြိတ်ပြီး ပြောသည်။

"သိပ်သေချာတာပေါ့၊ ကျုပ်တို့ ကျုံလုံပင်စခန်းမှာရှိတဲ့ ပစ္စည်းအားလုံး မီးရှို့ဖျက်ဆီးခဲ့တဲ့အပြင် ကျုပ်တို့အဖွဲ့သား သုံး လေးဆယ်လောက် သေဆုံးသွားခဲ့ရတယ်၊ အဲဒီသွေးကြွေးကို ကျုပ်တို့ မေ့လို့ဖြစ်ပါ့မလား"

ထက်ကျော်၏မျက်နှာ၌ အပြုံးများ ခိုတွဲနေဆဲဖြစ်သည်။

"ဒီလိုတော့ ပြောလို့မရဘူးလေ၊ တပ်မှူးကြီးယွန်ကီးဟာ ဟုန်တန်ပြည်နယ်ရဲ့တရားဥပဒေစိုးမိုးရေးကိစ္စကို တာဝန်ခံထားရတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ခင်ဗျားတို့က ကျန်ပေဆန်းတောင်မှာ စခန်းချပြီး ဒီတောင်ပတ်ဝန်းကျင်မှာ သွားသမျှခရီးသည်တွေကို ဓားပြတိုက်နေကြတော့ သူက ဘယ်မှာလက်ပိုက်ကြည့်နေနိုင်မှာလဲ"

"ဒါကတော့ ကိုယ့်နယ်မြေနဲ့ကိုယ်ပဲ"

"ဘယ်လိုလုပ်ပြီး ခင်ဗျားနယ်မြေလို့ ပြောမှာလဲ၊ သူ့ကို ကောရာစ်ကြီးက တပ်မှူးကြီးခန့်ပြီး တိုင်းသူပြည်သားတွေရဲ့လုံခြုံရေးကို စောင့်ရှောက်ဖို့တာဝန်ပေးထားတာ၊ ခင်ဗျားတို့က သူ့နယ်မြေထဲက လူတွေကို နှိပ်စက်ညှဉ်းပန်းပြီး ဒုက္ခပေးနေတာ၊ သူက တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်တာ၊ ဒါကို ရန်ကြွေးလို့ မခေါ်နိုင်ဘူး"

ပေလောက်တိုင်က အေးစက်စက် ရယ်မောလိုက်လေသည်။

"သူ့တာဝန်က မြို့ကိုစောင့်ရှောက်ဖို့ပဲဗျ၊ လူဆိုးတွေကို သုတ်သင်ရှင်းလင်းဖို့မဟုတ်ဘူး၊ သူက နာမည်ကောင်းလိုချင်လို့ သူ့ကိုပေးထားတဲ့တာဝန်ထက် ပိုလုပ်တာပဲ၊ သူ့တွက်ကိန်းလည်း မှန်သွားတာပဲ၊ အခု နယ်စားဖြစ်သွားပြီမဟုတ်လား"

"ဟား .. ဟား .. ဟား ... ခင်ဗျားက ကိုယ့်ဘက်ကိုယ်ယက်ပြီး ပြောနေတာပဲ၊ သူ့ရဲ့စေတနာနဲ့လုပ်ရပ်တွေမှန်လို့ ကောရာစ်ကြီးက ပိုကြီးလေးတဲ့တာဝန်ကို ပေးလိုက်တာပဲ၊ ကျုပ် တစ်ခုရှပြောချင်တယ် ... ခင်ဗျားတို့ မကျေနပ်ရင် တပ်မှူးကြီးကို ရှာပြီး ကလဲ့စားချေပါ၊ သူ့အိမ်သားတွေကိုတော့ ဘာမှဒုက္ခမပေးပါနဲ့၊ ဒါဟာ တရားသော အမဲလိုက်ခြင်းမဟုတ်ပါဘူး"



"ကျုပ်တို့က သူ့ကို အမီလိုက်တာပဲလေ၊ ဒါပေမဲ့ ကျုပ်တို့ရောက်တော့ သူ မရှိတော့ဘူး ... သူ ခရီးထွက်သွားပြီ၊ ဒါကြောင့်မို့ နှင်ရာကို ကိုင်ရတာပဲ"

ထက်ကျင်က လှိုက်လှဲစွာ ရယ်လေတော့သည်။

"ခင်ဗျားတို့က ရန်ကြွေးအတွက် မိုင်ပေါင်းရာချီပြီး အနံ့ခံလိုက်လာကြတယ်၊ ဆန်ဆီပြည်နယ်ဟာ ဒီနယ်နဲ့သိပ်မဝေးတော့ပါဘူး၊ ဘာဖြစ်လို့ ခင်ဗျားတို့ ဆက်မလိုက်ကြတာလဲ၊ တပ်မှူးကြီးဟာ သိပ်ဝေးဝေး မရောက်နိုင်သေးပါဘူး"

ထက်ကျင်၏စကားကြောင့် 'ပေညီအစ်ကို' တစ်စုမှာ ပါးစပ်ပိတ်သွားကြလေသည်။ ဆက်ပြောမည့်စကားကို ရှာမရဘဲ ဖြစ်ကုန်သည်။

အတန်ကြာမှ ပေလောက်ကိုင် စကားပြောနိုင်သည်။

"အို ... ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကတော့ အခဲမကျေနိုင်ဘူး၊ ကျုပ်တို့အဖွဲ့သား သုံးလေးဆယ်အတွက် ပြန်ပြီး လက်စားချေရမယ်၊ ဟောဒီ မြင်းရထားထဲမှာ ယွန်ကီးရဲ့အချစ်ဆုံးသမီး ပါလာတယ်၊ သူ့ကို ဖမ်းရမယ်"

ထက်ကျင့်၏မျက်နှာမှာ ရုတ်ခြည်းတည်သွားသည်။

"ရန်ကြွေးအတွက် ဇနီးသားသမီးကို လက်စားမချေသင့်ဘူး၊ ကျန်ရှူးနယ်မြေမှာ လုပ်ချင်တိုင်းလုပ်လို့မရဘူးဆိုတာတော့

ခင်ဗျားတို့ သဘောပေါက်မှာပါ၊ အထူးသဖြင့် ကျုပ်ရှေ့မှာ လုပ်ချင်တိုင်းလုပ်လို့မရပါဘူး"

ပေလောက်တိုင် အကြီးအကျယ် မျက်နှာပျက်သွားလေတော့၏။ အဘယ်မှာလျှင် မျက်နှာမပျက်ဘဲ ရှိပါအံ့နည်း။ ရွှေပျံလွှားထက်ကျင်က သူတို့အား အတိအလင်း စစ်ကြေညာလိုက်ပြီ မဟုတ်ပါလား။

"သူရဲကောင်းကြီး ရွှေပျံလွှားထက်ကျင် ... "

ပေလောက်တိုင်၏အသံက မာကျောနေ၏။

"ဘာလဲဗျ"

"ခင်ဗျားအနေနဲ့ ဒီကိစ္စမှာ ဓားခုတ်ရာ လက်ဝင်လျှိုဖို့ ဆုံးဖြတ်လိုက်ပြီလား"

"ဟုတ်တယ်၊ ကျုပ်ဆုံးဖြတ်လိုက်ပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ရဲ့အပြုအမူက တရားသောအမဲလိုက်ခြင်း မဟုတ်လို့ဘဲ"

ပေလောက်တိုင်၏နောက်၌ရပ်နေသည့်လူတစ်ယောက်က ရှေ့သို့တိုးလာပြီး ခက်ထန်စွာပြောသည်။

"ထက်ကျင် ... ခင်ဗျားကိုယ်ခင်ဗျား ရွှေပျံလွှားဘွဲ့ ရနေလို့ ဘဝင်မြင့်နေသလား။ ခင်ဗျားဟာ ပြည်မသိုင်းလောကသား မဟုတ်ပါဘူး။ ဒါပေမဲ့ ကျုပ်တို့က ခင်ဗျားကို လေးလေးစားစား ဆက်ဆံတယ်၊ တစ်ခုတော့သတိထားပါ ... ခင်ဗျားကို ကျုပ်တို့ကြောက်လို့



မဟုတ်ဘူးဆိုတာ"

ပေလောက်တိုင်က သူ့ညီအား ဟန့်တားလိုက်၏။

"ညီလေး ... အသာနေစမ်း"

သူသည် ရွှေပျံလွှားထက်ကျင်အား လှမ်းပြောသည်။

"ထက်ကျင် ... ခင်ဗျား နောက်ဆုတ်လိုက်ပါ၊ ခင်ဗျားအတွက် ကျုပ်တို့ မမေ့ပါဘူး"

ထက်ကျင်က ကျေနပ်စွာရယ်မောနေ၏။

"အခုမှပဲ ကျုပ်ကြားချင်တဲ့စကားကို ကြားရတော့တယ်၊ ကျန်ဝူးနယ်မြေရဲ့စည်းကမ်းချက်အရ ဒီကိစ္စမှာ ကျုပ်အနေနဲ့ ဘယ်လောက်ရသင့်သလဲ၊ ကျုပ်ဝေစု ဆိုပါတော့ဗျာ"

ပေလောက်တိုင်က တက်ကြွစွာပြောသည်။

"ရွှေဒင်္ဂါးတစ်ထောင် ... "

"ဟား ... ဟား ... ဟား ... ခင်ဗျားတို့က တယ်ပေးနိုင်ပါကလား၊ တပ်မှူးကြီးယွန်ကီးရဲ့ တစ်အိမ်လုံးမြေလှန်ရှာတောင် ရွှေဒင်္ဂါးတစ်ထောင်ရမယ်လို့ ကျုပ်မထင်ဘူး"

"ကျုပ်တို့က ယွန်ကီးဆီက ရွှေဒင်္ဂါးတစ်ထောင်ရအောင် ယူမှာမဟုတ်ပါဘူး၊ ဟောဒီမြင်းရထားပေါ်က မိန်းကလေးကိုပဲ အလိုရှိတယ်၊ သူ့ကိုရရင် ရွှေဒင်္ဂါးတစ်ထောင် ထုတ်ပေးမယ့်လူက အဆင်သင့်ပဲ၊ ဒါကြောင့် ကျုပ်တို့က ပေးနိုင်တာပါ"

ထက်ကျင်က အံ့သြသွားသည်။

"ထုတ်ပေးမယ့်သူအဆင့်သင့်ရှိတယ် ... ဟုတ်လား"

"ရှိတယ်"

"ဘယ်မှာလဲ"

ပေလောက်တိုင်သည် ရုတ်တရက်ပြောတော့မည်ပြုပြီးမှ ရုတ်တရက်အရှိန်သတ်သွားသည်။ ပေလောက်တိုင်၏နောက်မှ လူက ရှေ့သို့ထွက်လာပြီး အဖြေပေးရန်ပါးစပ်ပြင်လိုက်သည်။

"လောက်ယီ ... "

ပေလောက်တိုင်၏အော်သံသည် မိုးခြိမ်းသံကဲ့သို့ မြည်ဟည်းထွက်လာ၏။ လောက်ယီကား ပေညီအစ်ကိုလေးယောက်အနက် ဒုတိယမြောက်လူဖြစ်၏။ ပေလောက်ယီမှာ သူ့နာမည်အပြည့်အစုံဖြစ်ပေသည်။

ပေလောက်ယီသည် သူ့အစ်ကိုကြီး၏အော်ငေါက်သံကြောင့် အလန့်တကြားနောက်ဆုတ်သွားသည်။ သို့သော် အလျှော့မပေးသေးဘဲ ဆင်ခြေတက်လိုက်သေးသည်။

"အစ်ကိုကြီး ... သူက ... "

"တိတ်စမ်းပါ။ ထက်ကျင်က မင်းကို အပြောင်အပျက် ပြောနေတာကွ၊ သူ တကယ်တမ်းရွှေဒင်္ဂါးတစ်ထောင်လိုချင်လို့ ပြောနေတာမဟုတ်ဘူး"



"အစ်ကိုကြီး ကျွန်တော်တို့ငွေအတွက် အလုပ်လုပ်နေကြတာပဲ၊ ထက်ကျင် အနှောင့်အယှက်မပေးဘူးဆိုရင် သူ့ကို ရွှေဒင်္ဂါးတစ်ထောင် ခွဲပေးလို့ ကျွန်တော်တို့ မနစ်နာလှပါဘူး"

"ခွေးကောင် ... တိတ်စမ်း၊ စောစောက မင်းပြောမယ့်အကြောင်းအရာက ရွှေဒင်္ဂါးတစ်ထောင်ကိစ္စလား၊ ရွှေဒင်္ဂါးတစ်ထောင်ကို ငါပေးမယ်လို့ပြောပြီးပြီ၊ သူက ဘယ်သူထုတ်ပေးတာလဲလို့မေးနေတာမဟုတ်လား၊ တကယ်တော့ သူဟာ ရွှေဒင်္ဂါး တစ်ထောင်ကို မမက်ဘူးကွ၊ ငါတို့နောက်က ဘယ်သူရှိသလဲဆိုတာကို ကြည့်နေတာ"

ပေလောက်ယီ စိတ်ညစ်သွားသည်။

"ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

ပေလောက်တိုင်က လက်ကိုတစ်ချက်ဝှေ့ယမ်းလိုက်ပြီး ...

"လွယ်လွယ်လေးပဲ၊ မင်းရော၊ လောက်စန်းရော၊ လောက်စီရော သုံးယောက်စလုံးပြိုင်တူတက်၊ ထက်ကျင်ကို အသေသတ်ပစ်လိုက်"

ပေညီအစ်ကိုများမှာ တစ်သွေးတစ်သံတစ်မိန့်တည်း ကြီးပြင်းခဲ့ရသူများဖြစ်၍ အစ်ကိုအကြီးဆုံး အမိန့်ရသည်နှင့် တစ်ပြိုင်နက် ဓားကိုယ်စီဆွဲကာ ရွှေပျံလွှားထက်ကျင်ထံသို့ ခုန်ပျံဝင်ရောက်သွားကြလေ၏။

ထိုပေညီအစ်ကိုများ၏ ဇာတ်မြစ်ကား အဘယ်သို့နည်း။

ပေညီအစ်ကိုဟု ထင်ရှားသော ပေလောက်တိုင်၊ ပေလောက်ယီ၊ ပေလောက်စန်းနှင့် ပေလောက်စီတို့သည် ရွှေပျံလွှား ထက်ကျင်ကဲ့သို့ ပြည်မသိုင်းလောကသား မဟုတ်ပေ။ သူတို့နှင့် ရွှေပျံလွှားထက်ကျင်တို့သည် ပြည်မ၏ ပြင်ပသိုင်းလောကသား ချည်းများသာဖြစ်ကြသည်။

သို့သော် မတူသည့်အချက်မှာ ရွှေပျံလွှားထက်ကျင်က သစ္စာဘက်တော်သား သိုင်းသမားဖြစ်ပြီး သူတို့က သစ္စာပျက် သိုင်းသမားများဖြစ်နေကြခြင်းပင်။ ရှင်းရှင်းဆိုရလျှင် သူတို့သည် ဓားပြခေါင်းဆောင်လေးယောက်သာ ဖြစ်ကြသည်။

ဓားပြဆိုသော် သူတို့သည် သိုင်းပညာစွမ်းလည်း မသေးပေ။ ရက်စက်ကြမ်းကြုတ်မှုနှင့် အသင့်အတင့်သော သိုင်းပညာတို့ကို ပေါင်းစပ်လိုက်သောအခါ 'ပေညီအစ်ကို' ဟူသော နာမည်သတင်းသည် ပြည်မသို့ပင် ထိုးဖောက်ပျံ့နှံ့လာခဲ့လေ၏။

ယခု ...

ပေညီအစ်ကိုသုံးဦးက သူသေကိုယ်သေ တိုက်ကွက်များကို သုံး၍ ရွှေပျံလွှားထက်ကျင်အား တိုက်ခိုက်သည်။ ထက်ကျင်၏ဓားသည် ပြုံးခနဲ ... ပြက်ခနဲ ထွက်လာ၏။ ပေညီအစ်ကိုသုံးဦး၏ ဓားများသည် အချိန်မီဟန့်တားလိုက်နိုင်သည်။



သို့သော် ...

မြင်းရထား၏ တံခါးပေါက်များကိုတော့ သူ အကာအကွယ် မပေးနိုင်သေးပေ။

အဘယ်ကြောင့်ဆိုသော် ...

ပေလောက်တိုင်ဟူသော အကြီးဆုံး ဓားပြကြီးက မြင်းရထားတံခါးပေါက်သို့ ရောက်ရှိသွားနိုင်သောကြောင့် ဖြစ်သည်။

တစ်ယောက်နှင့်သုံးယောက် တိုက်ခိုက်သော တိုက်ပွဲ၏ အဖြေသည် ချက်ချင်း ထွက်ပေါ်မလာသေးပေ။

သို့သော် ...

သုံးယောက်နှင့် တစ်ယောက်ဟူသော အရေအတွက်က တစ်ဖက်စောင်းနင်းဖြစ်နေသည်ကတော့ အမှန်ပင်။

ပေလောက်တိုင်တို့ ညီအစ်ကိုများသည် မုဆိုးများဖြစ်၏။

ရွှေပျံလွှားထက်ကျင်က အမဲကောင်ဟု ဆိုကြပါစို့။ အမဲတစ်ကောင်အား မုဆိုးသုံးယောက်က ဝိုင်းလိုက်ခြင်းကို တရားသော အမဲလိုက်ခြင်းဟု ခေါ်ဆိုနိုင်ပါမည်လော။

❖ ❖ ❖

## အခန်း (၃)

## ထူးဆန်းသော အဆိပ်ဓာတ်ရာ

"ဟေ့ ... မြင်းရထားဆရာ ... မင်းဘာငေးနေတာလဲ၊ ဘာဖြစ်လို့ မင်းရဲ့မြင်းရထားကို ရပ်ထားရတာလဲ၊ ဒီနေရာမှာ ဆက်ပြီး လေညင်းခံဦးမလို့လား"

ရွှေပျံလွှား ထက်ကျင်၏ အော်ဟစ်ကြိမ်းမောင်းသံသည် ကြက်သေသေ ငေးမောနေသော လောင်လီစွန်းကျိအား လှုပ်နိုးလိုက်သကဲ့သို့ ဖြစ်လေ၏။

သူသည် မြင်းရထားပေါ်သို့ ကပျာကယာ ခုန်တက်ပြီး မြင်းရထားကို ဆွဲကွေ့သည်။

ထို့နောက် တစ်ရှိန်ထိုး မောင်းထွက်ပြေးသွားလေတော့၏။

ပေလောက်တိုင်က တဟားဟား အော်ဟစ်ရယ်မောလေတော့၏။

"လောက်ယီ ... မင်းတို့ သုံးယောက်က ဒီသတ္တဝါကို အပြတ်ရှင်းထားလိုက်၊ ငါက မြင်းရထားနောက် လိုက်မယ်"



စကားဆုံးသည်နှင့် ပေလောက်တိုင်က မြင်းရထားနောက်သို့ တစ်ရှိန်ထိုး လိုက်လေတော့၏။

ရွှေပျံလွှား ထက်ကျင်၏ မျက်နှာ၌ အပြုံးရိပ်တစ်ခုပေါ်လာသည်။

သူ ဘာကိုကျေနပ်၍ ပြုံးသည်ကို သူ့ဘာသာသူ သိလိမ့်မည်။

ထိုအပြုံးနှင့်အတူ သူ့ဓားသည် လျှပ်စီးလက်သလို လှုပ်ရှားသွားသည်။

"အား"

တိုက်ပွဲစည်းအပြင်သို့ ခုန်ထွက်လာသူမှာ ပေလောက်ယီဖြစ်၏။

သူသည် လက်တစ်ဖက်ဖြင့် နားကိုအုပ်ထားသည်။

အုပ်ထားသည့် လက်ချောင်းများအကြားမှ နီရဲသောသွေးများ ယိုစီးကျနေသည်။

ပေလောက်ယီ၏ နားရွက်တစ်ဖက် ပြတ်ထွက်သွားခဲ့ရချေပြီ။

နောင်တွင်နားရွက်ပြတ်လောက်ယီဟု အမည်တွင်ပေတော့မည်။

ပေလောက်စန်းမှာ ပါး၌ သုံးလက်မခန့် ရှည်သော ဓား

ဒဏ်ရာကြီး ရလိုက်၏။ ပေလောက်စီမှာ လက်မောင်း၌ ဒဏ်ရာကြီးတစ်ချက် ရလိုက်၏။

သုံးယောက်စလုံးတိုက်ခွမ်းအား ကုန်သွား၏။ မတရားသော အမဲလိုက်ခြင်းကိစ္စတွင် မုဆိုးများ ရှုံးနိမ့်သွားခဲ့ရချေပြီ။

ပေလောက်ယီမှာ ဒေါသဖြင့် အော်ဟစ်ကြိမ်းမောင်းလိုက်လေ၏။

"ထက်ကျင် ... မင်းလုပ်ခဲ့တဲ့အလုပ်ကို မင်းသေသေချာချာ မှတ်ထားပါ၊ ဒါကိုငါတို့ကတော့ ဒီတသက်မဟုတ်ဘူး၊ နောင်ဆယ်သက်လည်းမမေ့ဘူး"

"ထက်ကျင်က တဟားဟားရယ်ရင်း နောက်ကျော၌ ချိတ်ဆွဲထားသည့် ဓားအိမ်ထဲသို့ ဓားကို နောက်ပြန်ထည့်လိုက်သည်၊

"ကျုပ်ကတော့ မှတ်ထားဖို့မလိုဘူး၊ ခင်ဗျားတို့ပဲ မှတ်ထားဖို့လိုတယ်၊ အဲဒါကို မမေ့အောင် ခင်ဗျားတို့ကို အမှတ်တရ လက်ဆောင်တွေ ပေးလိုက်တာပဲ၊ ကျုပ်သာ တကယ်လုပ်ချင်ရင် ခင်ဗျားတို့ရဲ့ ခေါင်းသုံးလုံးဟာ စောစောကတည်းက မြေပေါ်ရောက်နေပြီ အဲဒီလိုသာလုပ်ခဲ့ရင် ခင်ဗျားတို့ ခုနေ စကားပြောနိုင်တော့မှာ မဟုတ်ဘူး"

ထက်ကျင်၏ စကားကိုကြားရသောအခါ ပေလောက်ယီသည် ဆွေ့ဆွေ့ခုန် ဒေါသထွက်သွားတော့၏။



"ထက်ကျင် ... မင်း တကယ်သတ္တိရှိရင် ငါတို့ကို သတ်လိုက်စမ်းပါ၊ ငါတို့ဟာ ကျန်ဖေဆန်းတောင်ပေါ်မှာတုန်းက ယွန်ကီးရဲ့ တိုက်ခိုက်မှုကိုခံရတုန်းက အခြေအနေမျိုးတော့ မဟုတ်ပါဘူးကွ၊ ငါတို့သေတာနဲ့ မင်းလည်းဒုက္ခရောက်ပြီ မှတ်လိုက်စမ်းပါ"

ထက်ကျင် ရုတ်တရက် အရယ်ရပ်သွားသည်။ မျက်လုံးများ၌ အေးစိမ့်သော အရောင်တစ်မျိုးထွက်ပေါ်လာသည်။ သူ့နှုတ်ထွက်စကားကလည်း အေးစိမ့်လာသည်။

"ပေလောက်ယီ ... ခင်ဗျားပါးစပ်ဟလိုက်တာနဲ့ ခင်ဗျားနဲ့ ဗိုက်ထဲမှာ အူဘယ်နှစ်ခွေ ရှိသလဲဆိုတာ ကျုပ်သိတယ်၊ ခင်ဗျားတို့ နောက်မှာ ဘယ်သူရှိနေတယ်ဆိုတာ ကျုပ်မသိဘူးလို့ထင်နေလို့ ..."

"ခင်ဗျားတို့ ယွန်မိသားစုကို လိုက်ပြီးဒုက္ခပေးနေတာဟာ တပ်မှူးကြီးယွန်ကီးက ခင်ဗျားတို့ ကျုံလုံပင်စခန်းကို ဖျက်ဆီးခဲ့တဲ့ အကြေးအတွက် လိုက်ဒုက္ခပေးနေတာ မဟုတ်ဘူးဆိုတာကို ကျုပ် ကောင်းကောင်းကြီးသိတယ်၊ ခင်ဗျားတို့ရဲ့ သခင်သစ်ကို ကျုပ်က မှုမယ်များထင်သလား၊ နောက်တစ်ခါ ငါတို့ကို သတ်ရဲ သတ်ကြည့်စမ်းလို့ ပြောကြည့်။ ခင်ဗျားနဲ့လျှာကို အရင်ဖြတ်ပြီးမှ ခေါင်းကို ဖြတ်ပစ်မယ်"

ထက်ကျင်သည် သူ့ဓားကို ဒေါနှင့်မောနှင့် ဆွဲထုတ်လိုက်၏။

ဓားထုတ်ပုံမှာ လွန်စွာလျင်မြန်လှ၏။

ပေလောက်ယီ၊ ပေလောက်စန်းနှင့် ပေလောက်စီတို့သည် ဟန်ပင်မဆောင်ရဲတော့ဘဲ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးထွက်သွားလေတော့သတည်း။

ထက်ကျင်သည် သူ့ဓားကို ဓားအိမ်ထဲသို့ ဖြောင်းခနဲထည့်လိုက်ပြီး ကျေနပ်စွာပြုံးလိုက်သည်။

ထို့နောက် လမ်းဘေးရှိ နှင်းဖုံးနေသည့် ချုံပုတ်များဆီသို့ တစ်ချက်လှမ်းကြည့်ကာ ပြောလိုက်သည်။

"လုံမလေးယွန်ချောချော ... မင်းထွက်ချင်ထွက်လာနိုင်ပါပြီ၊ နှင်းဖုံးနေတဲ့ ချုံပုတ်ထဲဝင်နေရတဲ့ဒုက္ခက တကယ်တော့ မသေးလှပါဘူး"

နှင်းဖုံးနေတဲ့ ချုံပုတ်ကြီးတစ်ခုသည် တလှုပ်လှုပ်ခါယမ်းသွား၏။

နှင်းပွင့်နှင်းဖတ်များ လွင့်စဉ်သွားသည်။

လှပသော ခန္ဓာကိုယ်လေးတစ်ခုသည် ချုံကြားထဲမှ ထွက်ပေါ်လာ၏။

နက်မှောင်သော မျက်ခုံး၊ ရွှန်းလဲ့တောက်ပသော မျက်ဝန်း၊ ဖြောင့်စင်းသောနှာတံနှင့် ပါးလျားနီထွေးသော နှုတ်ခမ်းကလေးများသည် ထိုမိန်းကလေး၏မျက်နှာအလှကို အစွမ်းကုန်ဖြည့်ဆည်း



လျက်ရှိလေသည်။

သူမ၏နှုတ်ခမ်း၌ အပြုံးကလေးတစ်ခု ခိုတွဲနေသေးသည်။

သူမက မကြောက်မရွံ့ ကျေးဇူးတင်စကားပြောကြားသေး၏။

"သူရဲကောင်းကြီးသာ အခုလိုဝင်ပြီးအကူအညီမပေးရင် ကျွန်မတို့ အတော်ကလေး ကသောင်းကနင်းဖြစ်မှာ သေချာပါတယ်၊ ကျွန်မ အများကြီးကျေးဇူးတင်ပါတယ်ရှင်"

အာဂမိန်းကလေးပေတည်း။

လွန်စွာ သည်းထိတ်ရင်ဖိုဖွယ်ကောင်းသော အဖြစ်အပျက်ကြီးနှင့် ကြုံတွေ့ရသော်လည်း သူမသည် လုံးဝတ္တုန်လှုပ်မသွားခဲ့ပေ သာမက ကြောက်ရွံ့မှုကင်းစွာ ပြုံးလိုက်သည်။

ထက်ကျင်က လက်ကိုခါယမ်းပြပြီး ...

"ကျေးဇူးတင်စရာမလိုပါဘူး၊ ဒါက အခြေအနေအရပဲလေ"

ယွန်ချောချောသည် သူမ၏ကိုယ်ပေါ်၌ လွှမ်းခြုံထားသည့် အနွေးထည်ပေါ်မှ ဆီးနှင်းများကို ခါချပစ်လိုက်သည်။

"ကျွန်မလည်း သိပ်ကံကောင်းပါတယ်ရှင်၊ တောဒီ မြေခွေးဖြူရဲ့အရေခွံနှင်းကာ အင်္ကျီကိုယူခဲ့မိတာ သိပ်အဆင်ပြေသွားတယ်၊ သူက ဆီးနှင်းနဲ့တစ်ရောင်တည်းဖြစ်နေတာ၊ သူတို့သူရဲကောင်းကြီးနဲ့ စကားအခြေအတင်ပြောနေတုန်း လှည်းထဲက အောင်အောင်

မြင်မြင် ထွက်နိုင်ခဲ့ပါတယ်၊ ဒီပြင်အရောင်သာဆို သူတို့သတိပြု မိမှာ သေချာတယ်"

"ဟား .. ဟား .. ဟား ... လုံမလေး ရထားပေါ်က ဆင်း သွားတဲ့ဟန်ကို ရိပ်ခနဲတွေ့လိုက်ကတည်းက ဒီခားပြလေးယောက် လောက်တော့ လွယ်လွယ်ကူကူ အနိုင်ယူနိုင်မယ်ဆိုတာ သိလိုက် ပါတယ်"

ယွန်ချောချော၏မျက်နှာ၌ အံ့သြသည့်အရိပ်အရောင် ကလေး ပေါ်လာသည်။

"ကျွန်မရဲ့ဖခင်ဟာသိုင်းပညာအသင့်အတင့် တတ်မြောက် ပါတယ်၊ ကျွန်မဖေဖေဆီက ကျွန်မလည်း အသင့်အတင့် သင်ယူ တတ်မြောက်ခဲ့ပါတယ်၊ ဒါပေမဲ့ ဒီပညာကို ဘယ်တုန်းကမှ လက် တွေ့အသုံးမချနိုင်ခဲ့ပါဘူး၊ ဒီနေ့ သူရဲကောင်းကြီးသာ ဝင်မကူရင် ကျွန်မအနေနဲ့ အတော်ကလေး ဒုက္ခရောက်နိုင်ပါတယ်၊ တိုက်ပွဲ အတွေ့အကြုံမရှိတဲ့ သိုင်းပညာဟာ သေရေးရှင်ရေးကိစ္စမှာ ဒေါင် ဒေါင်မြည်အားကိုးနိုင်မယ်လို့ ကျွန်မမထင်ပါဘူး"

ထက်ကျင်သည် မည်သည့်စကားမျှမပြောဘဲ ပြုံး၍ နား ထောင်နေ၏။

ယွန်ချောချောက ဆက်ပြော၏။

"သူရဲကောင်းကြီးရှင့် ... မြင်းရထားကြီးထဲမှာ ကျွန်မရဲ့



အိမ်ဖော်မလေး ကျင်းလီပါသွားပါတယ်၊ ဟို ဓားပြခေါင်းဆောင် ပေလောက်တိုင်လည်း နောက်ကပါသွားပါတယ်၊ သူရဲကောင်းကြီး အနေနဲ့ ကျေးဇူးပြုပြီး ကူညီကယ်တင်ပေးပါဦးရှင်"

"ပေလောက်တိုင်သာ မြင်းရထားကို တကယ်မိသွားရင် သူ့လောက်ကံဆိုးတဲ့သူရှိမှာ မဟုတ်တော့ဘူး"

ယွန်ချောချောက အံ့သြသံလေးဖြင့် မေးလိုက်ပါသည်။

"ဘာများဖြစ်လို့ပါလဲရှင်"

"လုံမလေးတို့ဟာ ထန်တီးဂိုဏ်းရဲ့အဖွဲ့ဝင်တွေပဲ၊ ထန် တီးဂိုဏ်းဝင်တွေဟာ ဆီးနှင်းပုလဲ အဆိပ်လက်နက်ပုန်း ပစ်ခတ်တဲ့ နေရာမှာ သိပ်ထက်မြက်ကြသတဲ့၊ ကျင်းလီဟာ ဒီပညာကို အနည်း အကျဉ်းတော့တတ်မှာပါ"

ယွန်ချောချော မျက်နှာပျက်သွားပြီး သူ၏အင်္ကျီအိတ်ထဲ သို့ လက်နှိုက်မိသွားလေ၏။

ထက်ကျင်က ရယ်ပြီးပြောလေ၏။

"ဘာလဲ ... လုံမလေးက ကျုပ်ကို ဆီးနှင်းပုလဲ အဆိပ် လက်နက်ပုန်း ဆုချမလို့လား"

ယွန်ချောချောလက်များ အပြင်သို့ ဆတ်ခနဲထွက်လာ၏။

လက်ထဲ၌ မည်သည့်လက်နက်မျှပါမလာပေ။

သူမက မျက်နှာနီနီဖြင့် တောင်းပန်လေ၏။

"သူ့ရဲ့ကောင်းကြီး ထက်ကျင် ... ကျွန်မတောင်းပန်ပါတယ်၊ ဆီးနှင်းပုလဲ အဆိပ်လက်နက်ပုန်းအကြောင်းတော့ ထပ်မပြောပါနဲ့တော့ရှင်"

သူမ စကားဆုံးသည်နှင့် ချောင်ဟုန်စွန်းတောင်ပေါ်လမ်းသို့ လှည့်၍ တက်သွားလေတော့၏။ ထက်ကျင်က လျှပ်တစ်ပြက်ခုန်ထွက်ပြီး ယွန်ချောချော၏ရှေ့မှ ကာဆီးလိုက်လေသည်။

"လုံမလေး ဘယ်သွားမလို့လဲ၊ စောစောက ပေညီအစ်ကိုသုံးယောက်ဟာ ဒီတောင်ပေါ်လမ်းကိုပဲ ပြေးသွားတယ်၊ ပေညီအစ်ကိုသုံးယောက်ရဲ့ နောက်လိုက်နောက်ပါတွေဟာ တောင်ထိပ်မှာချုံခိုစောင့်ဆိုင်းနေရင် လုံမလေး ဒုက္ခဖြစ်လိမ့်ဦးမယ်"

ယွန်ချောချောသည် ထိုအချက်ကို တွေးထားမိဟန် မရှိပေ။ ထက်ကျင် ပြောသောအခါမှ စဉ်းစားမိသွားပြီး တုန်လှုပ်သွားသည်။ သို့သော် သူမသည် ချက်ချင်း ဣန္ဒြေပြန်ဆည်နိုင်သည်။

"အခုလို အသိပေးတာကို ကျေးဇူးတင်ပါတယ်ရှင်၊ သူတို့ တောင်ထိပ်မှာ စောင့်ဆိုင်းနိုင်တယ်ဆိုတဲ့အချက်ကို သိထားပြီးရင်တော့ သတိထားလို့ရပါပြီ"

သူမသည် ထက်ကျင်အား တိုးဝှေ့ဖယ်ရှားပြီး တောင်ပေါ်သို့ တက်ရန် ဟန်ပြင်သည်။ ထက်ကျင်က အံ့အားသင့်သော အမူအရာဖြင့် မေးသည်။



"လုံမလေး ... တောင်ပေါ်ကို မတက်လို့ မဖြစ်ဘူးလား"

ယွန်ချောချောက ခေါင်းတစ်ချက်ညိတ်ပြ၏။

"တခြားနည်းလမ်း မရှိတော့ပါဘူး၊ ကျွန်မမေမေရဲ့ ကျန်းမာရေးအတွက် ဖြစ်နေတော့ ဘာဘေးရန်ပဲရှိနေရှိနေ ကျွန်မကတော့ တောင်ပေါ်တက်ရမှာပဲ"

ရွှေပျံလွှား ထက်ကျင်၏ မျက်နှာ၌ စိတ်ပျက်သော အမူအရာ ပေါ်လာသည်။ သူ ဘာကို စိတ်ပျက်သည်ကို သူ့စကားက ဖော်ပြလာသည်။

"လုံမလေး ... တောင်ပေါ်မှာ မယ်တော်နတ်သမီး နတ်ကွန်းရှိတယ်၊ သူ့ကို သွားပြီး ပူဇော်သက္ကာရပြုတာကိုတော့ ကျုပ်ဘာမှမပြောလိုပါဘူး၊ ဒါပေမဲ့ အဲ့ဒီအတွက်တော့ မယ်တော်နတ်သမီးက လုံမလေးကို ဘာမှပြန်ပေးလိမ့်မယ် မထင်ဘူး"

သူ့စကားဆုံးသောအခါ ယွန်ချောချော ပြုံးမိလေ၏။ သူ့အပြုံးက သူမ၏ဝမ်းတွင်းရှိ အခြေအနေကို ဖော်ပြနိုင်ခြင်း မရှိပါ၊ သူမ ထုတ်မပြောလျှင် ရွှေပျံလွှားထက်ကျင် သိရှိလိမ့်မည် မဟုတ်ပါ။

"နတ်ကွန်းမှာ ဆုတောင်းလို့ ကျွန်မမိခင်ရဲ့ ကျန်းမာရေးပြန်ကောင်းနိုင်မှာ မဟုတ်ဘူးဆိုတာ ကျွန်မသိပါတယ်ရှင်"

"ဗျာ ... ဒါဖြင့် လုံမလေးက ဘာဖြစ်လို့ အတင်းရှေ့ဆက်တက်နေရတာလဲ"

"အမှန်တိုင်း ပြောရမယ်ဆိုရင်တော့ မေမေက ရိုးရိုး နာမကျန်းဖြစ်တာ မဟုတ်ပါဘူးရှင်၊ လက်နက်ပုန်းနဲ့ လုပ်ကြံခြင်း ခံထားရတာပါ"

တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်လှသော ရွှေပျံလွှား ထက်ကျင်တစ်ယောက် တုန်လှုပ်ချောက်ချားသွားရလေ၏။

"ဘယ်လို လက်နက်ပုန်း ထိမှန်ခံရတာလဲ"

"မသိပါဘူးရှင်၊ ဒဏ်ရာရတဲ့ နေရာမှာ အစက်ကလေး နှစ်စက်တွေ့ရတယ်၊ အဲ့ဒီနေရာတစ်ဝိုက်မှာ နီရဲပြီး ယောင်နေတယ်၊ လူကတော့ သတိလစ်နေတာကြာပြီ၊ မေမေ့ တစ်ကိုယ်လုံးဟာလည်း တရှိန်ရှိန်ပူနေတာပဲ"

ယွန်ချောချောသည် အားငယ်ညှိုးလျှစွာဖြင့် တတွတ်တွတ် ပြောနေ၏။

ထက်ကျင်က ...

"လုံမလေး ... မင်းရဲ့ ဖခင်ဟာ ထန်တီးဂိုဏ်းက တပည့်တစ်ယောက်ပဲ၊ ဒီအဆိပ်ဒဏ်ရာကို သူကုနိုင်ရမယ်၊ ဒီကုသနည်းကို သူသိရမယ်"

ယွန်ချောချော ခေါင်းခါသည်။

"ဟင့်အင်း ... ဖေဖေ မကုနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မေမေ့ဒဏ်ရာပျောက်ကင်းဖို့အတွက် မေမေ့ဘာသာ ချောင်ဟုန်စွန်း



တောင်ပေါ်ကိုသွားပြီး ချောက်ထောင်လင်းဆိုတဲ့ ဆရာကြီးတစ်ယောက်ဆီမှာ ကုသရမယ်တဲ့"

"ချောက်ထောင်လင်း"

ထက်ကျင်က လေးနက်စွာ စဉ်းစားပြီး ပြောလေ၏။

"ချောက်ထောင်လင်း ဆိုတဲ့နာမည်ဟာ ကျန်ုပ်မှာ မရှိပါဘူး၊ သူက ဘယ်ကရောက်လာတာလဲ"

"ကျွန်မလည်း မသိပါဘူး၊ ကျွန်မလည်း ကျန်ုပ်သူမှ မဟုတ်ဘဲ၊ ကျန်ုပ်နယ်မြေဟာ ကျွန်နဲ့ အလွန်ပဲစိမ်းပါတယ်၊ ဖေဖေမှာသွားတဲ့အတိုင်း လုပ်ဖို့ပဲ ကျွန်မသိတယ်၊ မေမေ အိပ်ရာထဲ မထနိုင်တော့ဘဲ ချောင်ဟုန်စွန်းတောင်ကို လာရတာပေါ့"

ထက်ကျင် တစ်ချက်စဉ်းစားသည်။

"လုံမလေး ... မင်းရဲ့အဖေ မှားတာပဲ၊ ဘာဖြစ်လို့ မင်းက သွားအစား သွားရတာလဲ"

ယွန်ချောချောသည် ထိုအချက်ကို သိပ်မပြောချင်ပေ။ သူ့မဖခင်သည် တာဝန်နှင့်ဝတ္တရားကို အလွန်လေးစားသူဖြစ်၏။

တာဝန်နှင့်ပတ်သက်လာလျှင် တာဝန်ကို ဦးစားပေးလေ့ရှိသည်။ မိသားစုအရေးကို ဦးစားပေးလေ့မရှိပေ။

ယွန်ချောချောက ...

"ချောက်ထောင်လင်းဟာ ချောင်ဟုန်စွန်းတောင်ပေါ်မှာ

အမြဲနေတာ မဟုတ်ပါဘူး"

"ဟင် ... ဒါဖြင့် မင်းလာတာလည်း စိတ်မချရဘူးပေါ့"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ချောက်ထောင်လင်းဟာ အနယ်နယ်အရပ်ရပ်ကို အမြဲတမ်းခရီးထွက်သတဲ့၊ ဘယ်လောက်ပဲ ခရီးထွက်ထွက် ဒီနေ့ဒီရက်မှာတော့ ချောင်ဟုန်စွန်းတောင်ကို ပြန်လာလေ့ရှိသတဲ့၊ ဒါပေမဲ့ မှန်းတိမ်းတာနဲ့ ချောင်ဟုန်စွန်းတောင်က ပြန်ထွက်လာတာပဲတဲ့၊ ဖေဖေ ဒီနေ့ဒီရက်အထိ မစောင့်နိုင်ဘူး၊ တာဝန်နဲ့ဝတ္တရားကရှိသေးတော့ စောစောပဲ ထွက်ခွာသွားပါတယ်"

ထက်ကျော် သဘောပေါက်သွားသည်။ ဤကိစ္စ၌ တပ်မှူးကြီး ယွန်ကီးသည် သူ့နေဖြင့် မည်သို့မျှ ဆောင်ရွက်နိုင်ခွင့် ရှိဟန်မတူတော့ပေ။

"လုံမလေး ယွန်ချောချော ... အစက်ကလေးနှစ်ခုဆိုတာ အပ်ပေါက်ရာလိုဖြစ်နေတဲ့ အစက်ကလေးနှစ်ခုကို ဆိုလိုတာလား"

"ဟုတ်ပါတယ်"

"အဲဒီအပေါက်ကလေးနှစ်ခုက ဘာများထွက်သေးသလဲ၊ ဥပမာ ... ပြည်တို့ သွေးပုပ်တို့ ဘာတို့ပေါ့"

"ဟင့်အင်း ... မထွက်ပါဘူး၊ အနီရောင် အရည်ကြည်ကလေးတော့ နည်းနည်းထွက်တယ်၊ ဒါပေမဲ့ အဆက်မပြတ် ထွက်နေတာမျိုးတော့ မဟုတ်ပါဘူး"



ထက်ကျော်၏ တွန့်ကြုတ်နေသော မျက်မှောင်သည် ပြေလျော့သွား၏။ ဤဒဏ်ရာနှင့်ပတ်သက်၍ သူ၌အတွေ့အကြုံ ရှိနေပုံရသည်။

"ဟုတ်ပြီ ... အဲဒီအနီရောင်အရည်ကြည်ဟာ တစ်နေ့နှစ်ခါပဲ ထွက်တယ်၊ နံနက်မှာ တစ်ကြိမ်၊ ညနေမှာ တစ်ကြိမ်၊ တစ်ကြိမ်ထွက်ရင် အပ်ပေါက်တစ်ပေါက်စီ တစ်စက်စီ ထွက်မယ်၊ နှစ်ပေါက်ဆိုတော့ နှစ်စက်ပေါ့၊ နောက်ပြီး အဲဒီအရည်တွေဟာ ထူးထူးဆန်းဆန်း မွှေးတဲ့အနံ့အသက် ရှိရမယ်"

ယွန်ချောချော ပါးစပ်ကလေးဝိုင်းသွားသည်။

"အို" ဟုမြည်တမ်းမိသည်။ ထက်ကျော် ပြောသည့်စကားများသည် တိုက်ရိုက်မှန်ကန်နေသည်။ သူမ သိပ်အံ့ဩနေသည်။

"ဟုတ်တယ်၊ ကျွန်မတို့ကတော့ မသိပါဘူး၊ အဲဒီအရည်ကြည်ကလေးတွေဟာ ရှင်ပြောသလို မွှေးတာတော့ အမှန်ပါပဲ၊ ဘယ်ဒဏ်ရာမှာ ဒီလိုအမွှေးနံ့အမျိုး မထွက်တော့ ကျွန်မတို့စိတ်ထဲမှာ တော်တော်ကလေး မသက်မသာဖြစ်တယ်"

ထက်ကျော်သည် ယွန်ချောချော ပြောသည့် စကားများကို ဂရုတစိုက် နားထောင်နေ၏။ ယွန်ချောချောက ထက်ကျော်၏ လက်မောင်းကို လှုပ်ခါရင်း လှမ်းမေးသည်။

"သူ့ရဲကောင်းကြီး ထက်ကျော် ... ဒီဒဏ်ရာကို ဖြစ်စေတဲ့

လက်နက်ပုန်းကို ရှင်သိတယ် မဟုတ်လား”

“နည်းနည်းတော့ ရိပ်မိပါတယ်၊ ဘာပဲဖြစ်ဖြစ် မင်းအမေ ကတော့ ဒီဒဏ်ရာအကြောင်း ကျုပ်လို ရိပ်မိမှာ သေချာပါတယ်”

ယွန်ချောချောသည် ခေတ္တမျှ တွေဝေစဉ်းစားသည်။

ထို့နောက် ခပ်ဖြည်းဖြည်းပြောသည်။

“အင်း ... ဖေဖေ့အမူအရာ ကြည့်ရတာတော့ ထူးခြားပါ တယ်၊ ဒါပေမဲ့ ဘာမှမပြောဘူး။ မေမေလည်း ထန်တီးဂိုဏ်းက လူပဲ”

ယွန်ချောချော၏ စကားသည် ထက်ကျင်အား အပ်နှင့် ထိုးလိုက်သလို ဆတ်ခနဲ ဖြစ်သွားစေသည်။

“ဘာ ... ဖြစ်သွားတာလဲရှင့်”

“မင်းစကား အဓိပ္ပာယ်မရှိဘူး လုံမလေး”

“ဘာဖြစ်လို့လဲ”

“ထန်တီးဂိုဏ်းဟာ မိန်းကလေးတပည့်ကို လက်ခံလေ့မရှိ ဘူး ... ”

“ဒါတော့ ကျွန်မ မသိဘူး၊ မေမေဟာ ထန်တီးဂိုဏ်းကပဲ”

“ကျုပ်ကတော့ သဘောမပေါက်ဘူး”

“မေမေ့ဘက်က ကျွန်မရဲ့အဘိုးနဲ့အဘွားဟာ အစောကြီး ကတည်းက ကွဲကွာသွားခဲ့ပါတယ်၊ မေမေက သူ့အမေဖြစ်တဲ့ ကျွန်မ အဘွားဆီက ဒီပညာတတ်တယ်လို့ပြောတာပဲ၊ ဖေဖေနဲ့မေမေဟာ



တစ်ဂိုဏ်းတည်းပဲ”

ထက်ကျင်သည် တွေဝေစဉ်းစားနေ၏။ အတန်ကြာမှ ရှင်းလင်းစွာပြောသည်။

“လုံမလေး ... မင်းတောင်ပေါ်ကိုတက်ဖို့ မလိုတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီချောင်ထောင်လင်းဆိုတဲ့ အဘိုးကြီးကို တွေ့ တောင် သူကမင်းအမေရဲ့ ဒဏ်ရာကို ကုသချင်မှကုသနိုင်မှာမို့လို့ပဲ၊ ဒါပေမဲ့ တခြား သေချာတာလည်း တစ်ခုရှိသေးတယ်၊ မင်းရဲ့အမေ ဟာ ဒီဒဏ်ရာနဲ့ ချက်ချင်းမသေနိုင်ဘူးဆိုတာတဲ့ အချက်ပဲ”

“ရှင် ... ”

ယွန်ချောချော အံ့သြသွားသည်။

“ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ”

“ဒါက ရှင်းနေတာပဲ ... တပ်မှူးကြီးယွန်ကီးဟာ ဘယ်လိုပဲ တာဝန်ဝတ္တရားကို လေးစားလေးစား သူ့ချစ်ဇနီးကိုတော့ ခွေးသေ ဝက်သေ ပစ်ထားခဲ့မှာမဟုတ်ဘူး၊ သူ့ဇနီး လောလောဆယ် မသေ နိုင်သေးဘူးဆိုတာ သိလို့ သူပစ်ထားခဲ့တာပါ”

ယွန်ချောချောသည် ထက်ကျင်အား လေးစားစွာကြည့်၍ မေးလိုက်၏။

“သူ့ရဲကောင်းကြီး ထက်ကျင် ... ကျွန်မမေမေရဲ့ ဒဏ်ရာ မှာရှိတဲ့ အဆိပ်ကို ရှင်ဖြေရှင်းနိုင်ပါ့မလားဟင်”

"ဖြေပေးနိုင်ပါတယ်"

ယွန်းချောချော အံ့ဩဝမ်းသာလွန်းသဖြင့် မျက်နှာ၌ အရောင်အမျိုးမျိုး ပြောင်းနေတော့သည်။

"ရှင် ... ရှင် ... တ ... ကယ်ပြောတာပေါ့နော်"

ထက်ကျင်က တစ်ချက်ပြုံးလိုက်၏။

"အသေအချာကို ပြောတာပါ လုံမလေး"

ထက်ကျင်သည် အသက်နှစ်ဆယ့်လေးနှစ်ခန့်သာ ရှိပြီး ယွန်းချောချောက အသက်ဆယ့်ရှစ်နှစ်ခန့် ရှိသဖြင့် အလွန်တရာ စိတ်လှုပ်ရှားဖွယ်အခြေအနေမျိုး ဖြစ်ပေသည်။

ထို့ပြင် ထက်ကျင်ရော ယွန်းချောချောပါ ချောမောခန့်ညားသူများ ဖြစ်နေကြ၏။ သို့သော် သူတို့သည် အလွန်တရာ စိတ်လှုပ်ရှားဖွယ်အခြေအနေမျိုး ဖြစ်ပေသည်။

ထက်ကျင်က တည်ကြည်သလောက် ယွန်းချောချောကလည်း ဣန္ဒြေရလှသည်။ ယခု သူမမိခင်၏ အဆိပ်ဒဏ်ရာအား ထက်ကျင်က ကုသပေးနိုင်သည်ဆိုသောအခါတွင်မူ ယွန်းချောချော အလွန်တရာ စိတ်လှုပ်ရှားလျက်ရှိနေပေပြီ။

"ဒါ ... ဒါဖြင့် ကျွန် ... ကျွန်မ မေမေကို ကုသပေးပါလားရှင်"

ထက်ကျင်က ခဏမျှ စဉ်းစားပြီး ခေါင်းညိတ်လေ၏။



"ကောင်းပြီ ... ဒါပေမဲ့ တစ်ခုတော့ ကတိပြုရလိမ့်မယ်"

"ဘာကတိများပါလဲရှင်"

"မင်းရဲ့မေမေအဆိပ်ကို ကုသပေးကြောင်း ဘယ်သူ့ကိုမှ မပြောရဘူး၊ နောက်ဆုံး မင်းအဖေကိုတောင် မပြောရဘူး"

ယွန်းချောချော အလွန်တရာ အံ့ဩသွားသည်။ သို့သော်သည်ကတိကိုပေးရန် သူမ၌ မည်သည့်အခက်အခဲမျှ မရှိပါ။

"ကောင်းပါပြီရှင်၊ ရှင်နဲ့ကျွန်မကလွဲပြီး ဘယ် တတိယလူကိုမှ မသိစေရပါဘူး"

ထက်ကျင်က တည်ကြည်လေးနက်စွာ ပြော၏။

"ပေညီအစ်ကိုတစ်တွေဟာ မင်းကိုဖမ်းဖို့ မကြံစည်ရင် ငါလည်း ဒီကိစ္စမှာ ဝင်စွက်မိမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ကြုံကြုံကြိုက်ကြိုက် မင်းအမေရဲ့ဒဏ်ရာကို ကုပေးဖို့ ဖြစ်လာတယ်၊ ဒါတွေအားလုံးဟာ ကျုပ်အနေနဲ့ လမ်းကြုံလို့ကူညီတာပဲ ဖြစ်တယ်၊ ဘာမှ ကျေးဇူးတင်ဆပ်ဖို့လည်း မလိုဘူး၊ ဒါပေမဲ့ ကျုပ်တောင်းထားတဲ့ ကတိကို ဖျက်မိရင်တော့ မင်းဟာကျုပ်ရဲ့ အကြီးဆုံးရန်သူဖြစ်သွားမှာ သေချာတယ်၊ ကျုပ်ပြောတာကို လေးလေးနက်နက် သဘောပေါက်နားလည်ရင် အကောင်းဆုံးပါပဲ"

ယွန်းချောချောသည် ဒူးကလေးကို နောက်သို့ကွေးညွတ်ကာ ဦးညွှတ်ဂါရဝပြုလေ၏။

"စိတ်ချပါ သူရဲကောင်းကြီးရှင့်၊ ယွန်ချောချောဟာ မိန်းမသားဖြစ်ပေမယ့် ကတိတစ်လုံးကို တန်ဖိုးထား လေးစားတတ်ပါတယ်၊ အထူးသဖြင့် ဘာကျေးဇူးကိုမှ မျှော်လင့်ခြင်းမရှိဘဲ ကူညီတဲ့ သူရဲကောင်းထက်ကျော်ရဲ့ စေတနာကို သဘောပေါက် နားမလည်ရင် ဒီလောကမှာ ကျွန်မလောက်မိုက်မဲတဲ့လူ ရှိပါ့မလားရှင်၊ ကျွန်မဟာ မေမေ့အတွက် သောကပရိဒေဝများစွာပဲ ခံစားခဲ့ရပါတယ်၊ အခု အချိန်မှာတော့ ... "

ယွန်ချောချောသည် ထိုမှဆက်၍ မပြောနိုင်ရာတော့ပေ။ စီးကျလုလု မျက်ရည်စများကို လက်ဖဝါးနုနုကလေးဖြင့် သိမ်းဆည်းလိုက်လေ၏။

ရွှေပုံလွှားထက်ကျော်ဟု ကျော်ကြားသော သိုင်းသမားလူငယ်သည် ဝမ်းသာကြည်နူးမှုကြောင့် မျက်ရည်ကျနေသည့် မိန်းကလေးအား ပြုံး၍ကြည့်နေ၏။

ထက်ကျော်သည် စကားပြောရာ၌ ပျူပျူငှာငှာပြောတတ်သူ မဟုတ်ပေ။ သို့သော် ကူညီစရာရှိလျှင် မည်သည့်ကိစ္စမဆို စိတ်ရှိလက်ရှိ ကူညီပေးလေ့ရှိ၏။

ရေသည် မည်မျှပင် ပူနေသော်လည်း မီးကို ငြိမ်းအောင် လုပ်နိုင်စွမ်းရှိပေသည်။

သူရဲကောင်းထက်ကျော်သည် ချီသာခြင်းမရှိသော်လည်း



ယွန်ချောချော၏ ပူလောင်သော သောကပရိဒေဝတို့ကို ရုတ်ခြည်း ငြိမ်းအေးသွားစေခဲ့လေပြီ။

"ကဲ ... ကျုပ်တို့ အမြန်ဆုံး ပြန်ကြစို့၊ ဟို ... ပေညီအစ်ကိုတစ်တွေကို စိတ်ချယုံကြည်လို့ မရတာလည်း တစ်ကြောင်း၊ မွန်းမတိမ်းခင်ပြန်မှ မင်းအမေရဲ့ ဒဏ်ရာကို ကုလို့ကောင်းမှာလည်း တစ်ကြောင်းမို့လို့ပါ"

"ကျွန်မမေမေရဲ့ ဒဏ်ရာကို ချက်ချင်းကုသလို့ မရဘူးလားရှင်"

"အေးလေ ... အဲဒီလို ချက်ချင်းကုသနိုင်အောင်လို့ မွန်းမတိမ်းမီ ပြန်မယ်လို့ ပြောတာပေါ့၊ ဒဏ်ရာက အနီရောင် အရည်ကြည်ကလေးနှစ်စက်ထွက်တဲ့အချိန်ကျမှ အဲ့ဒီဒဏ်ရာကို ပျောက်အောင် ကုသနိုင်မယ်၊ တကယ်လို့ ညနေပိုင်းမှာ အနီရောင်အရည်ကြည် အစက်နှစ်စက်ထွက်သွားပြီးရင် ကျုပ်တို့ နောက်နေ့မနက်ခင်းအထိ စောင့်နေရလိမ့်မယ် ... ရှင်းပြီလား"

ယွန်ချောချော နားလည်သဘောပေါက်သွား၏။

"ကျေးဇူးပါပဲ၊ ကျွန်မ နားလည်သဘောပေါက်ပါပြီ၊ ဒါပေမဲ့ မြင်းရထားလည်းမရှိတော့ဘူး၊ ကောင်ဟင်းချုန်တည်းခိုခန်းနဲ့ ဒီခရီးက မိုင်သုံးဆယ်လောက် ဝေးနေတယ်၊ ကျွန်မတို့ ဘယ်လိုပြန်ကြမလဲ"

"ကျုပ်မှာ မြင်းပါတယ်လေ၊ မင်းသာ ရက်ရှည်ခြင်းမရှိရင် တော့ ကျုပ်ရဲ့မြင်းနဲ့ လိုက်ခဲ့လို့ရပါတယ်"

ယွန်ချောချော၏ မျက်နှာလေး နီရဲသွား၏။

သို့သော် ...

"အို ... ကျွန်မ ဘာဖြစ်လို့ မလိုက်ရဲရမှာလဲ၊ ကိုယ့်ကျေးဇူး ရှင်နဲ့အတူ လိုက်ရတဲ့ကိစ္စပဲ"

လေချွန်သံ ရူးရှစွာထွက်ပေါ်လာပြီးနောက် ရွှေပျံလွှား ထက်ကျင်၏ မြင်းကြီးသည် ရုတ်ခြည်း ခုန်ပေါက်ပြေးလာတော့၏။

❖ ❖ ❖



## အခန်း (၄)
## ကုသခြင်း

ကောင်ဟင်းချန်တည်းခိုခန်းဆိုင်သို့ မရောက်မီပင် မြို့ အဝင်၌ လောင်လီစွန်းကျိ၏ မြင်းရထားကို တွေ့လိုက်ကြရသည်။ မြင်းရထားအနီး၌ မြို့စောင့်အရာရှိ သုံးလေးဦး ရပ်နေကြသည်။

အိမ်ဖော်မလေး ကျင်းလီက တိုင်ကြားထားသဖြင့် လာ ရောက် စစ်ဆေးခြင်းလော။ သို့တည်းမဟုတ် မြို့စောင့်အရာရှိများ က သူတို့ဘာသာ အလိုအလျောက် လာရောက်စစ်ဆေးခြင်းလော ဆိုသည့်အချက်ကို ထက်ကျင် မသိနိုင်ပေ။

ထက်ကျင်က ...

"လုံမလေးယွန်ချောချော ... မင်းကို မြင်းပေါ်က ချပေး လိုက်မယ်၊ မြို့စောင့်အရာရှိတွေ ဝိုင်းမနေအောင် ကြည့်လုပ်လိုက် တော့၊ နောက်ပြီး ကောင်ဟင်းချန်တည်းခိုဆိုင်အထိ မောင်းသွား၊ မင်းတို့ တည်းခိုနေတဲ့ အခန်းပတ်ဝန်းကျင်မှာ လူပိုတွေ ရှိမနေစေနဲ့ ကျုပ် အဲဒီကို လာခဲ့မယ်"

ထက်ကျင်သည် ယွန်းချောချောကို မြင်းပေါ်မှ ချပေးလိုက်ပြီး မြင်းကိုဒုန်းစိုင်းကာ စီးနင်းသွားတော့၏။ သူသည် မြင်းရထားရပ်နေသည့်လမ်းမှ စီးနင်းသွားခဲ့ခြင်း မဟုတ်ပေ။ အခြားလမ်းမှ စီးနင်းသွားခြင်း ဖြစ်ပေသည်။

ယွန်းချောချောသည် ရင်လှိုက်ဖို၍ ကျန်ရစ်ခဲ့လေ၏။ သူမသည် ထက်ကျင်၏မြင်းနှင့် မလိုက်ရသေးမီက မည်သို့မျှ ချောက်ချားခြင်း မရှိခဲ့ပေ။ ထက်ကျင်ရှေ့၌ ထိုင်ကာ မြင်းပေါ်မှ လိုက်လာခဲ့သည့် ခရီးစဉ်တစ်လျှောက် ရင်လှိုက်ဖိုနေရသကဲ့သို့ ခံစားရလေ၏။

အဘယ်မှာလျှင် ရင်မလှိုက်ဖိုဘဲ ရှိနိုင်ပါအံ့နည်း။ သူသည် ယင်ဖိုမသန်းရသေးသော အပျိုစင်ကလေးဖြစ်၏။ ကြံ့ခိုင်သန်စွမ်းသော လုလင်ပျိုတစ်ယောက်၏ ရင်ခွင်၌ လိုက်ပါလာရသောအခါ သူမ၏ရင်ထဲမှ အသည်းနှလုံးများ တသိမ့်သိမ့်ခုန်ရလေတော့သည်။

သူမမျက်နှာသည်လည်း ရှက်သွေးတက်၍ တစ်ပြင်လုံး နီရဲလျက် ရှိနေတော့သည်။

ထို့ကြောင့် ထက်ကျင်က သူမမည်သို့ ဆောင်ရွက်ရမည်ကို ပြောကြားပြီး ထွက်သွားသောအခါတွင် သူမအနေနှင့်ထက်ကျင်၏ မျက်နှာကိုကြည့်ရင်း ဖြစ်ခဲ့ရပေသည်။

သူမသည် မြင်းရထားရှိရာသို့ ခပ်သုတ်သုတ် လျှောက်လာသည်။



ကျင်းလီကလည်း မြင်းရထားထဲမှ လျင်မြန်စွာ ထွက်လာသည်။

"အမလေး"

ယွန်းချောချောက မည်သည့်စကားမှ မပြောရန် နှုတ်ခမ်းကို လက်ညှိုးနှင့်ဖိပြီး မြင်းရထားပေါ်သို့ အမြန်တက်ရန် အချက်ပြသည်။ ကျင်းလီကလည်း မြင်းရထားပေါ် ကပျာကယာ ပြန်တက်လေ၏။

ယွန်းချောချော တက်ရန်ဟန်ပြင်လိုက်သည့်အခါတွင်မှ မြို့စောင့်အရာရှိ တစ်ယောက်က သူမ၏ဘေးသို့ ရောက်ရှိလာလေ၏။

"အစ်မလေး ... ကျွန်တော်တို့ တစ်ခုပြောပါရစေ"

မြို့စောင့်အရာရှိသည် တပ်မှူးကြီး ယွန်ကီး၏ သမီးဖြစ်သူကို မလေးမစား မပြုဝံ့ပေ။ ဦးညွတ်ဂါရဝပြု၍ အခြေအနေကို တင်ပြရန် စကားစလေ၏။

ယွန်းချောချောက လက်ကာပြပြီး ...

"ကိစ္စမရှိပါဘူး။ ဒီကိစ္စအတွက် ကျွန်မတို့ ဘာမှ မတိုင်ကြားလိုတော့ပါဘူး။ ပြီးတာလည်း ပြီးပါစေတော့၊ ရှင်တို့ကိုလည်း ကျွန်မ အနှောင့်အယှက် မပေးလိုတော့ဘူး"

မြို့စောင့်အရာရှိမှာ ကြောင်အမ်းအမ်းဖြင့် နောက်ဆုတ်သွားလေတော့သည်။

သူမက မြင်းရထားဆရာ လောင်လီစွန်းကျိအား လှမ်းကြည့်ပြီး ...

"ကဲ ... ကျွန်မတို့ တည်းခိုနေတဲ့ ဆိုင်ကိုပဲ ပြန်ပို့ပေး တော့"

သူမသည် စကားဆုံးသည်နှင့် မြင်းရထားထဲ ဝင်ထိုင်ကာ တံခါးကို ဒိုင်းခနဲ ပိတ်လိုက်လေ၏။

လောင်လီစွန်းကျိသည် ဩဇာအာဏာသံ အပြည့်ပါသော ယွန်ချောချော၏ အမိန့်ကြောင့် တုန်လှုပ်သွားသည်။

'ရှမ်း ... '

လေထဲပျံ့လွင့်လာသည့် ကျာပွတ်သံကြောင့် မြင်းကြီးနှစ်ကောင်သည် မြင်းရထားကို စတင်ဆွဲလေတော့သည်။ အရှိန်ရလာသောအခါ မြင်းရထားသည် နတ်မြင်းပျံကဲ့သို့ တစ်ဟုန်ထိုး ပြေးလွှားလေတော့၏။

မြို့စောင့်အရာရှိများစစ်ဆေးသည့်နေရာနှင့် ကောင်းဟင်းချန်တည်းခိုဆိုင်၏ အကွာအဝေးမှာ သုံးမိုင်ပျော့ပျော့လောက်သာရှိရာ မြင်းရထားသည် မကြာမီအချိန်ကလေးမှာပင် ကောင်းဟင်းချန်တည်းခိုဆိုင်သို့ ရောက်ရှိသွားလေတော့၏။

ယွန်ချောချောသည် မြင်းရထားဆိုက်သည်နှင့် မြင်းရထားတံခါးကို တွန်းဖွင့်ကာ အလောသုံးဆယ် တက်သွားလေတော့၏။

ယွန်ချောချော၌ ယဉ်ကျေးသိမ်မွေ့မှုများ မရှိတော့ပေ။



ဆင်မယဉ်သာခြေလှမ်းများကို ယွန်ချောချော မသုံးတော့။ သူမအဖို့ သူမ၏မိခင်အခန်းသို့ အမြန်ဆုံးရောက်ရှိရန်ကိစ္စသာ အရေးအကြီးဆုံးမဟုတ်ပါလော။

မြင်းရထားခေါင်မိုးပေါ်မှ လောင်လီစွန်းကျိသည် ယွန်ချောချော ပျာယာခတ်သောအပြုအမူနှင့် သိမ်မွေ့မှုမရှိသော လမ်းလျှောက်ပုံတို့ကို အံ့ဩစွာ ငေးမောကြည့်နေမိလေ၏။

အိမ်ဖော်မလေး ကျင်းလီသည်လည်း မြင်းရထားထဲမှ ထွက်သွားသည်။

ကောင်းဟင်းချန်တည်းခိုဆိုင်မှ အလုပ်သမားများသည် သူတို့နှင့် ရင်းနှီးနေသည့် လောင်လီစွန်းကျိအား တစ်ယောက် တစ်ပေါက် ဝိုင်းဝန်းမေးမြန်းနေကြလေသည်။

မကြာမီ ကျင်းလီ ပြန်လည်ရောက်ရှိ၏။ သူမက ငွေစအချို့ကို လောင်လီစွန်းကျိအား လှမ်းပေးလိုက်သည်။

"ရော့ ... ဒါက မမလေးပေးလိုက်တဲ့ မြင်းရထား ငှားခပေါ့"

ငွေစများမှာ မနည်းပါးပါ။

သူရသင့်သော အခကြေးငွေထက် တစ်ဆခန့် ပိုရကြောင်း လောင်လီစွန်းကျိ သိပါသည်။

ကျင်းလီ၏ စကားမဆုံးသေးပါ။

"ဒါပေမဲ့ ရှင့်ပါးစပ်ကိုတော့ ပိတ်ထားဖို့ လိုလိမ့်မယ်၊ အခု

ကျွန်မတို့ခရီးစဉ်က သိပ်ချောမွေ့တာပဲ၊ မယ်တော်နတ်သမီးကိုလည်း ပူဇော်ခဲ့ရတယ်၊ အဲဒါကို ရှင်သိတယ်နော်"

"ဟုတ် ... ဟုတ်ကဲ့၊ ကျွန်တော်တို့ မယ်တော်နတ်သမီးကို ပူဇော်ခဲ့ကြပါတယ်၊ မြန်မြန် ပြန်ရောက်တာကတော့ ကျွန်တော် မြင်းလှည်းမောင်း ကျွမ်းကျင်လွန်းလို့ပါ"

ကျင်းလီက ချစ်စဖွယ် မျက်စောင်းလေးချိတ်၍ ပြောလေသည်။

"ရှင်ဟာ မြင်းရထားမောင်း တော်ရုံတင်မကဘူး၊ သူများတစ်ထွာပြရင် တစ်လံလောက် မြင်တတ်တဲ့ ဉာဏ်လည်းရှိတယ်၊ ကဲ ... ကျွန်မ သွားဦးမယ်နော်"

အလှပန်းတစ်ပွင့်၏ အိမ်ဖော်မလေးကိုယ်တိုင်က အလှပန်းတစ်ပွင့်ဖြစ်နေသည်။

အလှပန်းကလေး၏မျက်စောင်းက လောင်လီစွန်းကျိအား ရင်ခုန်သွားစေခဲ့ပြန်ချေတကား။

လောင်လီစွန်းကျိသည် လှုပ်လီလှုပ်လဲ့ ထွက်ခွာသွားသော ကျင်းလီအား မျက်လုံးများ ခုန်ထွက်မတတ် ငေးကြည့်နေမိ၏။

တည်းခိုဆိုင်မှ အလုပ်သမားများသည် ကျင်းလီနှင့် လောင်လီစွန်းကျိ၏ ပဟေဠိဆန်သော [illegible]ားများကို နားမလည်နိုင်ကြသဖြင့် တစ်ယောက်တစ်ခွန်း မေးကြမြန်းကြလေ၏။



လောင်လီစွန်းကျိသည် ထိုမေးခွန်းများကို ဖြေမည့်အစား သူ့လက်ထဲမှငွေများကို ဆိုင်အလုပ်သမားများ၏ ခေါင်းပေါ်သို့ ကြဲချလိုက်လေသည်။

"အားလုံး ယူလိုက်ကြတော့၊ ငါ့ကိုလာပြီး အနှောင့်အယှက်မပေးကြနဲ့တော့၊ ငါ မနက်အစောကြီးကတည်းက ထ,ထားရလို့ အိပ်ရေးပျက်နေတယ်၊ တစ်ရေးလောက် ပြန်အိပ်လိုက်ဦးမယ်"

လောင်လီစွန်းကျိသည် မြင်းရထားကို မြင်းဇောင်းထဲသို့ မောင်းချသွားပြီး ရထားမှ ဖြုတ်ပေးလိုက်သည်။

ထိုစဉ်မှာပင် သူ့မျက်လုံးများ ပြူးကျယ်သွားလေတော့၏။

အဘယ်ကြောင့်ဆိုသော် ကြံ့ခိုင်သန်စွမ်းလှသော မြင်းနက်ကြီးတစ်ကောင်သည် မြင်းဇောင်းထဲ၌ အသင့်ကြိုတင်ရောက်ရှိနေသောကြောင့်ပင်တည်း။

မြင်းနက်ကြီးမှာ ပြောင်လက်တောက်ပနေသည်။ ဤမြင်းကြီးကို မြင်းရထားမောင်းသမားဖြစ်သည့် လောင်လီစွန်းကျိ ကောင်းစွာ မှတ်မိသည်။ ရွှေပျံလွှားထက်ကျင်ဟု အမည်ခံထားသော သိုင်းသမားသူရဲကောင်းကြီး၏ မြင်းနက်ကြီး မဟုတ်ပါလော။

ရွှေပျံလွှားသည် အလွန်တရာ နာမည်ဆိုးလှသော ပေညီအစ်ကို လေးယောက်၏ဓားအောက်မှ သူတို့၏အသက်ကို ကယ်တင်ခဲ့ပေသည်။

သူသည် ထက်ကျင်ကို ယခင်က ကျေးဇူးတင်မိခဲ့သော်လည်း ယခုကဲ့သို့ ယွန်းချောချောတည်းခိုဆိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခြင်းအတွက်မူ မနာလိုဝန်တိုစိတ်တို့ ဖြစ်ပေါ်မိသည်။

အညီရှိလျှင် ယင်အုံတတ်သည်ဟူသော စကားပုံကို လောင်လီစွန်းကျိ သွား၍သတိရမိ၏။

"အင်း ... ဒီသတ္တဝါကတော့ အခွင့်အရေးကို ရအောင် အသုံးချတတ်ပါ့ဗျ။ သခင်မလေး ယွန်းချောချောက သူ့ကို အခွင့်အရေးပေးတော့မှာပေါ့"

လောင်လီစွန်းကျိသည် အိမ်ဖော်မလေးကျင်းလီအား ခေတ္တမေ့သွားပြီး ယွန်းချောချောအတွက် စိတ်နှလုံး ပူလောင်နေတော့၏။

လောင်လီစွန်းကျိ စိတ်နှလုံးပူလောင်နေစဉ်မှာ ထက်ကျင်သည် သခင်မလေးယွန်းချောချော၏အခန်းထဲ ရောက်ရှိနေလေ၏။

အခန်းထဲ၌ ယွန်းချောချော၊ ယွန်းချောချော၏မိခင်နှင့် ရွှေပုံလွှားထက်ကျင်တို့ ရှိကြ၏။ အိမ်ဖော်မလေးကျင်းလီပင် မရှိချေ။

ထက်ကျင်သည် ယွန်းချောချော၏မိခင် ရရှိထားသော ဒဏ်ရာကို စစ်ဆေးကြည့်ရှုနေသည်။ ဒဏ်ရာသည် ကျောကုန်း၌ ရှိနေလေသည်။



ထက်ကျင်သည် ဒဏ်ရာကို အထူးသတိထား၍ ကြည့်လေ၏။ အပ်ပေါက်ကဲ့သို့သော အပေါက်ကလေးနှစ်ပေါက်အတွင်းမှ အနီရောင်အရည်ကြည်ကလေးနှစ်စက် အပ်ပေါက်ဝ၌ သီးလာသည်။

ထက်ကျင်က ထိုအစက်ကလေးနှစ်စက်ကို သုတ်လိုက်ပြီး ဂွမ်းစကလေးကို ဘေးချထားလိုက်သည်။

ထက်ကျင် အလွန်ဂရုစိုက်ကြောင်း တွေ့ရသဖြင့် ယွန်းချောချောမှာ အသက်မရှူနိုင်ဘဲ စောင့်ကြည့်နေမိတော့သည်။

"သူရဲကောင်းကြီး ... မေမေ့ဒဏ်ရာက ကုသလို့မှ ရနိုင်ပါ့မလားရှင်"

"ရနိုင်ပါတယ်"

"ကျွန်မစိတ်ထင် ဒဏ်ရာ သိပ်ပြင်းနေတယ်လို့ ထင်တယ်"

"သိပ်သေချာတာပေါ့၊ အသက်နဲ့ ရင်းလောက်တဲ့ ဒဏ်ရာပဲ ဥစ္စာ"

ထက်ကျင်သည် ခေတ္တမျှ စဉ်းစားပြီးနောက် သူ့လက်စွပ်ကို ချွတ်လိုက်၏။ လက်စွပ်ကွင်းကို အစက်နှစ်စက်၏ အလယ်ဗဟို ထားပြီး ဖိကပ်လိုက်၏။

ကွင်းထဲမှ အသားသည် ဖိအားကြောင့် စူတက်လာ၏။ ထက်ကျင်သည် အတွင်းအားထုတ်ပြီး တစ်ဆင့်ထက်တစ်ဆင့်တိုး၍ ဖိလေတော့၏။

ထက်ကျင်သည် တင်ပျဉ်ခွေထိုင်ပြီး ကုသနေခြင်းဖြစ်ရာ ဦးခေါင်းထက်၌ အငွေ့အသက်များ ရစ်သိုင်းထားသည်ဟု ထင်မှတ်ရလောက်အောင် အတွင်းအားကို အဆက်မပြတ်ထုတ်နေသည်။

အမှန်တကယ်ပင် သူ့ဦးခေါင်းထက်၌ အငွေ့အသက်များ ပျံ့နေခဲ့၏။ သာမန်အရပ်သားများ ထိုအချက်ကို မမြင်နိုင်ပေ။

ယွန်ချောချောမှာမူ ဘေးမှ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေ၏။ သူမသည် သတ္တိရှိသူဖြစ်သော်လည်း မိခင်၏ အန္တရာယ်နှင့် ပတ်သက်သောအခါ သတ္တိများ ပျောက်ကွယ်နေခဲ့၏။

သည့်အတွက် သူမကို အပြစ်တင်ရန် အကြောင်းမရှိပေ။ မိခင်ဖခင်ကို တကယ်တမ်း ချစ်ခင်သော မည်သည့်သားသမီးမဆို ယခု ယွန်ချောချော ခံစားရသကဲ့သို့ ခံစားရမည်သာ။

သူမသည် ထက်ကျင်ကို ကြည့်လိုက်၏။

ထက်ကျင်၏ဦးခေါင်းထက်ရှိ မှုန်မှိုင်းသော အပူငွေ့များကို သူမ မြင်တွေ့နေရသည်။ အပူငွေ့များက ပို၍သိပ်သည်းလာသည်။ ထက်ကျင်၏နဖူးမှ ချွေးသီးချွေးပေါက်များ ယိုစီးကျနေသည်။

သူ ဖိကိုင်ထားသည့် လက်ဖွပ်သည်လည်း ယွန်ချောချော မိခင်၏ ကျောကုန်းအသားထဲသို့ တစ်ကွင်းလုံး နစ်မြုပ်ဝင်မတတ် ဖြစ်နေလေပြီ။

ဒဏ်ရာရပြီး နီရဲနေသော အသားသည် လက်ဖွပ်ကွင်းထဲမှ



စူထွက်လျက်ရှိနေလေပြီ။ အနီရောင် အသားလုံးကလေးသည် ကျောပြင်၌ ခိုတွဲနေသကဲ့သို့ ရှိနေလေပြီ။ အနီရောင် အပ်ပေါက်ကလေးနှစ်စက်ကို သေချာတွေ့မြင်လာရသည်။

ထက်ကျင်သည် ယွန်ချောချောကို လုံးဝမကြည့်ဘဲ မိခင်ဖြစ်သူ၏ ဒဏ်ရာကိုသာ မျက်တောင်မခတ်တမ်းကြည့်နေ၏။

သူ၏ အသိအာရုံအားလုံးသည် အသားလုံးကလေးပေါ်သို့သာ ရောက်နေသည်။

ယွန်ချောချောသည် မိခင်အတွက် ပူပန်နေရာမှ သူရဲကောင်းထက်ကျင်အတွက် ပူပန်လာမိသည်။

အဘယ်ကြောင့်ဆိုသော် ထက်ကျင်တစ်ယောက် သူ့၌ ရှိရှိသမျှသော အတွင်းအားများကို ထုတ်သုံးနေကြောင်း ယွန်ချောချော နားလည်သဘောပေါက်လာသောကြောင့် ဖြစ်သည်။

သူမသည် ရွှေပျံလွှားထက်ကျင်အား ငေးစိုက်ကြည့်နေမိ၏။ အလွန်တရာ ကြည်ညိုလေးစားသော အကြည့်များဖြစ်ပေသည်။

သူမသည် ယောကျ်ားများကို စေ့စေ့ကြည့်သူမဟုတ်ပေ။ ယခု ရွှေပျံလွှားထက်ကျင်ကိုမူ စေ့စေ့ကြည့်နေခဲ့မိ၏။ သူမ၏ မျက်လုံးထဲ၌ အားကိုးသော အရိပ်အယောင်များ ထင်ရှားစွာ ပေါ်လာနေသည်။

❖ ❖ ❖

## အခန်း (၅)
## ရွှေပုံလွှားဟူသည်မှာ

ကွမ်ဒိုက်ဒေသ ...။

ကွမ်ဒိုက်ဒေသသည် ရွှေပုံလွှား ထက်ကျင်၏ ဇာတိဒေသ ဖြစ်ပေသည်။ ကွမ်ဒိုက်ဒေသသည် ပြည်မဒေသ၌ မပါဝင်ပေ။

ထို့ကြောင့် ပေညီအစ်ကိုများက ရွှေပုံလွှား ထက်ကျင်အား "ခင်ဗျားနဲ့ ကျုပ်တို့ အတူတူပါပဲ" ဟုပြောခဲ့ခြင်းဖြစ်ပေသည်။

ထို့ထက်ပိုတူသည့်အချက်မှာရွှေပုံလွှား ထက်ကျင်သည် လူဆိုးတစ်ဦးဖြစ်နေခြင်းပင်တည်း။ သူသည်လည်း လုယက်တိုက်ခိုက်သူတစ်ဦး ဖြစ်ပေသည်။ သို့သော် ထူးခြားသည့်အချက်မှာ ရွှေပုံလွှားထက်ကျင်ကို အမှောင်လမ်းမပေါ်၌ လျှောက်နေသူဟူ၍ မည်သူမျှ (အချို့ တစ်စိတ်တစ်ဒေသမှလွဲ၍) မသတ်မှတ်ကြခြင်းပေတည်း။

အကယ်၍ ပေညီအစ်ကိုများက "ရွှေပုံလွှားထက်ကျင်နဲ့ ကျုပ်တို့ အတူတူပဲ၊ ဘာများခြားနားလို့လဲ" ဟုမေးကြအံ့။ ကွမ်ဒိုက်



ဒေသမှ ဆင်းရဲသူဆင်းရဲသားအားလုံးသည် ပေညီအစ်ကိုကို တံတွေးများဖြင့် ဝိုင်းထွေးကြမည်မှာ သေချာသည်။

ရွှေပုံလွှားထက်ကျင်သည် အလွန်တရာ ကွာခြားသော လူတစ်ယောက်ဖြစ်၏။ သူသည် ဆင်းရဲသားများ၊ အရပ်သားများ အားမည်သည့်အခါမျှ မတိုက်ခိုက်ပေ။

သူသည် နာမည်ကြီး လူဆိုးဓားပြကြီးများအပေါ် ခေါင်းတုံးပေါ် ထိပ်ကွက် တိုက်ခိုက်ပြီး စနစ်တကျ ဖွဲ့စည်းထားသော လူဆိုးဂိုဏ်းကြီးများကိုသာ တစ်ကိုယ်တော် လုယက်တိုက်ခိုက်တတ်ပေသည်။

ကွမ်ဒိုက်ဒေသမှ လူဆိုးဂိုဏ်းကြီးများသည် အလွန်တရာ စနစ်ကျ၏။ လျှို့ဝှက်ပိရိ၏။ ဂိုဏ်းဝင်များသည်လည်း ထိပ်တန်းသိုင်းသမားများဖြစ်ကြ၏။ ရက်စက်ရာ၌ သူမတူအောင်ရက်စက်ကြ၏။ သူတို့၏ ခေါင်းဆောင်များမှာမူ သူဌေးသူကြွယ် လူကုံထံများဖြစ်ကြသည်။ ကိုယ်တိုင်တိုက်ခိုက်သော ခေါင်းဆောင်မှာ မရှိသလောက်ရှားပါးလှ၏။

သို့ရာတွင် ထိုလူဆိုးဂိုဏ်းများ၌ ထူးခြားသော အချက်တစ်ချက်ရှိ၏။ သူတို့နေထိုင်သည့် မြို့ သို့မဟုတ် ရွာ၌ မည်သည့်အခါမှ မတိုက်ခိုက်ကြခြင်းပေတည်း။

ရွှေပုံလွှားထက်ကျင်မှာ လူဆိုးဂိုဏ်းကြီးများ၏ ခြေရာ

လက်ရာကို အားလုံးကို စုံစမ်းသိရှိပြီး ဖြစ်နေသည်။ မည်သည့် လုယက်မှုကိုမဆို ထက်ကျင် သိနေတတ်သည်။

တိုက်ခိုက်လုယက်မှုတစ်ခု ပြီးသွားသောအခါ ထိုလုယက်သည့် ဂိုဏ်းထံသို့ စက္ကူပုံလွှားရုပ်ကလေးတစ်ရုပ် ထူးထူးခြားခြား ရောက်ရှိလာတတ်သည်။ ထိုအရုပ်ကလေးကို အဝါရောင်ရေးခြယ်ထားသည်။

သုံးရက်မြောက်သောနေ့တွင် ထိုလုယက်သော ဂိုဏ်းသည် ရွှေပုံလွှားထက်ကျင်၏ တစ်နည်းမဟုတ် တစ်နည်း အတိုက်အခိုက်ခံရတော့၏။ အရပ်သားများ၊ သူဌေးများထံမှ လုယက်သွားသော ရွှေငွေပစ္စည်းများကို ထက်ကျင်ထံ အပ်နှံလျှင် ထိုဂိုဏ်းသားများ အသက်ချမ်းသာရာရကြ၏။

မအပ်နှံသော ဂိုဏ်းသားများမှာမူ အသက်ပေးသွားကြရတော့၏။ ထက်ကျင်သည် လူဆိုးဓားပြများကို သတ်ဖြတ်ရာ၌ အသနားအကြင်နာ မရှိပေ။

ပြဿနာဖြစ်ပြီးနောက် ခုနစ်ရက်မှ ဆယ်ရက်အတွင်း ခေါင်းတုံးပေါ်ထိပ်ကွက်လုယက်ခံရသော လူဆိုးဂိုဏ်းထံသို့ စက္ကူပုံလွှားရုပ်ကလေးတစ်ရုပ် ထူးခြားစွာရောက်ရှိလာပြန်သည်။

သည်တစ်ကြိမ်တွင်မူ ထိုပုံလွှား ရုပ်ပေါ်၌ စာရင်းဇယားများပါရှိ၏။ မည်သည့်ပစ္စည်းများကို မည်သည့်ဒေသမှ ဆင်းရဲသားများကို ပေးဝေလိုက်ကြောင်း၊ ငွေကြေးမည်မျှကို မည်သည့် ပရဟိတလုပ်ငန်းများသို့ ထည့်ဝင်လိုက်ကြောင်း စသည့်စာရင်းဇယားရှင်းတမ်းစာရွက်သည် ထိုပုံလွှားရုပ်၌ ပါရှိလာလေသည်။



တစ်ခါသော် 'ရွှေပုံလွှား၏ ရှင်းတမ်းစာရင်းကို ရရှိသော လူဆိုးဂိုဏ်းသည် အနံတုပြိုင်သွော့သဘောဖြင့်စာရင်းဇယားပါ အရပ်ဒေသသို့သွားပြီး ငွေကြေးများ၊ ပစ္စည်းများကို ပြန်လည် လုယက်တိုက်ခိုက်တော့သည်။

မရှိဆင်းရဲသားများမှာ အားအင်လည်း မရှိ၊ လက်နက်လည်း မရှိ၊ သိုင်းပညာလည်း မတတ်သဖြင့် ထိုလူဆိုးများ၏ တိုက်ခိုက်မှု အလုအယက်ခံလိုက်ကြရသည်။ လူပေါင်းဆယ့်သုံးယောက်ပင် သေဆုံးသွားခဲ့ကြရသည်။

ဤသို့ ပြုမိခြင်းအတွက် ပေးလိုက်သော တန်ဖိုးမှာ အလွန်တရာကြီးမားလှသည်။

သူတို့ထံပို့မည့် ရွှေပုံလွှားစက္ကူရုပ်ကလေးကို ဓားသွေး၍ တစောင့်တည်းစောင့်နေကြသော လူဆိုးဂိုဏ်းထံသို့ ရွှေပုံလွှားသည် သူကိုယ်တိုင် ဆိုင်းမဆင့်ဗုံမဆင့် ရောက်ရှိလာခဲ့သည်။

ပုံလွှားစက္ကူရုပ်ကလေးဖြင့်ပင် ကြိုတင်သတိမပေးတော့ချေ။ ထိုမှနောက်ပိုင်းတွင် ထိုလူဆိုးဂိုဏ်း လုံးဝပြုတ်ပြုတ်ပြုန်းသွားတော့လေ၏။ မည်သည့် လူဆိုးမျှ အသက်ရှင်မကျန်ရစ်တော့ပေ။

ထိုလူဆိုးဂိုဏ်းကို ဦးဆောင်သည့် လူကုံထံ သူဌေးနှစ်ဦး၏ အလောင်းသည် ဆင်းရဲသားဆယ့်သုံးဦး သေဆုံးခဲ့သော အရပ်ဒေသလမ်းမအလယ်၌ ခြေပြတ်လက်ပြတ် ခေါင်းပြတ်ပြီး သေဆုံးနေခဲ့သည်။

ထိုအချိန်မှစ၍ လူဆိုးဂိုဏ်းများသည် ရွှေပျံလွှားစက္ကူရှင်ကြောင့် ဆင်းရဲသားများကို ထပ်မံမတိုက်ခိုက်ကြတော့ပေ။ ကွမ်ဒိုက်ဒေသရှိ အမှောင်လမ်းပေါ်မှ ဒုစရိုက်သမားများသည် ရွှေပျံလွှားကို အလွန်တရာ မုန်းတီးကြ၏။

အလွန်ကြောက်ရွံ့ကြ၏။

ရွှေပျံလွှား ထက်ကျင်မှု ကွမ်ဒိုက်ဒေသရှိ အရပ်ရှစ်မျက်နှာတစ်လွှား၌ မြင်းနက်ကြီးတစ်ကောင်ဖြင့် ဥဒဟို စိတ်ကြိုက်သွားလာလျက်ရှိသည်။

သူ့၌ ဘေးအန္တရာယ်များရှိသလို ဘေးရန်အန္တရာယ်များကို တားဆီးရှောင်လွှဲနိုင်မည့် သတင်းများလည်းရှိ၏။ သူ့ကိုချစ်သော ပြည်သူများသည် အခြေအနေတစ်စုံတစ်ရာထူးခြားသည်နှင့် ရွှေပျံလွှားထံသို့ သွားရောက်သတင်းပို့ကြလေသည်။

ထို့ကြောင့် လူဆိုးဓားပြဂိုဏ်းများ၏ ထောင်ချောက်ပိုက်ကွန်အတော်များများသည် ရွှေပျံလွှားကို ဖမ်းဆီးနိုင်ခြင်းမရှိဘဲ အချည်းနှီး ပျက်စီးခဲ့ရသည့်အကြိမ်ပေါင်း မနည်းတော့ပေ။



ယခု ကွမ်ဒိုက်ဒေသမှ ရွှေပျံလွှားသည် ကျန်ဝူးနယ်မြေသို့ အတောင်ဖြန့် ရောက်ရှိလာခဲ့ပေပြီ။ ဤ ကျန်ဝူးနယ်မြေသို့ ရောက်ရှိခဲ့သည့်အချိန်မှာ ခြောက်နှစ်တာကာလ ရှိနေလေပြီ။

ထို ခြောက်နှစ်တာကာလအတွင်းမှာပင် ရွှေပျံလွှားအမည် ကျန်ဝူး၌ ကျော်ကြားလျက်ရှိနေလေပြီ။

ယွန်ချောချောသည် ရွှေပျံလွှားပုံပြင်အတော်များများကို ကြားဖူးထားခဲ့ပြီဖြစ်သည်။ သူမ,ကြားဖူးသောပုံပြင်များ၌ လူ့လောကတွင် မဖြစ်နိုင်သည့်အခြေအနေမျိုး စွမ်းဆောင်ချက်မျိုးလည်း ပါဝင်သည်။

အချို့ပုံပြင်များတွင် ရွှေပျံလွှားသည် တန်ခိုးတော်ရှင် နတ်သားတစ်ပါးလောက် အစွမ်းထက်နေ၏။

စင်စစ် ဤပုံပြင်များကို ရွှေပျံလွှားက ဖြန့်ချိခြင်းမဟုတ်ပါ၊ ရွှေပျံလွှားကို ချစ်ခင်လေးစားကြသော ပြည်သူပြည်သားများက အထူးချီးကျူးပြောကြားရာမှ တစ်ဆင့်စကားတစ်ဆင့်နား ကြီးကျယ်သွားရခြင်းဖြစ်ပါသည်။

ယနေ့ ယွန်ချောချောသည် ရွှေပျံလွှား ထက်ကျင်ကို ကံကောင်းထောက်မစွာ ကြုံကြိုက်တွေ့ဆုံခဲ့ရသည်။ သူမအား ပေညီအစ်ကို ဓားပြလေးယောက်လက်မှ လာရောက်ကယ်တင်ခဲ့ပြီး သေလုသေခင်ဖြစ်နေသော မိခင်ကြီး၏အဆိပ်ဒဏ်ရာကိုလည်း လာရောက်

ကုသပေးလျက် ရှိနေလေပြီ။

ရွှေပုံလွှားသည် နတ်သားတစ်ပါး မဟုတ်သော်လည်း သာမန်လူတစ်ယောက်ထက် ပိုမို၍ စွမ်းဆောင်ကူညီနေသည်ကတော့ အမှန်ပင်။

ထို့ပြင် ယွန်းချောချောကြားဖူးထားသည့် သတင်းများ၌ ရွှေပုံလွှား၏ ရုပ်သွင်သည် အမျိုးမျိုးကွဲပြားနေ၏။ အချို့က ရုပ်ဆိုးသည်။ အချို့က ဝိန်လွန်းသည်။ အချို့က မုတ်ဆိတ်ကျင်စွယ်ရှိပြီး အရုပ်ပုသည်။ အချို့က ချောမောသည်။ စသည်စသည် သတင်းမျိုးစုံ ထွက်ပေါ်နေသည်။

ယခု သူမ တွေ့လိုက်ရသောအခါတွင် ကြားရသည်နှင့် အားလုံး တလွဲဖြစ်နေသည်။ ရုပ်ရည်ချောမောရုံတင်မက ခန္ဓာကိုယ်ကလည်း ကြံ့ခိုင်တောင့်တင်းမှုရှိသည်။ စကားပြောရာ၌လည်း တည်ကြည်သည်။ စကားအပို မပြောတတ်သလို ချိုသာပျူငှာခြင်းလည်း မရှိပြန်ပေ။ သိုင်းပညာ၌လည်း အလွန်ထူးချွန်နေသည်။

မည်သို့ပင်ဖြစ်စေ ရွှေပုံလွှားထက်ကျင်၏ပုံစံသည် တိုက်ခိုက်ရေးသမား သူရဲကောင်းတစ်ယောက်၏ပုံစံ ပီပီသသ ပေါက်နေသည်ကတော့ အမှန်ပင်ဖြစ်၏။ ရွှေပုံလွှား၏ ရုပ်သွင်နှင့် ပတ်သက်သော ကောလာဟာလသတင်းများ၌ အဘယ်ကြောင့် ဤရုပ်သွင်မျိုး မပါဝင်ခဲ့သည်ကို ယွန်းချောချော မစဉ်းစားတတ်ဘဲ ဖြစ်နေရလေ၏။



ယွန်းချောချောသည် သိုင်းပညာရှင်မိသားစုမှ ပေါက်ဖွားခဲ့သူဖြစ်၏။ သူမကိုယ်တိုင်လည်း သိုင်းပညာအသင့်အတင့် တတ်မြောက်သည်။ ထို့ကြောင့် ရွှေပုံလွှား၏သိုင်းပညာကို ခန့်မှန်းနိုင်ခြင်းဖြစ်ပေသည်။

ဤသို့ဆိုလျှင် ရွှေပုံလွှား၌ အရည်အချင်းများသည် အားလုံးအကောင်းချည်း ဖြစ်နေသည်။ ရွှေပုံလွှားသည် အမှန်တကယ်ပင် စံပြလူသားတစ်ဦးပေလော။

ထိုအချိန်၌ ဒဏ်ရာမှ အနီရောင်အသားလုံးသည် အပြင်သို့ တစ်လက်မကျော်ကျော်ခန့် စူထွက်လျက်ရှိနေလေပြီ။ ထက်ကျင်ထံမှ သက်ပြင်းချသံကြားရသည်။

ရွှေပုံလွှား ထက်ကျင်သည် သူမ၏မိခင် ဒဏ်ရာကို ကုသနိုင်ရေးအတွက် သူ၏အတွင်းအား အတော်များများကို အသုံးချလိုက်ရကြောင်း ယွန်းချောချော သိလိုက်သည်။

"ဓား ... "

ယွန်းချောချောသည် ထက်ကျင်၏ ညွှန်ကြားချက်အရ ကြိုတင်ပြင်ဆင်ထားသည့်ဓားကို ကမန်းကတန်း ပြေးယူသည်။ ဓားသွားကို မီးဖုတ်ထားသဖြင့် နီရဲနေသည်။ ထက်ကျင်သည် တိတိကျကျ ရဲရဲရင့်ရင့် အသားလုံးကို ဖြတ်ချလိုက်၏။ အသားကို လောင်ကျွမ်းသည့် ညှော်နံ့သည် တစ်ခန်းလုံး၌ ပျံ့နှံ့သွားသည်။

ထက်ကျင်သည် ပြတ်ကျသွားသော အသားလုံးကို မီးဖို ထဲသို့ လှမ်းပစ်ထည့်လိုက်၏။

"သူ့ရဲ့ကောင်းကြီး ... ညှော်မှာပေါ့"

"ညှော်ပါစေလေ၊ ဒီအသားက အဆိပ်မိထားတဲ့ အသား အဆွေးပဲ၊ ပြာဖြစ်သွားတာက ဘယ်သူ့ကိုမှ ဒုက္ခမပေးနိုင်ဘူး၊ ပြာ မဖြစ်ရင် တခြားတစ်ယောက်ယောက်ကို ဒုက္ခပေးနေဦးမယ်"

ယွန်းချောချောသည် သူမမိခင်၏ ကျောကုန်းကို ကြည့် လိုက်၏။ ထက်ကျင်က သူ့လက်ကို ပြန်ဖြုတ်လိုက်သည်။ ဒဏ်ရာ မှာ လုံးဝသွေးမထွက်တော့ပေ။ သူမ သိပ်အံ့သြသည်။

"ဒဏ်ရာက သွေးမထွက်ပါလား"

"ဒီအဆိပ်ဒဏ်ရာကို စနစ်တကျ ကုသနိုင်ပြီဆိုတာ ဒီ အချက်က ပြသလိုက်တာပဲ"

"ကျွန်မ သိပ်ဝမ်းသာတာပဲ"

ထက်ကျင်သည် စကားမပြောတော့ဘဲ ဒဏ်ရာပတ်ဝန်း ကျင်ကို လက်ဖြင့် ပွတ်ဆေးသည်။ မကြာမီ နီရဲသောသွေးများက ကျဆင်းလာသည်။

"ဟင်း ... "

ထက်ကျင်က သက်ပြင်းချသည်။ သူ့အိတ်ထဲ၌ ပါလာဟန် ရှိသော ဆေးပုလင်းကို နှိုက်ယူပြီး ဆေးမှုန့်များ သွန်ချသည်။ ဒဏ်



ရာပေါ်ကို ဖြူးပေးသည်။ တစ်ဆက်တည်း ဒဏ်ရာကို ပတ်တီးဖြင့် စည်းပေးသည်။

"ပြီးပြီ"

ထက်ကျင်က တိုတိုပြတ်ပြတ်ပင် ပြောသည်။ သူ့ကုသမှု အောင်မြင်ပြီးစီးသွားလေပြီ။

သူ့ကုသမှု အောင်မြင်သည့်အချက်ကို သက်သေပြလိုက် သည့်အချက်မှာ ရက်အတော်ကြာ သတိလစ်မေ့နေသော ယွန်း ကတော်ကြီးထံမှ ညည်းညူသံ ပေါ်လာသည့်အချက်ပေတည်း။ ယွန်း ချောချောမှာ ထခုန်မိမတတ် ဝမ်းသာသွားလေ၏။

"မေမေ ... မေမေ သတိရလာပြီ"

ယွန်းချောချောသည် သူမ၏ မိခင်ထံသို့ ပြေးသွားဟန်ပြင် လိုက်၏။ သို့သော် သူမ မပြေးနိုင်ပါ။ ထက်ကျင်က လှမ်းတားလိုက် သောကြောင့် ဖြစ်သည်။ ယွန်းချောချောမှာ မျက်လုံးအဝိုင်းသားဖြင့် ရပ်တန့်သွားသည်။

ထက်ကျင်သည် လက်ညှိုး၊ လက်ခလယ်နှစ်ချောင်းဖြင့် ယွန်းကတော်ကြီး၏ အိပ်ပျော်စေသော အကြောကို ခပ်ဆတ်ဆတ် လေးထောက်လိုက်၏။ ယွန်းကတော်ကြီး၏ညည်းညူမှု ရပ်ဆိုင်း သွား၏။ အိပ်ပျော်သွားလေပြီ။

ယွန်းချောချောသည် ထက်ကျင်၏အပြုအမူအတွက် မည်

သို့မှု သံသယမရှိပါ၊ သူရဲကောင်းကြီးထက်ကျင်သည် မလိုအပ်ပါဘဲ ပြုလုပ်လိမ့်မည်မဟုတ်ကြောင်း သူမ ကောင်းကောင်းသိပါသည်။

ထက်ကျင်က ...

"လုံမလေး ... မင်းမြင်တဲ့အတိုင်းပဲ၊ သူ့ကို ဒုက္ခပေးမယ့် ခန္ဓာကိုယ်ပေါ်က အစိတ်အပိုင်းကို ဖြတ်ထုတ်ပြီးပြီ၊ သူအိပ်ပျော်ရင် ဒဏ်ရာက အကျက်မြန်မယ်"

သူသည် ဆေးပုလင်းကို အဖုံးပြန်ပိတ်နေ၏။ သူ့ဆေးပုလင်းကို ယွန်ချောချော ကြည့်နေကြောင်း သတိပြုလိုက်သည်နှင့် ဆေးပုလင်းကလေးကို မြင်သာအောင် မြှောက်ပြသည်။

"ဒီဆေးမှုန့်ဟာ အင်မတန် အစွမ်းထက်တယ်၊ မြောက်ပင်လယ်မှာ ကျက်စားတဲ့ ဖုံဖြူဆီက ထုတ်လုပ်မှုရတဲ့ ဆေးမှုန့်ဖြစ်လို့ အင်မတန် တန်ဖိုးရှိတယ်၊ ဆေးပုလင်းကို ယူထား၊ နှစ်ရက်ခြားတစ်ခါ ဆေးမှုန့်ဖြူးပေး၊ ဆယ်ရက်ပြည့်ရင် အသားနုတက်လာလိမ့်မယ်"

ယွန်ချောချောသည် ဆေးပုလင်းကို ရိုသေစွာ လက်ခံယူပြီး သိမ်းဆည်းလိုက်၏။

"သူရဲကောင်းကြီး ... ကျွန်မမေမေကို ဘာကျွေးရမလဲ"

"ငှက်သိုက်ပေါင်း ကျွေးပါ၊ အားမြန်မြန်ပြည့်ဖို့ လိုတယ်"

ထက်ကျင်သည် ခေတ္တမျှ စဉ်းစားပြီးနောက် သူ၏အတွင်း



အိတ်ထဲသို့ လက်နှိုက်ပြန်လေ၏။ သူ့လက်ထဲပါလာသော အရောကား ဆေးမြစ်ကလေး တစ်မြစ်။

လင်ချိုဆေးမြစ် ... ။

လင်ချိုဆေးမြစ်ကား အလွန်တရာ ရှားပါးလှ၏။ ဤဆေးမြစ်သည် ကျက်လင်းပြည်နယ်၏ အလွန်တရာအေးမြသော တောင်ထိပ်၌ ရှားရှားပါးပါးပေါက်၏။ အင်အားကို ဖြည့်စွမ်းရာ၌ ဆေးမြစ်၏စွမ်းရည်ကို မည်သည့်ဆေးကမျှ မမီပေ။

ထက်ကျင်က ...

"ဒီဆေးမြစ်ကို ကျုပ်ရထားတာ ဆယ်နှစ်လောက်ရှိပြီ၊ ကျုပ်က လူချစ်လူခင်ပေါသလို မုန်းတဲ့လူလည်း ပေါတာပဲ၊ ကံကောင်းနေလို့ ဒဏ်ရာတစ်ခါမှ မရပေမယ့် ကျုပ်တစ်သက်လုံး ဒဏ်ရာမရဘဲ ရှိနေလိမ့်မယ်လို့ မျှော်လင့်မထားခဲ့ပါဘူး၊ ဒါကြောင့်လည်း ဒီဆေးမြစ်ကို ဆောင်ထားရတာပဲ၊ မင်းအမေကို တိုက်ကျွေးဖို့ ဆေးမြစ်တစ်ဝက် ပေးခဲ့မယ်၊ ဆေးတိုက်မယ်ဆိုရင် ဆေးမြစ်ပါးပါးလေး သုံးခုလောက်လှီး၊ ရေတစ်ခွက်လောက်ကျိုချော၊ တစ်ဝက်လောက်ရရင် မင်းအမေကို တိုက်"

သူသည် ဆေးမြစ်ကို တစ်လက်မခန့်ချိုးပြီးနောက် ယွန်ချောချော၏ လက်ထဲသို့ ထည့်လိုက်၏။

ယွန်ချောချောသည် တုန်ယင်သောလက်များဖြင့် ဆေးမြစ်

ကို လက်ခံယူရပြန်သည်။

အဘယ်သူသည် သူမအား လူဆိုးဓားပြများ၏ ရန်မှ ကာကွယ်ပေးမည်နည်း။ အဘယ်သူသည် ဘာအဆိပ်မှန်းမသိဘဲ သေလုသေခင်ဖြစ်နေသည့် သူမ၏မိခင်ကို ယခုကဲ့သို့ ကယ်တင်ပေးနိုင်မည်နည်း။ အဘယ်သူသည် ကြားဖူးရုံမျှ ကြားဖူးပြီး တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသေးသည့် ဤတန်ဖိုးရှိလှသော လင်ချိုဆေးမြစ်ကို တစ်ဝက်ခန့်ပေးမည်နည်း။

"ခြောက်နာရီအတွင်းမှာတော့ မင်းအမေကို မနိုးစေနဲ့ မနိုးမိစေနဲ့ သူနိုးလာမှ ဒီဆေးမြစ်ပြုတ်ရည်ကို တိုက်ပါ၊ အဝတ်အစားလဲပေးချင် လဲပေးပါ"

ယွန်ချောချောသည် သူမ၏မိခင်၏ နဖူးအား စမ်းသပ်ကြည့်လိုက်သည်။ လုံးဝကိုယ်မပူတော့ပေ။

ယွန်ချောချောသည် ကုသသည့်ကိစ္စအားလုံး ပြီးစီးသွားပြီဖြစ်သောကြောင့် ကျင်းလီ၏ အကူအညီကို ယူရလေသည်။

"ကျင်းလီ ... သူရဲကောင်းကြီးအတွက် ဟင်းလျာပူပူ လေးမျိုးနဲ့ အရက်တစ်အိုးလောက် ယူခဲ့စမ်း"

ကျင်းလီ၏ အော်သံကြားရသည်။

"လာပါပြီ ... မမလေး၊ အားလုံး အဆင့်သင့်ဖြစ်နေပါ ပြီ"

ကျင်းလီသည် လင်ပန်းတစ်ချပ်နှင့် ကသောကမျောပင်



ရောက်လာလေ၏။ လင်ပန်းပေါ်တွင် အငွေ့တထောင်းထောင်းထနေသည့် ဟင်းလျာများ ပါရှိနေ၏။

"သူရဲကောင်းကြီးရှင့် ... ဟင်းလျာတွေကို အရင် သုံးဆောင်ပါဦး၊ ကျွန်မ ခုတွင်ပဲ အရက်အိုး ယူပေးပါ့မယ်"

ထက်ကျင်က ရယ်မောရင်း ...

"ငါ့ကို မင်းက အရက်သမားများ အောက်မေ့နေသလား၊ ဟင်းလျာတွေရရင် တော်ပြီ။ ရေနွေးကြမ်းရရင် ယူခဲ့၊ နောက်ပြီး မျက်နှာသုတ်ပဝါတစ်ထည်လောက် ရေဆွတ်ယူခဲ့စမ်း"

ကျင်းလီသည် ဖျတ်လတ်စွာ ပြေးထွက်သွား၏။ မကြာမီ ရေဆွတ်ထားသည့် မျက်နှာသုတ်ပဝါဖြင့် မျက်နှာသုတ်ကာ ကိုယ်လက်သန့်စင်သည်။

ယွန်ချောချောက ရေနွေးကြမ်း ငှဲ့ပေးခြင်း၊ ဟင်းလျာပန်းကန်များ ပြင်ဆင်ပေးခြင်းအမှုကို ပြု၏။

ထက်ကျင်က မျက်နှာသုတ်ပဝါကို ကျင်းလီ၏ လက်သို့ ပြန်ထည့်ပေးပြီး ပြင်ဆင်ထားသည့် ဟင်းလျာများဘက်ကို လှည့်လာ၏။

"အခြေအနေက ကျုပ်ထင်ထားတာထက် ပိုဆိုးနေတယ်၊ တကယ်လို့ ကျုပ်သာ ဒီနေ့မလာဖြစ်ရင် နက်ဖြန် ကျုပ်ကုသလို့ရမယ် မထင်တော့ဘူး"

ယွန်းချောချော၏ မျက်လုံးကလေးများ ပြူးကျယ်ဝိုင်းစက်သွားရသည်။

"သူ့ရဲ့ကောင်းကြီး ... ဒါ ဘယ်သူ့လက်ချက် ဖြစ်နိုင်မလဲဟင်"

ထက်ကျင်သည် ဟင်းလျာပန်းကန်များကို တစ်ပန်းကန်ပြီး တစ်ပန်းကန် စားသောက်လေတော့၏။ သူသည် ဟန်ဆောင်မှု ကင်းလှ၏။ ယွန်းချောချောသည် ထက်ကျင်အဖြေကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်း နားထောင်နေသည်။

ထက်ကျင်သည် ဟင်းလျာပန်းကန်လေးလုံးထဲမှ ဟင်းလျာများကို အကုန်စားသောက်ပြီးနောက် ရေနွေးပန်းကန်ကိုယူ၍ မော့သောက်လိုက်သည်။

သူ၏ စားသောက်မှုကိစ္စအဝဝ ပြီးစီးသောအခါမှ ယွန်းချောချော၏ အမေးကို ဖြေသည်။

"ဒါတော့ မင်းအဖေကို မေး ... သူ မုချသိမယ်၊ ငါ့စိတ်ထင်တော့ မင်းအမေကို လုပ်ကြံတဲ့လူဟာ သေစေချင်တဲ့ဆန္ဒနဲ့တော့ ဟုတ်မယ်မထင်ဘူး"

ယွန်းချောချောသည် ရွှေပျံလွှား၏ သဘောထားကို နားလည်သည့်နှင့် မဖြေလိုသည့် မေးခွန်းအား အတင်းအကျပ် မမေးပေ။



ထို့ကြောင့် မေးခွန်းပြောင်း၍ မေးမြန်းလိုက်သည်။

"မေမေမိထားတာ ဘာအဆိပ်လဲဟင်"

"အသားစား အရိုးဆွေးအဆိပ်လို့ ခေါ်တယ်၊ အသားကို တဖြည်းဖြည်းစားပြီး အရိုးဆီကိုကူနခန်းပြီး အရိုးကို အဲဒီအဆိပ် မိရင် ကိစ္စပြတ်ပြီ၊ ဘယ်လိုမှ မကုနိုင်တော့ဘူး၊ အလွန်ဆိုး ဆယ့်ငါးရက်ပဲ"

"ဒါပေမဲ့ မေမေ ခုလိုဖြစ်နေတာ ဆယ့်ကိုးရက်ရှိနေပြီ"

"ဒါကတော့ မင်းမေမေက အတွင်းအားကောင်းတာလည်း တစ်ကြောင်း၊ အသားစား အရိုးဆွေးအဆိပ်က အရိုးထဲမရောက်သေးလို့လည်း တစ်ကြောင်း၊ ဒီရက်အထိ ခံနေရတာပါ"

"စောစောက ရှင်ပြောတယ် ... ဒီနေ့ကုသနိုင်လို့ အသက်မိတာလို့ပြောတယ် ... ဘာကြောင့်လဲ"

"ဒီလိုလေ ... အသားစားအရိုးဆွေးအဆိပ်က နှစ်မျိုးရှိတယ် ... အပြင်းစားနဲ့ အပျော့စား၊ အခုအဆိပ်က အပျော့စားပါ၊ တစ်လလောက် ကောင်းကောင်းခံနိုင်တယ်၊ ဒါပေမဲ့ မင်းအဖေက ဒီအဆိပ်ကို သူ့အတွင်းအားနဲ့ တော်တော်ခုခံခဲ့တယ်၊ အဆိပ်ရဲ့သတ္တိကို ပိုပြီးကြွစေတယ်၊ အပျော့စားကနေ အပြင်းစားဖြစ်လာတယ်၊ ကျုပ် အချိန်မီလာပေလို့သာပေါ့၊ ဒါကြောင့်လည်း သူ့ကို သေစေတဲ့ အထိတော့ ဟုတ်မယ်မထင်ဘူး"

ထက်ကျင်သည် စကားပြောနေချိန်အတွင်း ရေနွေးကို တစ်ပန်းကန်ပြီးတစ်ပန်းကန် သောက်နေသည်။ လင်ချီးဆေးမြစ်ကိုလည်း ထုတ်ယူပြီး အနည်းငယ်ကိုက်ဝါးလိုက်လေသည်။

ထို့နောက် ဝါးစား၏။

ထက်ကျင်က ရယ်၍ပြောလေ၏။

"အမှန်ကတော့ မင်းမေမေအတွက် ဒီဆေးမြစ်အားလုံးပေးဖို့ပါပဲ၊ ဒါပေမဲ့ ကိုယ့်အသက်ကယ်ဖို့လည်း ချန်ထားရသေးတယ်လေ"

ယွန်ချောချောက စိတ်ထဲမှ ပြောမိသည်။

"တစ်ဝက်ပေးတာပဲ ကျေးဇူးကြီးလှပါပြီရှင်၊ သူတစ်ပါးကို ကူညီဖို့ ရှင် ဆက်ပြီးအသက်ရှည်နေပါဦးရှင်၊ ဆင်းရဲသားတွေနဲ့ ကျွန်မမိခင်လို ဒုက္ခရောက်နေတဲ့လူတွေကို ကူညီကယ်တင်ဖို့ ရှင် အသက်ဆက်ရှင်ပါစေလို့ ကျွန်မ အမြဲဆုတောင်းပေးနေပါ့မယ်"

ထက်ကျင်သည် ရုတ်တရက် မတ်တတ်ထရပ်လိုက်လေသည်။

"ကဲ ... ကျူပ် ပြောခဲ့တာတွေကို မမေ့နဲ့နော်"

"ဟုတ် ... ဟုတ်ကဲ့ ... မှတ်မိပါတယ်"

"ကျူပ်ကို ပေးခဲ့တဲ့ကတိကိုကော မှတ်မိရဲ့လား"

"အသည်းနှလုံးထဲကကို မှတ်မိနေပါတယ်"



"ကောင်းတယ် ... သိပ်ကောင်းတယ်၊ လူဆိုတာ ကိုယ်ပြောတဲ့ကတိစကားကို စောင့်ထိန်းရတယ်၊ ကိုယ့်စကားလေးကိုတောင် မစောင့်ထိန်းနိုင်တဲ့လူဟာ ဒီ့ပြင် ဘာကိုမှ မစောင့်ထိန်းနိုင်တော့ဘူး၊ ကဲ ... ကျူပ်သွားပြီ"

ထက်ကျင်သည် လျင်မြန်သော လှုပ်ရှားမှုဖြင့် ထွက်ခွာသွားလေတော့၏။ ယွန်ချောချောသည် တားချိန်ပင် မရလိုက်ရှာပေ။

သို့သော် ယွန်ချောချောသည် သည်အတိုင်း ငြိမ်မနေပါ၊ ခပ်သုတ်သုတ်ကလေး ပြေးလိုက်သည်။

သူမကဲ့သို့ တပ်မှူးကြီး၏ သမီးတစ်ယောက်အဖို့ ယခုကဲ့သို့ ပြေးလိုက်ရခြင်းမှာ အလွန်တရာ ကျခြေမျက်လှသည်။

သို့သော် သူမ ဂရုစိုက်မနေနိုင်ပါ၊

"သူရဲကောင်းကြီး ထက်ကျင် ... ခဏနေပါဦး"

ချိုသာသော အသံကလေးသည်ရွှေပျံလွှား ထက်ကျင်အား တည်းခိုဆိုင်မှ မထွက်မီ အချိန်မီ တားမြစ်လိုက်နိုင်လေသည်။

ထက်ကျင်သည် စောင်းငဲ့၍ ကြည့်ပြီး ပြန်မေးလေသည်။

"ဘာကိစ္စဖြစ်လို့လဲ ... လုံမလေး"

"သူရဲကောင်းကြီး ... ကျွန်မ ... ကျွန်မ"

ယွန်ချောချောသည် ပြောမည့်စကားကို မပြောနိုင်ဘဲ ဖြစ်နေသည်။

ပြောမထွက်ပုံဘဲရှိနေဟန်တူသည်။ ထက်ကျင်က ရယ်မောလိုက်၏။

"ဘာလဲ ကျေးဇူးတင်စကားပြောမလို့လား၊ မလိုပါဘူးလေ ... ကျုပ်က ကျေးဇူးတင်ခံချင်လို့ ကူပေးတာမှ မဟုတ်တာပဲ"

"မ ... မ ... မဟုတ်ပါဘူး၊ သူ့ရဲ့ကောင်းကြီး ထက်ကျင်လင်ချူဆေးမြစ်ဟာ တန်ဖိုးရှိလွန်းလို့"

"မှန်တယ်၊ သိပ်တန်ဖိုးရှိတဲ့ ဆေးမြစ်ပါ၊ ဘာဖြစ်သလဲ"

"တော်ရုံတန်ရုံ အခြေအနေမှာဆိုရင် ကျွန်မအနေနဲ့ ဒီဆေးမြစ်ကို ကျွန်မလက်မခံပါဘူးရှင်၊ ဆေးမြစ်ရဲ့တန်ဖိုးကြီးမားလွန်းတဲ့အတွက် သူ့ရဲ့ကောင်းကြီးကို အားနာပြီး လက်မခံဝံ့ပဲဖြစ်နေမှာပါ၊ အခုမေမေက သိပ်အခြေအနေဆိုးနေလို့သာ ကျွန်မ ဒီဆေးမြစ်ကို လက်ခံရတာပါ၊ သူ့ရဲ့ကောင်းကြီးအနေနဲ့ ဒီဆေးမြစ်တစ်ဝက်ကို ပေးခဲ့ရတဲ့အတွက် အများကြီးနစ်နာဆုံးရှုံးရတယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒါကြောင့်မို့လည်း အဲ့ဒီဆေးမြစ်ဖိုး ကျွန်မ ပေးပါရစေ"

ထက်ကျင်က ဟက်ဟက်ပက်ပက်ရယ်လေ၏။

"ယွန်ချောချော"

ထက်ကျင်သည် ယွန်ချောချော၏နာမည်ကို သိရှိနေသော်လည်း မခေါ်သလောက်ရှိသည်။ ယခုမူ အလေးအနက် ခေါ်လိုက်လေ၏။



"မင်းရဲ့ ဖခင်ဟာ အခုဆိုရင် နယ်စားကြီးတစ်ပါး ဖြစ်သွားပြီ၊ ဒါပေမဲ့ မင်းဖခင်ဟာ တခြားနယ်စားတွေနဲ့မတူတဲ့ နယ်စားဖြစ်တယ်၊ သူ့မှာ ရွှေငွေဆိုလို့ ပြောပလောက်အောင် မရှိရှာဘူး၊ သူ့မှာမရှိဘဲနဲ့ မင်းတို့သားသမီးတွေမှာ ဘယ်လိုရှိနိုင်မှာလဲ၊ ငါ့ဆီက လင်ချူဆေးမြစ်ရဲ့တန်ဖိုးမပြောနဲ့ ဟိုဒဏ်ရာပေါ် ဖြူးတဲ့ ဆေးမှုန့်ဖိုးတောင် မင်းတို့ပေးနိုင်မှာ မဟုတ်ဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှမပြောနဲ့တော့၊ ကျုပ်စေတနာကိုလည်း စော်ကားရာ ကျလိမ့်မယ်၊ ကဲ ... ကျုပ်သွားပြီ"

ရွှေပျံလွှားထက်ကျင်သည် ဤတစ်ကြိမ်တွင်တော့ အမှန်တကယ် ထွက်ခွာသွားတော့သည်။ ယွန်ချောချောမှာ ကျောက်ရုပ်ဖြစ်ကျန်ခဲ့၏။ ကျောက်ရုပ်ဆိုသော်လည်း သူမ၏မျက်နှာမှာ ရှက်သွေးတက်ပြီး နီရဲလျက်ရှိနေရှာလေ၏။

❖ ❖ ❖

## အခန်း (၆)
## တင်ရှိသော ကျေးဇူးတရား

ယွန်ချောချောသည် စီးကျလာသည့် မျက်ရည်များကို မသုတ်နိုင်ဘဲ ရှိနေရှာသည်။ အိမ်ဖော်မလေး ကျင်းလီသည် ယွန်ချောချောအနီးသို့ မဝံ့မရဲ ချဉ်းကပ်လာလေသည်။

"မမလေး ... သခင်ကြီးထက်ကျင် ပြောသွားတဲ့စကားအတွက် မငိုသင့်ပါဘူး မမလေးရယ်"

"ငါ မငိုသင့်ဘူးလား ကျင်းလီ၊ မိန်းကလေးတစ်ယောက်ကို သူဒီလို ရက်ရက်စက်စက် မပြောသင့်ပါဘူး၊

"မမလေး မှားနေပြီ၊ သူက မမလေးကို ဆင်းရဲတယ်ဆိုပြီး လှောင်ပြောင်သွားတာ မဟုတ်ပါဘူး၊ နယ်စားကြီးဘဝရောက်နေတာတောင် တံစိုးလက်ဆောင် မစားဘဲနဲ့ ချို့ချို့ငဲ့ငဲ့ ဆင်းဆင်းရဲရဲနေတဲ့ မမလေးရဲ့ဖခင်သခင်ကြီးကို ချီးကျူးဂုဏ်ပြုပြီးပြောသွားတဲ့ စကားပါ၊ သူ့စကားအတွက် မမလေးရဲ့ဖခင်ကြီးဟာ ပိုမြင့်မြတ်သွားပါတယ်၊ မမလေးရဲ့ဖခင်နဲ့ တန်းတူရည်တူ တချို့တပ်မှူးကြီးတွေဆိုရင်



သူတို့ရဲ့အိမ်တော်မှာ ဘဏ္ဍာတိုက်တွေတောင် ထားကြတယ်၊ မမလေးရဲ့ဖခင် တပ်မှူးကြီးကတော့ ဘာဘဏ္ဍာတိုက်မှမရှိဘူး။ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲ၊ တကယ်လို့ မမလေးရဲ့ဖခင်ဟာ သိပ်ချမ်းသာတဲ့ တပ်မှူးကြီးဖြစ်နေမယ်ဆိုရင် သခင်ကြီးထက်ကျင်ဟာ အခုလို လင်ချုံဆေးမြစ်တွေ၊ ဟိုဒဏ်ရာဖြူးတဲ့ ဆေးမှုန့်တွေနဲ့ ဘယ်လာပြီး ကုသပေးတော့မလဲ"

ယွန်ချောချောသည် မျက်ရည်သုတ်ပြီး ဟင်းခနဲသက်ပြင်းချလိုက်သည်။

"သူ ငါ့ကို လှောင်သွားတာ မဟုတ်မှန်း ငါလည်း သိပါတယ်အေ၊ ငွေသိန်းချီ ရှိနေတာတောင် လင်ချုံဆေးမြစ်ရဲ့တန်ဖိုးကို မဝီဘူးဆိုတာလည်း ငါသိပါတယ်၊ လင်ချုံဆေးမြစ်ဆိုတာ သေခါနီးလူကိုတောင် အသက်ကယ်နိုင်တဲ့အထိ အစွမ်းထက်တဲ့ဆေးမြစ်ပဲ၊ ကဲ ... ဒါတွေ ထားပါတော့ ... ညည်းကို မေးစရာတစ်ခုရှိတယ်"

ကျင်းလီမှာ ယွန်ချောချော၏ ထူးထူးခြားခြား စကားကြောင့် အံ့ဩသွား၏။

"ငါက သူ့ကို ကတိပေးထားတယ်၊ မေမေ့ဒဏ်ရာကို ကုသပေးတဲ့အကြောင်း သူနဲ့ငါက,လွဲလို့ ဘယ်သူမှမသိပါစေနဲ့တဲ့၊ ညည်းက ဘယ်လိုလုပ် သိနေတာလဲ"

"ကျွန် ... ကျွန်မ ... ကျွန်မ ... "

"ညည်းကို ဝေးဝေးမှာ ရှောင်နေပါလို့ ငါမှာထားလျက်နဲ့ အခန်းနံရံမှာကပ်ပြီး ချောင်းနားထောင်နေတယ် မဟုတ်လား"

"ကျွန်မ ... ကျွန်မ နားမထောင်ပါဘူး"

"နားမထောင်ဘဲနဲ့ လင်ချီဆေးမြစ်အကြောင်း၊ ဒဏ်ရာဖြူးတဲ့ ဆေးမှုန့်အကြောင်း ညည်းက ဘယ်လိုလုပ်သိမှာလဲ၊ ထားပါတော့ ... ဒီအကြောင်း လုံးဝမပေါက်ကြားစေနဲ့ ...သိလား"

"ဟုတ် ... ဟုတ်ကဲ့ မမလေး ... စိတ်ချပါ"

"အေး ... စိတ်ချလို့ ဒီလို ခွင့်လွှတ်ထားတာပဲ၊ မဟုတ်ရင် ညည်းကို သတ်ပစ်လိုက်ပြီ"

ကျင်းလီမှာ ကြက်သီးထသွားသည်။ တတိယ သခင်မဖြစ်သူ မမလေးသည် စိတ်ထားကောင်းမွန်သလို အလွန်ထက်မြက်ကြောင်း ကျင်းလီ သိသည်။ သူမသည် ပြောသလိုလုပ်တတ်သော မိန်းကလေး ဖြစ်၏။

"စိတ်ချပါ မမလေးရယ်၊ ကျွန်မဟာ ပြောသင့်တဲ့စကားနဲ့ မပြောသင့်တဲ့ စကားကို ခွဲခြားသိတတ်ပါတယ်၊ အခုလည်း မမလေးကို အားပေးနှစ်သိမ့်ချင်လွန်းလို့ ကျွန်မ သိတဲ့အကြောင်း ပေါ်သွားရတာပါ"

ယွန်ချောချောသည် ကျင်းလီအား အပြစ်မယူရက်ပေ။

ကျင်းလီသည် အိမ်ဖော်ဟုဆိုသော်လည်း တကယ်တမ်း



အားဖြင့် ညီမတစ်ယောက်ကဲ့သို့ဖြစ်သည်။ တိုင်ပင်ဖော်တိုင်ပင်ဖက်လည်း ဖြစ်နေ၏။

ထိုမှ နောက်ပိုင်းတွင် ကျင်းလီသည် ယွန်ချောချောအား အမှန်တကယ်ပင် နှစ်သိမ့်နိုင်ခဲ့၏။ ယွန်ချောချောအနေဖြင့် လင်ချီဆေးမြစ်၏ တန်ရာတန်ဖိုးကို ပေးမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဆေးမြစ်အား ပေးသည့်အတွက် တတ်နိုင်သမျှ ပြန်လည်ကျေးဇူးပြုသည့်အနေဖြင့် တတ်နိုင်သောငွေကို ပေးလိုပါသည်ဟု သောသဘောကို ယွန်ချောချော ပြောခြင်းဖြစ်ပါသည်။

ကျင်းလီက ...

"မမလေးရယ် ... သခင်ကြီးထက်ကျင်က တစ်ပါးဆီကရတဲ့ သိန်းသန်းချီတဲ့ငွေကိုတောင် ဝေပေးနေတာပဲ၊ သူ ငွေမမက်ပါဘူး၊ ငွေမက်ရင် အဲ့ဒီငွေတွေ ဘယ်ဝေပေးနေတော့မလဲ"

"ဘယ်တူမလဲအေ့ ... ညည်းပြောတဲ့ငွေက စင်စင်ကြယ်ကြယ်ရတဲ့ငွေမှ မဟုတ်ဘဲ၊ ငါတို့ဆီကငွေက တရားသဖြင့် စင်စင်ကြယ်ကြယ်ရတဲ့ ငွေဖြစ်တယ်"

"ဒါလည်း မမလေးမှားတာပဲ၊ သူက မမလေးဆီက ငွေလိုချင်လို့ ကူသတာမှ မဟုတ်ဘဲ၊ စေတနာနဲ့ကူတာပဲဥစ္စာ၊ ငွေပေးရင် သူ့စေတနာကို စော်ကားရာ ကျနေမှာပေါ့၊ ဒီသဘောပဲ သူပြောသွားတာပဲ"

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ ကျင်းလီရယ် ... လူမှန်ရင် ကျေးဇူးတရားကို သိတတ်ရမယ်၊ သူဟာ ငါတို့ထက် သိုင်းပညာ အဆင့်မြင့်မယ်လို့ ယူဆရတယ်၊ သိုင်းပညာနဲ့ပတ်သက်လို့ ငါတို့က သူ့ကိုဘာမှပြန်မပေးနိုင်ဘူး၊ ငါတို့ပေးနိုင်တာ ပြန်ပေးတာကို စေတနာစော်ကားတယ်လို့ ဆိုနိုင်မလား"

"ဒါက မမလေးရဲ့စေတနာပဲကိုး၊ ဒါပေမဲ့ သခင်ကြီးထက်ကျင်က ဒါတွေကို ဂရုမစိုက်ဘူး၊ သူ့စကားပြောပုံကို ကြည့်ပါလား ... မိန်းမရယ်, ယောကျ်ားရယ် မခွဲခြားဘူး၊ ပြောချင်ရာပြောချလိုက်တာပဲ၊ ကိုယ်က သူ့သဘောသဘာဝကို သိထားပြီးရင်ပြီးတာပဲ မမလေးရယ်"

ယွန်ချောချောသည် သက်ပြင်းချရုံမှတပါး အခြားဘာမျှ မတတ်နိုင်တော့ပြီ။ မည်သို့ပင်ဖြစ်စေ၊ သူ့ရဲကောင်းကြီးထက်ကျင်၏ ကူညီ ကုသမှုကြောင့် မိမိ၏မိခင်ကြီး အသက်ချမ်းသာရာ ရခဲ့ပေပြီ။

သြော် ... ရွှေပုံလွှားဆိုသည့်လူမှာ ကျော်ကြားသလောက် စိတ်သဘောထားမြင့်မြတ်သည့် လူပါလားဟု တွေးတော ငေးမော နေမိတော့သည်။

ကျင်းလီသည် စားသောက်ဖွယ်ရာဟင်းလျာများနှင့် အရက်အိုးယူလာပြီး သူမ၏ မမလေးအား ခင်းကျင်းပေးသည်။

"မမလေး ... သခင်ကြီးထက်ကျင်ရဲ့စကားအတွက် ဘာမှ



စိတ်အနှောင့်အယှက် ဖြစ်မနေပါနဲ့၊ အခုဆိုရင် မေမေကြီး အသက်ချမ်းသာရာရသွားပြီ၊ ဒါက ဝမ်းသာစရာပါ၊ ကျွန်မကို ရှေ့ခရီးဆက်ကြရဦးမယ် မဟုတ်လား၊ စားစရာရှိတာကို စားထားမှ မမလေး အတွက် အင်အားပြည့်နေပါလိမ့်မယ်"

ယွန်ချောချောသည် အရက်အိုးကိုလှမ်းကြည့်ပြီး နှာခေါင်း တစ်ချက်ရှုံ့လိုက်သည်။

"သူ့ရဲကောင်းကြီး ထက်ကျင်တောင် အရက်မသောက်ဘဲနဲ့ ငါတို့လို မိန်းမသားတွေက အရက်သောက်လို့ဖြစ်မလား၊ ညည်း လည်း စဉ်းစားကြည့်စမ်းပါ၊ ညည်းရဲ့အရက်အိုးကြီးကို ပြန်ယူသွား စမ်းပါအေ"

ကျင်းလီသည် အရက်အိုးထဲမှ အရက်ကို ပန်းကန်ထဲသို့ လောင်းငှဲ့ထည့်လိုက်သည်။

"မမလေး မသောက်ချင်နေပါ၊ ဒီတစ်ကြိမ်မှာတော့ ကျွန်မကို ခွင့်ပြုပါနော်၊ ကျွန်မ မသောက်လို့ မဖြစ်ဘူး"

ယွန်ချောချော မျက်လုံးလေး မြင့်တက်သွားလေ၏။

"ဘာဖြစ်လို့ မသောက်မဖြစ် ဖြစ်နေရတာလဲ"

"ကျွန်မ ပေလောက်တိုင်ရဲ့ အလောင်းကိုသွားပြီး ဖျောက်ဖျက်ပစ်ရဦးမယ်လေ"

"ဟင် ... ညည်း သူ့ကို သတ်ပစ်လိုက်ပြီလား"

"မသတ်လို့ ဘယ်ရမလဲ မမလေးရယ်၊ သူက ကျွန်မကို ဖမ်းတော့မလို့ဥစ္စာ၊ အဲ့ဒါနဲ့ ဆီးနှင်းပုလဲကို လက်ဆောင်ပေးလိုက်ရတာပေါ့"

ဆီးနှင်းပုလဲဆိုသည်မှာ ထန်တီးဂိုဏ်း၏ ထူးခြားသော အဆိပ်လက်နက်ပုန်း ဖြစ်ပေသည်။ လွန်စွာကြောက်စရာကောင်း၏။

"ဘယ်လိုဖြစ်ရတာလဲကွယ်"

"ဒီလိုပါ မမလေးရယ် ... ပေလောက်တိုင်ဟာ အတင်းလိုက်လာတယ်၊ ကျွန်မလည်း မတတ်သာတာနဲ့ ဆီးနှင်းပုလဲနဲ့ပစ်ခတ်ပြီး သတ်လိုက်ရတယ်လေ၊ အဲဒီအချိန်မှာ မြို့စောင့်အရာရှိ သုံးယောက် ကင်းလှည့်လာတာနဲ့ကြုံတယ်၊ သူတို့မတွေ့ခင် လမ်းဘေးက ဆီးနှင်းပုလဲထဲကို ထိုးထည့်ပြီး မြို့စောင့်အရာရှိတွေနဲ့ စကားပြောရတယ်၊ ကျွန်မ စကားပြောနေတုန်း မမလေးရောက်လာတာပဲ၊ အဲ့ဒီတော့ ပေလောက်တိုင်ရဲ့အလောင်းကြီးကို ဖျောက်ဖျက်ရဦးမှာပေါ့၊ တော်ကြာ တွေ့သွားရင် ပြဿနာတက်နေဦးမယ်"

ထို့နောက် ကျင်းလီ စဉ်းစဉ်းစားစား ပြောလေ၏။

"နောက်ပြီး ကျစ်ရစ်ခဲ့တဲ့ ပေညီအစ်ကို သုံးယောက်က လျှော့တွက်လို့ ဖြစ်မှာမဟုတ်ဘူး၊ ပေလောက်တိုင် ပြန်မလာဘူးဆိုတာနဲ့ သူတို့ဟာ ကျွန်မတို့နောက် ခြေရာခံလိုက်မှာ သေချာပါတယ်"



ယွန်ချောချော အံကြိတ်၍ ပြောလိုက်လေ၏။

ကျင်းလီက လက်ကာရင်း ...

"မမလေး သိုင်းပညာတတ်တဲ့အကြောင်း ဖော်မပြတာ အကောင်းဆုံးပါပဲ၊ ဒါပေမဲ့ သခင်ကြီးထက်ကျင်ကတော့ မမလေး သိုင်းပညာတတ်တဲ့အကြောင်း သိမှာပါပဲ"

"သိတာပေါ့၊ သူ့ရဲ့ကောင်းကြီး ထက်ကျင်ကို ဘာမှညာလို့ မရဘူး၊ သူ အားလုံးကို ထွင်းဖောက်မြင်တယ်"

"တကယ်လို့ ကျန်ရစ်တဲ့ ပေညီအစ်ကိုသုံးယောက်လိုက်လို့ ရှိရင် မမလေး ဘာမှဝင်မစွက်ပါနဲ့၊ ကျွန်မတာဝန်ထားလိုက်ပါ၊ ကျွန်မ ကြည့်ရှင်းလိုက်ပါ့မယ်၊ မမလေးကတော့ သိုင်းပညာမတတ်တဲ့ ပုံစံမျိုးနဲ့နေပါ"

ကျင်းလီပြောသည်မှာ မှန်၏။

ပေညီအစ်ကို လိုက်လာမည်ဆိုလျှင် ဤတည်းခိုဆိုင်သို့သာ ရောက်ရှိလာကြရပေမည်။

သခင်မက တိုက်ခိုက်ခြင်းထက် အိမ်ဖော်က တိုက်ခိုက်ခြင်းက ဖြေရှင်းရလွယ်သည်။

ယွန်ချောချောကလည်း ဤအချက်ကို သဘောပေါက်သည်။ သူမနှင့်ကျင်းလီ နှစ်ယောက်တည်းရှိပြီး ပြဿနာကြုံတွေ့

လာပါက အကြောင်းမဟုတ်ချေ။

ယခု သူမ၏မိခင်ကြီးရှိနေသည်။ မိခင်ကြီး၏ ဒဏ်ရာမှာ ပြန်ကောင်းစဖြစ်၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်နိုင်မည်မဟုတ် ပေ။

နောက်တစ်ခါ အဆိပ်အပ်ဖြင့် ပစ်ခတ်ခံရပါက ရွှေပုံလွှား ကလည်း လာရောက်ကူညီနိုင်တော့မည်မဟုတ်ပါ။

ယွန်ချောချောသည် နှုတ်ခမ်းကလေးကို ပြတ်လုမတတ် တင်းတင်းကိုက်လိုက်ရင်း ခပ်တိုးတိုးပြောလေသည်။

"ဘယ်သူများ ငါတို့ကို ရန်ရှာနေပါလိမ့်ကွယ်၊ ညီအစ်ကို တွေဟာ သူတို့စိတ်, သူတို့ဘာသာနဲ့ ငါ့ကို ဖမ်းတာမဟုတ်ဘူး၊ သူ့ရဲ ကောင်းကြီး ထက်ကျင်ကလည်း မပြောဘူး"

ကျင်းလီသည် သူ၏သခင်မလေး သို့မဟုတ် မမလေး စား သောက်ရန် ဟင်းလျာများကို ရှေ့တိုးပေး၏။

"မမလေး ဒါတွေကို ခဏမေ့ထားလိုက်တော့၊ မမလေး ရော ကျွန်မရော ပင်ပန်းနေကြပြီ၊ ကောင်းကောင်းစားကြစို့၊ ဒါမှ မေမေကြီးကို ပြုစုနိုင်မှာ"

အမှန်စင်စစ် ကျင်းလီကဲ့သို့သော အိမ်ဖော်မလေးတစ် ယောက်အဖို့ ယွန်ချောချောတို့ကဲ့သို့သော သခင်မမျိုးနှင့် ထမင်းစား သောက်ခွင့်မရှိပေ။

အခြားအခြားသော အထက်တန်းစား သူဌေးသူကြွယ်၊ မင်း



ဆွေမင်းမျိုးများသည် အိမ်ဖော်မများနှင့် မည်သည့်အခါမျှ လက်ရေ တစ်ပြင်တည်း ထမင်းစားလေ့မရှိကြပေ။ အဆင့်အတန်း ခွဲခြားကြ သည်။

သို့သော် ယွန်မိသားစုတော့ သည်လိုမဟုတ်ကြပေ။ ထိုစဉ် ကာလက. တရုတ်ပြည်အထက်တန်းစားများနှင့် အလွန်ခြားနားနေ သည်။

ယွန်ချောချောသည် ကျင်းလီနှင့် ထမင်းလက်ဆုံစားသည်။ ညီမတစ်ယောက်ကဲ့သို့ ပေါင်းသင်းသည်။ အိမ်တော်မှ အတွင်းရေး အားလုံးကို ဖွင့်ဟတိုင်ပင်သည်။

စားသောက်ပြီးသောအခါ ယွန်ကတော်ကြီးအနီးသို့ ယွန် ချောချောနှင့်ကျင်းလီတို့ ရောက်ရှိလာကြ၏။ ခြောက်နာရီကြာမျှ စောင့်ဆိုင်းပြီးနောက် ယွန်ကတော်ကြီး ညည်းညည်းညူညူ လုပ် လာသည်။

ထို့ကြောင့် ယွန်ချောချောက ကျင်းလီ၏ အကူအညီဖြင့် ကိုယ်လက်သန့်စင်စေပြီး အဝတ်အစားများ လည်းလှယ်ဝတ်ဆင်ပေး သည်။

လင်ချုံမြစ်ကို ပြုတ်ထားသည့် ဆေးရည်ကိုလည်း တိုက် ကျွေးသည်။

လင်ချုံမြစ်ကား အစွမ်းထက်လေစွတကား။ ယွန်ကတော်

ကြီးမှာ လုံးဝမညည်းညူတော့ပေ။ ယခင်က ယွန်ကတော်ကြီး တစ်ကိုယ်လုံး၌ သွေးရောင်မရှိသလို လွန်စွာဖျော့တော့သည်။

လင်ချူဆေးမြစ်ပြုတ်ရည်ကို တိုက်ကျွေးပြီးသောအခါတွင် တစ်ကိုယ်လုံး သွေးရောင်လွှမ်းလာသည်။

ယွန်ချောချောသည် သူမ၏မိခင်ကို တစိမ့်စိမ့်ကြည့်ရင်း သူရဲကောင်းကြီးထက်ကျင်ကို သတိရနေသည်။

သူရဲကောင်းကြီး ထက်ကျင်သည် နတ်ဒေဝတာတစ်ပါးလို ဖြုန်းခနဲပေါ်လာပြီး ဖြုန်းခနဲ ပျောက်ကွယ်သွားသည်။

ကျေးဇူးစကားကိုလည်း အပြောမခံ၊ ဆင်းရဲသူဆင်းရဲသားများက သူ့အကြောင်းကို ဒဏ္ဍာရီသဖွယ် လွန်လွန်ကျူးကျူး ပြောနေကြခြင်းမှာ တကယ်တမ်းအားဖြင့် အလွန်မရှိဟု သူမ,သိမြင်လာရသည်။

သူမ,မိခင်၏ အသက်ကသည် ထက်ကျင်ကယ်တင်သောအသက်သာ ရှိတော့သည်။ ထက်ကျင်၏ ကျေးဇူးတရားကို ယွန်ချောချောတစ်ယောက် တစိမ့်စိမ့်တွေး၍ ဆင်ခြင်စဉ်းစားမိလေတော့သည်။

❖ ❖ ❖



## အခန်း (၇)
## ခြေရာခံလိုက်လာသူများ

ဆောင်းရာသီဆိုသည်မှာကား နေ့တာအလွန်တိုသောရာသီဥတုဖြစ်၏။ သို့ကြောင့် အချိန်ကုန်မြန်သည်။ ညပိုင်းသို့ရောက်သောအခါ ယွန်ချောချောသည် သူမ၏မိခင်အား လင်ချူဆေးမြစ်ရည်ကို သုံးကြိမ်မျှ တိုက်ပြီးခဲ့ပေပြီ။

ယွန်ချောချောသည် ပန်းကန်လုံးထဲမှ လင်ချူဆေးမြစ်ဖတ်ကလေး သုံးဖတ်ကို ဆယ်ယူပြီး ကျင်းလီအား လှမ်းပေးသည်။

"ကျင်းလီ ... ဒီဆေးမြစ်ကို သုံးကြိမ် ပြုတ်ထားပေမယ့် အာနိသင်တော့ ကျန်နေဦးမှာပါ။ ရော့ ... ညည်း စားချင်စားလိုက်"

ကျင်းလီက ဝမ်းပန်းတသာ လှမ်းယူပြီး ဝါးစားလေတော့သည်။

လင်ချူဆေးမြစ်ကား စွမ်းလေစွတကား။

ကျင်းလီ၏ တစ်ကိုယ်လုံးပူနွေးသွားသည်။ နဖူးမှ ချွေးများ

နို့လာသည်။ ချက်ချင်းလက်ငင်း ခွန်အားတက်သလို ဖြစ်လာသည်။

ယွန်းချောချောက ကျင်းလီကို အကဲခတ်ရင်းမေးလိုက်သည်။

"ဘယ်လိုနေသလဲ ကျင်းလီ"

"သိပ်ထူးခြားတယ် မမလေး၊ သုံးခါပြုတ်ပြီးတဲ့ ဆေးရည်ဖတ်တောင် ဒီလောက်စွမ်းနေရင် မေမေကြီးကိုတိုက်တဲ့ ဆေးစွမ်းကိုတော့ ပြောစရာရှိတော့မယ် မထင်ဘူး"

ကျင်းလီ၏ မျက်လုံးများသည် ရုတ်တရက် တံခါးဝသို့ ရောက်ရှိသွားသည်။

သူမလက်သည် လျှပ်တစ်ပြက် လှုပ်ရှားသွားပြီး ဓားမြှောင်တစ်စင်းသည် လေထုကို ထိုးခွဲထွက်သွား၏။

'ရှီး ...'

'ခွမ်း ...'

ကျင်းလီ၏ လှုပ်ရှားမှုက လျင်မြန်ပါသည်။ သို့သော် သူမထက် ပို၍ လျင်မြန်သူမှာ ယွန်းချောချော ဖြစ်လေသည်။

ကျင်းလီက ဓားမြှောင်နှင့် လှမ်းပစ်လိုက်သည်နှင့် ယွန်းချောချောက တစ်ပြိုင်တည်းလိုလို အကြမ်းပန်းကန်ဖြင့် ကောက်ပေါက်ပြီး ဖြစ်နေသည်။

ဓားမြှောင်သည်လည်း လမ်းကြောင်းလွဲသွားကာ တံခါး



ဘေးရှိ ထရံ၌ သွားစိုက်သည်။

"အရှုးမ ... ရန်သူမှန်း သေသေချာချာမသိဘဲနဲ့ အရမ်းတိုက်ခိုက်ရသလား"

ယွန်းချောချော ကြိမ်းမောင်းလိုက်၏။ ကျင်းလီမှာ အပြစ်ရှိနေသဖြင့် ဘာမျှပြန်မပြောရဲတော့ပေ။

"ဒီကနေ့ တို့စီးလာတဲ့ မြင်းရထားသမားဟာ စိတ်ထားဖြောင့်မတ်ပုံရပါတယ်၊ ဘာဖြစ်လို့ သူ့ကို အလားကားသေစေချင်ရတာလဲ၊ ဘာကိစ္စနဲ့ ငါတို့အခန်းဝကို လာသလဲမသိဘူး ... သွားမေးစမ်း"

ကျင်းလီသည် တံခါးဝသို့ လျှောက်သွားပြီး တံခါးကို ဆွဲဖွင့်လိုက်၏။

မှန်၏။ တံခါးဝ၌ ရပ်နေသူကား မြင်းရထားမောင်းသမား လောင်လီစွန်းကျိ တည်း။

သူသည် တံခါးဝ၌ ငေးကြောင်ကြောင်ရပ်နေ၏။ ဖြစ်ပုံကား ဤသို့တည်း။ တံခါးသည် လုံးဝစေ့စေ့ပိတ်ထားသည် မဟုတ်ပေ။ အနည်းငယ် ဟနေသဖြင့် ဓားမြှောင်တစ်ချောင်း ကောင်းစွာဝင်သွားနိုင်သည့် အခြေအနေမျိုးမှာ ရှိသည်။

အကယ်၍ ယွန်းချောချောကသာ ဓားမြှောင်ကို အကြမ်းပန်းကန်လုံးဖြင့် လမ်းလွှဲခြင်းမပြုပါက လောင်လီစွန်းကျိအနေဖြင့်

လည်မျိုပေါ်၌ ခေါးစိုက်ပြီး ပွဲချင်းပြီးသေဆုံးနိုင်လေသည်။

ကျင်းလီက ခပ်ဆတ်ဆတ်မေး၏။

"ရှင် ဒီကို ဘာလာလုပ်တာလဲ"

မေးခွန်းသံကြားမှ လောင်လီစွန်းကျို အသက်ဝင်သလို ဖြစ်လာသည်။ သေဘေးမှ လက်မတင်လေး လွတ်ထွက်သွားသည့်အဖြစ်ကို လောင်လီစွန်းကျို မသိပေ။ သူကြောင်တိကြောင်တောင် ဖြစ်နေခြင်းမှာ အပျိုလေးနှစ်ယောက် ရှိနေရာသို့ လာရောက်၍ တွေ့ဆုံရခြင်းအတွက် ရှက်နေခြင်းသာ ဖြစ်သည်။

"ဒီ ... ဒီလိုပါ ... ချောင်ဟုန်စွန်းတောင်ခြေမှာ တွေ့ခဲ့တဲ့ ပေညီအစ်ကိုသုံးယောက်ကို တုန်စွမ်အရက်ဆိုင်ထဲမှာ တွေ့လို့ လာပြောတာပါ"

"တုန်စွမ် အရက်ဆိုင်က ဘယ်မှာလဲ"

"ဒီဆိုင်ရဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ဆိုင်က တုန်စွမ်အရက်ဆိုင်ပဲ"

"သူတို့ ဒီထဲရောက်တာနဲ့ ကျွန်မတို့နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်ထင်တာပဲ၊ သူတို့က ဒီဆိုင်ကိုပဲ ကြည့်နေတာကိုး၊ မြို့စောင့်အရာရှိတွေကို သွားတိုင်လိုက်ရမလား"

ကျင်းလီ မအံ့သြမိချေ။ ပေလောက်တိုင်၏ ညီအစ်ကို သုံးယောက်သည် သူ့အစ်ကိုကြီးနှင့် ပြန်လည်မဆုံစည်းသည်နှင့် သူတို့



နောက်ကို ခြေရာခံလိုက်လာမည် ဖြစ်ကြောင်းကို ကျင်းလီ ကြိုတင်သိထားခဲ့ပေသည်။

ကျင်းလီ ဆုံးဖြတ်ချက် ချပြီးဟန်နှင့် ခပ်သွက်သွက်ပြောလေ၏။

"သူတို့က တကယ်လိုက်လာကြသကိုး၊ ကိစ္စမရှိပါဘူး ... ကျွန်မကို သူတို့ဆီရောက်အောင် ခေါ်သွားစမ်းပါ"

လောင်လီစွန်းကျို ထိတ်လန့်သွားသည်။ မထိတ်လန့်၍လည်း မဖြစ်ပါ၊ ထိုအရက်ဆိုင်အတွင်းသို့ မိန်းမများ ဝင်လေ့ဝင်ထမရှိပါ၊ အထူးသဖြင့် ကျင်းလီကဲ့သို့ ငယ်ရွယ်သော၊ နုပျိုလှပသော မိန်းကလေးများ ဝင်လေ့ဝင်ထ မရှိပါ၊

လောင်လီစွန်းကျို ချီတုံချချ ဖြစ်နေစဉ်မှာပင် ကျင်းလီ၏ နူးညံ့သော လက်ကလေးများက သူ့လက်မောင်းများကို ဆုပ်ကိုင်ကာ ကောင်ဟင်းချန်တည်းခိုခန်းအတွင်းမှ ထွက်သွားတော့၏။ လောင်လီစွန်းကျိုမှာ ရုန်းရအခက် လိုက်ပါရအခက်ဖြင့် ကျင်းလီ၏ လက်ထဲ၌ ကန့်လန့်ကန့်လန့် ပါသွားရလေတော့၏။

ကောင်ဟင်းချန်တည်းခိုခန်းနှင့် မျက်နှာချင်းဆိုင်ရှိ တုန်စွမ်အရက်ဆိုင်အတွင်းမှ အရက်နံ့များနှင့် သင်းပျံ့သော ဟင်းလျာနံ့များရရှိလာသည်။ လောင်လီစွန်းကျိုနှင့်ကျင်းလီတို့သည် ဆိုင်လုံးပြည့် ထိုင်နေသည့် အရက်သမားများကို ဖြတ်ကျော်၍ ဆိုင်ထဲသို့

ဝင်လာ၏။

တုန်ရွှမ်အရက်ဆိုင်သို့ လာလေ့လာထရှိသော အရက်သမားတိုင်း တစ်ဖက်ဆိုင်ရှိ မြင်းဇောင်းကို အပိုင်ရရှိထားသည့် မြင်းရထားသမား လောင်လီစွန်းကျိအား ကောင်းကောင်းသိရှိကြ၏။ လောင်လီစွန်းကျိသည် ဤအရက်ဆိုင်သို့ ယခင်လည်း လာခဲ့ဖူးသည်။ သို့သော် မည်သည့်အခါကမျှ အမျိုးသမီးတစ်ယောက်ကို ဤဆိုင်သို့ ခေါ်ဆောင်မလာခဲ့ဖူးပေ။

ယခုသော် ...

ထူးဆန်းလှစွာ လောင်လီစွန်းကျိတစ်ယောက် အလှပန်းကလေးတစ်ပွင့်အား အရက်ဆိုင်အတွင်းသို့ ခေါ်ဆောင်လာခဲ့လေပြီ။

လောင်လီစွန်းကျိသည် တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ကျင်းလီဆွဲခေါ်ရာ ပါလာလေသည်။ သူသည် ဤဆိုင်၌ တစ်ခါတလေ အရက်သောက်ဖူးသည်။ တစ်ခါတစ်ရံဆိုမှ တစ်ခါတစ်ရံဖြစ်သည်။ ဤအရက်ဆိုင်သည် အရက်ကောင်း ရောင်းချရုံမျှမက အရက်နှင့်လိုက်ဖက်သည့် စားမြိန်ဟင်းလျာများကိုလည်း အထူးချက်ပြုတ်ရောင်းချတတ်ရာ အရက်တန်ဖိုးက ဈေးကြီးသလို ဟင်းလျာတန်ဖိုးကလည်း ဈေးကြီးသည်။

ထို့ကြောင့် လောင်လီစွန်းကျိအနေဖြင့် အရက်ဆိုင်သို့



အမြဲတမ်း လာရောက်စားသောက်ရန် မတတ်နိုင်ပေ။ ယခုမူ ကျင်းလီနှင့် အရက်ဆိုင်ထဲ ရောက်ရှိလာခဲ့ပေပြီ။

ဆိုင်ထဲတွင် စားပွဲလွတ်ဟူ၍ မရှိတော့ပေ။ စားပွဲတိုင်းတွင် လူကိုယ်စီ ရှိနေကြလေပြီ။ ကျင်းလီသည် အလွန်တရာ မျက်စိရှင်၏။ ပေညီအစ်ကိုသုံးယောက်ကို ကောင်ဟင်းချန်တည်းခိုခန်းအား ကောင်းစွာကြည့်မြင်နိုင်သည့် ပြတင်းတံခါးပေါက်၌ ထိုင်နေကြကြောင်း တွေ့ရှိလိုက်ရသည်။

ပေညီအစ်ကို သုံးယောက်သည် နံနက်ပိုင်းကလို ညစ်ပတ်ပေရေသော အဝတ်အစားများနှင့် မဟုတ်တော့ပေ။ ကုန်သည်ပွဲစားများကဲ့သို့ ပြောင်လက်သော အဝတ်အစားများ ဝတ်ဆင်ထားကြလေပြီ။ သို့သော် ကြမ်းတမ်းသော သူတို့၏ရုပ်ရည်များကို တောက်ပပြောင်လက်သော အဝတ်အစားများက ဖုံးဖိကာကွယ်ပေးနိုင်ခြင်း မရှိကြပေ။

လောင်လီစွန်းကျိသည် ကျင်းလီအား လှည့်ပြောလေသည်။

"ကျွန်တော်တို့ ထိုင်စရာ မရှိတော့ဘူးဗျ။ စားပွဲတိုင်း လူပြည့်နေပြီ"

ကျင်းလီက လောင်လီစွန်းကျိ၏စကားကို ကြားသောအခါ မျက်မှောင်ကြုတ်သွားလေ၏။

"ထိုင်စရာမရှိလို့ မဖြစ်ဘူး"

လောင်လီစွန်းကျို စိတ်ညစ်သွားသည်။

"ခင်ဗျား ဘယ့်နှယ့်ပြောလိုက်ရတာလဲ၊ ထိုင်စရာမရှိတဲ့ ဥစ္စာ ... ကြမ်းပေါ်မှာ ထိုင်ရမှာလား"

"ကျွန်မ ဒါတွေ နားမလည်ဘူး၊ စားပွဲနဲ့ ကုလားထိုင်နဲ့ ထိုင်ရမှ ဖြစ်မယ်၊ ငွေဘယ်လောက်ကုန်ကုန် ကုန်ပါလေ့စေ၊ စားပွဲ ကုလားထိုင်ရအောင် ရှင်ကြံစမ်းပါ"

လောင်လီစွန်းကျိုသည် အခက်အခဲတွေ့နေ၏။ သူ့အနေဖြင့် မည်သူ့ကို စားပွဲကုလားထိုင်မှ ထခိုင်းရပါမည်နည်း။

ထိုစဉ် သူ့မျက်လုံးများသည် ညာဘက်ထောင့်စွန်း၌ ထိုင်နေသည့် လူလေးယောက်ထံသို့ ရောက်ရှိသွား၏။ ထိုလေးယောက်ထဲမှ တစ်ယောက်ကို သူသိသည်။

"ဟုတ်ကျို"

ဟုတ်ကျိုသည် ဤမြို့ရှိ အရာရှိကြီးတစ်ဦးအိမ်၌ မြင်းလှည်း မောင်းသမားဖြစ်သည်။ လောင်လီစွန်းကျိုနှင့် ရင်းနှီးသည်။

"ဟုတ်ပြီ၊ ဟုတ်ကျိုကို တောင်းပန်ပြီး ဖယ်ခိုင်းရင်ရနိုင်မယ်"

လောင်လီစွန်းကျိုသည် ဝမ်းသာအားရတွေးလိုက်သည်။ ကျင်းလီ၏လက်ကို အသာဖြုတ်ပြီး ဟုတ်ကျိုထိုင်နေသည့် စားပွဲကို လျှောက်လာသည်။ ဟုတ်ကျို၏ စားပွဲပေါ်မှ ဟင်းလျာများသည်



လည်း ပြောင်တလင်းခါနေပြီ။ ငွေရှင်းဖို့ကိစ္စသာ ကျန်တော့သည်။

"ဟင်း ... သူတို့ စားသောက်ထားတဲ့ အဖိုးအခတွေကို ငါတို့ကသာ ရှင်းပေးလိုက်ရင် ဟုတ်ကျိုတို့က ထမပေးဘဲ ဘယ်နေလိမ့်မလဲ"

လောင်လီစွန်းကျို စိတ်ထဲမှပြောပြီး ဟုတ်ကျိုအနီးသို့ တိုးကပ်သွားသည်။

ဟုတ်ကျိုသည် လောင်လီစွန်းကျိုအား လှည့်ကြည့်ပြီး နှုတ်ဆက်လိုက်သည်။

"ဟေ့ ... လောင်လီစွန်းကျို ... ဘယ်က မိုးနတ်မလေးကို ခေါ်လာတာလဲဟေ့ ... လှပါပေ့ကွာ"

"ရှူး ... တိုးတိုး"

ကျယ်လောင်,ကျယ်လောင် ပြောနေသည့် အသံကြီးကို ကျင်းလီ ကြားသွားမည်စိုးရိမ်သဖြင့် လောင်လီစွန်းကျိုက ကမန်းကတန်း တားမြစ်လိုက်ရသည်။

သို့သော် ဟုတ်ကျိုကတော့ ဂရုမစိုက်ပါ။

"အောင်မာ ... ငါက လှလို့ လှတယ်ပြောတာ နာစရာလားကွ၊ ဟား ... ဟား ... မင်းကတော့ တကယ့်ကို စန်းပွင့်နေတာကိုးကွ"

လောင်လီစွန်းကျိုသည် ဆက်ရှင်းနေပါက ပို၍ ရှုပ်သွားကုန်မည် စိုးရိမ်သဖြင့် ထိုအကြောင်းကို ဆက်မပြောတော့ချေ။

"အစ်ကိုကြီး ဟုတ်ကျို ... ကျွန်တော်တို့ ထိုင်စရာခုံ မရှိဘူး ဖြစ်နေတယ်ဗျာ၊ တကယ်လို့ အစ်ကိုကြီးတို့ စားပြီးသောက်ပြီးကြပြီဆိုရင် ကျွန်တော်တို့ကို ဒီစားပွဲ ပေးပါလား၊ အစ်ကိုကြီးတို့ စားသောက်ထားတဲ့ အရက်ဖိုးတွေ, ဟင်းလျာဖိုးတွေ အားလုံးကို ကျွန်တော် ရှင်းပေးလိုက်ပါ့မယ်"

"ဟေ ... "

ဟုတ်ကျိုမှာ အမူးပြေသလို ဖြစ်သွား၏။

သူတို့တစ်တွေမှာ စားပြီးသောက်ပြီး၍ ထတော့မည်လုပ်နေကြရာမှ လောင်လီစွန်းကျိုရောက်ရှိလာပြီး သူတို့အတွက် ကျသင့်ငွေများ ရှင်းပေးမည်ဆိုသောအခါ သူနားပင် သူမယုံသလို ဖြစ်သွားသည်။

သို့ရာတွင် လောင်လီစွန်းကျိုတစ်ယောက် တကယ်ပင် အကုန်အကျခံမည့်ဟန်ပန်မျိုး တွေ့နေရသောကြောင့် မယုံမရှိ မဖြစ်တော့ပေ။

"ဟား ... ဟား ... ဟား ... မင်းအနေနဲ့ တကယ်အကုန်အကျခံတော့မှာပေါ့လေ၊ အေးအေး ... ဘာပဲဖြစ်ဖြစ် ပါရမီဖြည့်ပေးရမှာပေါ့ကွာ"

ဟုတ်ကျိုသည် သူ့အဖော်သုံးယောက်ဘက်သို့ လှည့်ပြောသည်။



"ကဲ ... ငါတို့အတွက် ဒကာပေါ်လာပြီ၊ သွားကြစို့"

ဟုတ်ကျို ထွက်သွားသောအခါ သူ့အဖော်သုံးယောက်တို့လည်း ဒယီးဒယိုင်ဖြင့် ဟုတ်ကျိုနောက်မှ လိုက်သွား၏။

"ကဲ ... နေရာရပြီ"

လောင်လီစွန်းကျိုသည် ကျင်းလီအား လက်ယပ်ခေါ်လိုက်လေ၏။

အရက်ဆိုင်မှ စားပွဲထိုးအလုပ်သမားများသည် အလျင်အမြန်ရောက်ရှိလာပြီး စားပွဲမှ အရက်အိုးများ၊ ပန်းကန်များနှင့် စားကြွင်းစာကျန်များကို လျင်မြန်ဖျတ်လတ်စွာ သိမ်းဆည်းသွား၏။

အခြား စားပွဲထိုး လူငယ်တစ်ယောက်က လောင်လီစွန်းကျိုအား လှမ်းမေးလေ၏။

"ဆရာတို့ ဘာများသုံးဆောင်ကြမလဲဗျာ"

"လူလီဟုန် အရက်နှစ်ပိဿာ ယူခဲ့"

ဤသို့အမိန့်ပေးလိုက်သူမှာ လောင်လီစွန်းကျို မဟုတ် ... ကျင်းလီ ဖြစ်ပါသည်။

လောင်လီစွန်းကျိုမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

လူလီဟုန်အရက်သည် အကောင်းဆုံးအရက်ဖြစ်၏။ ဤဆိုင်၌သာ အကောင်းဆုံးအရက် မဟုတ်ပေ။ တရုတ်ပြည် မြောက်

ဝိုင်းဒေသတစ်ခုလုံး၌ အထင်ရှားဆုံး၊ အကျော်ကြားဆုံး အရက်ဖြစ်သည်။ သူဌေးသူကြွယ်များ၊ ကုန်သည်ပွဲစားများနှင့် လူကုံထံများသာ ထိုအရက်ကို သောက်နိုင်ကြသည်။

လောင်လီစွန်းကျိုက ကပျာကယာဝင်၍ ပြင်ဆင်လိုက်သည်။

"ဟော ... ဟော ... အရက်တစ်ပိဿာလောက်ဆိုရင် တော်ပါပြီ၊ ဒီတစ်ပိဿာကတော့ သူ့အတွက်ပေါ့ကွာ၊ ငါ့အတွက်တော့ လေးတံဆိပ် အရက်အိုးတစ်အိုး ယူခဲ့ပါ"

ကျင်းလီက မျက်စောင်းထိုးပြီး ပြော၏။

"ရှင်က အတော်အောက်တန်းကျပါလား၊ ဘာဖြစ်လို့ အပေါစားအရက်ကို သောက်ရတာလဲ"

လောင်လီစွန်းကျိုမှာ မျက်နှာတစ်ပြင်လုံး နီရဲသွားသည်။

"မ ... မဟုတ်ပါဘူးဗျာ၊ လူလီဟုန်အရက်က လူကုံထံတွေသာ သောက်တဲ့အရက်ဆိုတော့ အရသာကောင်းပေမယ့် သိပ်ပြီး မပြင်းလှဘူးဗျ၊ ကျွန်တော်တို့က အရက်ပြင်းပြင်း သောက်နေတဲ့လူတွေဆိုတော့ လူလီဟုန်အရက်နဲ့ သိပ်အဆင်မပြေလှဘူး၊ ဒါကြောင့်မို့ လူလီဟုန်အရက်ကို ခင်ဗျားအတွက်သာ မှာတာပါ"

ကျင်းလီက တခစ်ခစ်ရယ်၏။

"ကျွန်မကတော့ ဒီလိုမထင်ဘူး၊ လူလီဟုန်အရက် ဈေးကြီး



လွန်းလို့ ရှင်မသောက်တာလို့ပဲ ထင်တယ်၊ ရှင်ကကြားထဲက ပူမနေစမ်းပါနဲ့ရှင်၊ ဒီဆိုင်ထဲဝင်လို့ ကုန်ကျစရိတ်တွေအားလုံး ကျွန်မ အကုန်အကျခံရမှာပါ"

ကျင်းလီ၏ စကားဆုံးသည်နှင့် ဆိုင်အလုပ်သမားလေးက အနောက်ဘက်သို့ ကျယ်လောင်စွာ လှမ်းအော်လိုက်လေ၏။

"လေးတံဆိပ်အရက်အိုး ယူမလာခဲ့နဲ့တော့၊ လူလီဟုန် အရက်နှစ်ပိဿာပဲ ယူခဲ့ပေတော့"

တစ်ဆိုင်လုံးရှိ လူများသည် လောင်လီစွန်းကျိုနှင့် ကျင်းလီတို့ ဝင်လာကတည်းက တစိုက်မတ်မတ် ဂရုစိုက်နေခဲ့ကြသည်။ ယခုကဲ့သို့ လူလီဟုန်အရက်မှာကြားသံ ကြားလိုက်ရသောအခါ ပို၍ပင် ဂရုစိုက်သွားကြသည်။ ထိုတစ်ဆိုင်လုံးရှိ လူများထဲတွင် ပေညီအစ်ကို သုံးဦးလည်း ပါရှိသည်ဖြစ်ရာ လောင်လီစွန်းကျိုအဖို့ တစ်ကိုယ်လုံး ချွေးပြန်နေတော့၏။

ပေညီအစ်ကို သုံးဦးသည် လောင်လီစွန်းကျိုနှင့် ကျင်းလီတို့ကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေ၏။ သူတို့၏ အကြည့်များသည် ဓားဖျားလှံဖျားလို လွန်စွာ စူးရှထက်မြက်လှ၏။ လောင်လီစွန်းကျို ကြောက်မည်ဆိုလျှင်လည်း ကြောက်လောက်ပါပေသည်။

လောင်လီစွန်းကျိုသည် သူ့မျက်လုံးများကို သူ့ရှေ့ရှိ စားပွဲပေါ်သို့ရောက်အောင် ပြန်ကြိုးစားလိုက်ရ၏။ တော်ပါသေးသည်။

လူလီဟုန် အရက်အိုးနှင့် စားသောက်ဖွယ်ဟင်းလျာများလည်း ချက်ချင်း ရောက်ရှိလာသည်။

ကျင်းလီက အရက်ပန်းကန်လုံးများထဲသို့ အရက်များ လောင်းငှဲ့ထည့်ပေးသည်။ အရက်ပန်းကန်ကို လှမ်းကိုင်သော လောင်လီစွန်းကျို၏လက်များ တုန်လှုပ်နေသည်ကို ကြည့်ပြီး ကျင်းလီ ပြုံးမိသည်။

ကျင်းလီသည် အရက်ကိုငှဲ့၍ သောက်လိုက်ပြီး ခပ်ကျယ်ကျယ်ပြောသည်။

"အစ်ကိုကြီးလောင်လီစွန်းကျို ...အစ်ကိုကြီးဟာ မြင်းရထားမောင်းတဲ့နေရာမှာ နံပါတ်တစ်ပဲ၊ ဒါကို လူတိုင်းသိတယ်၊ ဒါပေမဲ့ ကျားပွတ်ရိုက် ဘယ်လောက်တော်တယ်ဆိုတာကိုတော့ ဘယ်သူမှ မသိဘူး။ မနက်တုန်းက ပေလောက်တိုင်ဆိုတဲ့ ဓားပြခေါင်းဆောင်ကြီးကို တစ်ချက်တည်းနဲ့ လဲအောင်ရိုက်နိုင်တာကိုသာ တခြားလူတွေ မြင်ရင် သိပ်အံ့သြသွားကြမှာပဲ"

လောင်လီစွန်းကျိုမှာ ထခုန်မိမတတ်ဖြစ်သွား၏။ မျက်နှာတစ်ပြင်လုံး ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။ သူသည် ဗလုံးဗထွေး ပြောမိလေ၏။

"အဲ ... အဲဒီလိုတော့ မနောက်ပြောင်ပါနဲ့ဗျ၊ ကျွန် ... ကျွန်တော် တောင်းပန်ပါတယ်"



ကျင်းလီက တခစ်ခစ်ရယ်လေ၏။

"အို ... ကျွန်မ နောက်နေတာမှ မဟုတ်ဘဲ၊ မနက်က အဖြစ်ကို တကယ်ပြောနေတာဥစ္စာ"

"ဘုရားရေ ... ခင်ဗျားကလည်း ပြောလေကဲလေပါပဲလေ၊ နောက်မစမ်းပါနဲ့ရှင်၊ ကြောက်စရာမလိုပါဘူး၊ ပေလောက်တိုင်ဆိုတာ လူကောင်းမှ မဟုတ်ဘဲရှင့် ... လူဆိုးဓားပြပဲဥစ္စာ၊ ဘယ်သူသိသိ အရေးမကြီးပါဘူး၊ သူသေသွားပြီဆိုတာကိုသာသိရင် လူသာစုခေါ် နတ်သာစုခေါ်ကြမှာပါရှင်၊ ရှင် သူ့ကို တောထဲမှာ ဒီအတိုင်းပစ်ထားခဲ့သလား၊ ပစ်ထားခဲ့ရင်လည်း အရေးမကြီးပါဘူးရှင်၊ အခုလောက်ဆိုရင် နှင်းတွေဖုံးကုန်လောက်ရောပေါ့"

လောင်လီစွန်းကျိုသည် သတ္တိကြောင်သူတစ်ယောက် မဟုတ်ပါချေ။ သို့သော် သူ့မလုပ်ခဲ့သည့် ရာဇဝတ်ဖြစ်မှုတစ်ခုအား သူ့အား အလိုအလျောက် လာပတ်မည်ကိုတော့ ကြောက်ရွံ့တတ်သူ ဖြစ်ပါသည်။ သူသည် သောက်လုဆဲဆဲ အရက်ခွက်ကို စားပွဲပေါ် ပြန်တင်ထားပြီး စားပွဲစွန်းကို လက်ဖြင့်ကိုင်၍ သူ့ခန္ဓာကိုယ်ကို ထိန်းထားလိုက်ရသည်။ အကယ်၍ ထိုသို့မထိန်းလိုက်ပါက လဲပြိုကျတော့မည်မဟုတ်လား။

ထိုအချိန်တွင် ပေညီအစ်ကိုသုံးဦးက မတ်တတ်ရပ်နေလေပြီ။ သုံးဦးစလုံးပင် လောင်လီစွန်းကျိုတို့၏ စားပွဲသို့ ဖြည်းညင်းစွာ

လျှောက်လာကြသည်။ ထိုသူတို့၏ ချဉ်းကပ်ပုံမှာ မြင်ရုံနှင့်ထိတ်လန့်ဖွယ်ကောင်းလှ၍ ဆိုင်ထဲမှာ ဆူညံဆူညံစကားပြောနေသူတို့ပင် နှုတ်ဆိတ်သွားကြသည်။

ဒုတိယညီဖြစ်သူ ပေလောက်ယီသည် လောင်လီစွန်းကျိ၏ စားပွဲခုံ၌ လက်ထောက်ပြီး ခပ်ရိုင်းရိုင်းပင် မေးလေသည်။

"ခင်ဗျားတို့ ဘာတွေပြောနေကြတာလဲ"

"ကျွန်မတို့ ဘာပြောရမှာလဲ၊ ကျွန်မတို့ တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို စားမြုံ့ပြန်နေကြတာပေါ့"

လောင်လီစွန်းကျိမှာ ခွေးအ,ကြီးလှည်းနင်းထားသကဲ့သို့ စကားမပြောနိုင်ဘဲ ဖြစ်နေသည်။ ကျင်းလီက သွက်လက်စွာပင် ဝင်ပြောသည်။

ပေလောက်ယီသည် လောင်လီစွန်းကျိအား မကြည့်တော့ပေ။ ကျင်းလီနှင့်သာ မျက်နှာချင်းဆိုင်တော့သည်။

"လုံမလေး ... မနက်က အဖြစ်တွေအတွက် ကျုပ် တောင်းပန်ပါတယ်"

"ရှင် ... ဘာအဖြစ်ပါလိမ့်"

ကျင်းလီသည် အကြောင်ရိုက်နေ၏။ သူမ မည်မျှသဏ္ဌာန်ကောင်းသည်ကို လောင်လီစွန်းကျိ တဖြည်းဖြည်းသိလာသည်။

"လုံမလေး ... ဘာမှ မသိချင်ယောင်ဆောင်မနေပါနဲ့၊



မနက်တုန်းက တိုက်ခိုက်တာက ကျုပ်တို့သဘော မဟုတ်ပါဘူး၊ သူများက တိုက်ခိုင်းလို့ပါ"

"ရှင် ... ဘယ်သူက တိုက်ခိုင်းပါလိမ့်"

"ဒါတော့ ကျုပ် ပြောခွင့်မရှိပါဘူး၊ အခုဆိုရင် လုံမလေးရဲ့ တတိယမြောက် မမလေးဟာလည်း ကောင်ဟင်းချန်တည်းခိုဆိုင်ကို ဘေးမသီရန်မခ ရောက်သွားပါပြီ၊ ကျုပ်တို့မှာသာ ... "

"ရှင်တို့ ဘာဖြစ်နေတာလဲ၊ ရှင်တို့ လူကောင်းတွေချည်း ပဲဥစ္စာ၊ ဘယ်သူ ဒဏ်ရာရသွားလို့လဲ"

ပေလောက်ယီ၏မျက်နှာ၌ စိတ်မရှည်ဟန် ပေါ်လာသည်။

"လုံမလေး ... ပေါက်ကရစကားတွေ ပြောမနေပါနဲ့၊ ကျုပ်တို့ အစ်ကိုကြီးပေလောက်တိုင်ဟာ ခုထိ ပြန်ရောက်လာခြင်း မရှိသေးဘူး"

ကျင်းလီက လောင်လီစွန်းကျိကို မေးငေါ့ပြလေသည်။

"ဒါလား ... ဒီကိစ္စနဲ့ ပတ်သက်ရင်တော့ ဟောဒီက အစ်ကိုကြီး လောင်လီစွန်းကျိက အသိဆုံးပဲ ...သူ့ကို မေးကြည့်ပါ"

လောင်လီစွန်းကျိ မျက်နှာပျက်သွားသည်။

"ကျွန် ... တော် ဘာ ... ဘာ မှမသိပါဘူး"

လောင်လီစွန်းကျိ တုန်တုန်လှုပ်လှုပ် ဖြစ်နေသည်ကို ကြည့်ပြီး ပေလောက်ယီ သဘောကျလာ၏။

"အင်း ... ကျုပ်တို့ သိပ်မေးစရာတော့ လိုမယ်မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စောစောကပဲ ဟောဒီက လုံမပြောတဲ့ စကားတွေကို ကျုပ်တို့ ကြားလိုက်ရပါတယ်၊ ဒါပေမဲ့ ဒီက အစ်ကိုကြီးက ကျုပ်တို့ရဲ့ အစ်ကိုကြီး ပေလောက်တိုင်ကို တစ်ချက်တည်းနဲ့ လဲကျသွားအောင် မလုပ်နိုင်ဘူးလို့ ကျုပ် ထင်မြင်ယူဆထားပါတယ်"

"ဟုတ် ... ဟုတ်ပါတယ်ဗျာ၊ ကျုပ် မြင်းရထားမောင်းသမားသက်သက်ပါ"

"ကျုပ်တို့ နားလည်ပါတယ်၊ လူတစ်ယောက် လှုပ်ရှားမှုကို ကြည့်တာနဲ့ ဒီလူဟာ သိုင်းပညာ တတ်မတတ် ကျုပ်တို့ အကဲခတ်နိုင်ပါတယ်၊ အစ်ကိုကြီးဟာ သာမန်အရပ်သားဆိုတာ ကျုပ်တို့ သိပါတယ်ဗျာ"

လောင်လီစွန်းကျိ ထိုအခါမှ နေရထိုင်ရသက်သာသွား၏။ လေပူကြီးကို မှုတ်ထုတ်မိသည်။

"ဟင်း ... မသက်သာပါလား" ဟုလည်း စိတ်ထဲမှ ကျိတ်၍မှတ်ချက်ချမိ၏။

ပေလောက်ယီက ဆက်၍ပြောလေ၏။

"ကျုပ်တို့ အစ်ကိုကြီး၊ ပေလောက်တိုင်ကို ဟောဒီက မြင်းရထားဆရာ သတ်တာ မဖြစ်နိုင်ပေမယ့် ရွှေပျံလွှား သတ်တာတော့ ဖြစ်နိုင်တယ်၊ ရွှေပျံလွှားကလွဲလို့ ကျုပ်တို့အစ်ကိုကြီးကို ဘယ်သူမှ



မသတ်နိုင်ပါဘူး၊ ဒါပေမဲ့ ရွှေပျံလွှားဟာ ကျုပ်တို့အစ်ကိုကြီးကို သတ်ချင်မှလည်း သတ်လိမ့်မယ်၊ ကျုပ်တို့အစ်ကိုကြီးအနေနဲ့ အရေးတကြီး တစ်နေရာရာကို ထွက်သွားတာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ကျုပ်တို့အစ်ကိုကြီး ဘယ်ကိုသွားတာ တွေ့လိုက်ကြပါသလဲ"

ကျင်းလီက ခပ်ဆတ်ဆတ်ဝင်မေး၏။

"ဘာလဲ ... ရှင်တို့က ကျွန်မတို့ကို လာပြီးစစ်ဆေးနေတာလား"

"လုံမလေး ... စကားပြောရင် ကောင်းကောင်းပြောပါ၊ ရန်စကား မပြောပါနဲ့"

"ရှင်တို့ကို ရန်စကားပြောနေတာမဟုတ်ဘူးရှင့်၊ ကျွန်မတို့ကသာ ရန်လုပ်ချင်ရင် မနက်ကတည်းက မြို့စောင့်အရာရှိတွေ ကို တိုင်လိုက်တယ်၊ ကျွန်မတို့သာ တိုင်ထားရင် ရှင်တို့ အခုလို လွတ်လွတ်လပ်လပ် သွားနေနိုင်မှာ မဟုတ်ဘူး"

ပေလောက်ယီ၏ လေသံမာလာသည်။

"လုံမလေးတို့ကို ရွှေပျံလွှားက လိုက်စောင့်ရှောက်ပေးလို့ ဘဝင်မြင့်နေကြတာလား၊ ရွှေပျံလွှားဟာ မင်းတို့ နောက်ကို အမြဲတမ်းလိုက်ပြီး အကာအကွယ် မပေးနိုင်ဘူးဆိုတာ သိထားစမ်းပါ"

ကျင်းလီ၏ လေသံ ချက်ချင်း နူးညံ့သွားသည်။

"ဟုတ်ပါတယ်လေ၊ ဒါကို ကျွန်မတို့လည်း သိပါတယ်၊ ရှင်

အစ်ကိုကြီး ပေလောက်တိုင်ဟာ ကျွန်မတို့ကို လိုက်ပြီး အနှောင့်အယှက်ပေးနေတုန်း ရွှေပျံလွှားရောက်လာပြီး ကျွန်မတို့ကို အကာအကွယ်ပေးပါတယ်"

"ကျုပ်တို့အစ်ကိုကြီး ဘာဖြစ်သွားသလဲ"

"ဒဏ်ရာနည်းနည်းပါးပါး ရသွားတယ်လို့ထင်တာပဲ"

"သူ ... အခု ဘယ်မှာရှိသလဲ"

"နေရာကိုတော့ ပြောမပြတတ်ဘူး၊ လိုက်ပြလို့တော့ တတ်ပါတယ်၊ အဲဒီနေရာကို ဒီကအစ်ကိုကြီး လောက်ယီစွန်းကျိ ကောင်းကောင်းမှတ်မိပါတယ်"

"ဒီအတိုင်းဆိုရင်တော့ မင်းနဲ့ မြင်းလှည်းဆရာကိုပဲ ထပ်ဒုက္ခပေးရမလို ဖြစ်နေပြီ"

"ကျွန်မတို့နှစ်ယောက်စလုံး သိုင်းပညာမတတ်ဘူးရှင့်၊ ကျွန်မတို့ကို အနိုင်ကျင့်မလို့လား"

"မဟုတ်ပါဘူး ... လိုက်ပြဖို့ မေတ္တာရပ်ခံတာပါ"

"ကျွန်မတို့ကို မှဲ့တစ်ပေါက်မစွန်းစေရဘူးလို့ ကတိပေးနိုင်ပါ့မလား"

"စိတ်ချပါ ... ကောင်းကောင်းကြီး ကတိပေးပါတယ်"

ကျင်းလီက ပြုံးရယ်ရင်း ...

"ရှင်တို့ကိုလိုက်ပြဖို့ ကျွန်မမှာ တာဝန်မကြီးလှပါဘူး၊ ဒါပေ



မဲ့ ဒီစားပွဲရဖို့နဲ့ ကျွန်မတို့အတွက် မှာထားတဲ့ငွေကြေး အကုန်အကျအတော်များနေပါတယ်"

ပေလောက်ယီက ဂရုမစိုက်ဟန်ဖြင့် သူ့အိတ်ထဲကို နှိုက်လိုက်သည်။

"ဒါက အသေးအဖွဲပါ၊ ကျသလောက် ကျုပ်တို့ ရှင်းလိုက်ပါ့မယ်၊ ကျုပ်တို့ အစ်ကိုကြီးရှိတဲ့နေရာကို ပြရင်ရပြီးတာပဲ"

ပေလောက်ယီ၏ လက်ထဲ၌ ငွေလွှဲလက်မှတ်တစ်ခု ပါလာ၏။ လောင်လီစွန်းကျိအား လှမ်းပေးလိုက်ပြီး ...

"ကဲ ... ဒါက ကျုပ်တို့က ကျေးဇူးပြုခြင်းပဲဖြစ်ပါတယ်၊ ကျုပ်တို့အစ်ကိုကြီး ပေလောက်တိုင်အနေနဲ့ နှင်းတောထဲမှာ အကြာကြီး သွေးကြောပိတ် ခံထားရရင်တော့ သိပ်လွယ်လှမယ် မထင်ဘူး၊ ဒါကြောင့် သိပ်အချိန်မဆွဲချင်ဘူး၊ အမြန်ဆုံးသွားကြမှဖြစ်မယ်"

ကျင်းလီက ထောက်ခံလိုက်၏။

"ကောင်းသားပဲ အစ်ကိုကြီး လောင်လီစွန်းကျိ ငွေကိုတော့ အားလုံးအတွက် ဖြေရှင်းပေးလိုက်ပေါ့၊ အရက်နဲ့ စားဖြိန်တွေကိုတော့ ပြန်လာမှ စားကြသောက်ကြပေါ့ ... မကောင်းဘူးလား"

လောင်လီစွန်းကျိက အဖြေပေးရန် ဟန်ပြင်လိုက်စဉ်မှာပင် ပေလောက်ယီက ဝင်ထောက်ခံလေသည်။

"အဲဒါ အကောင်းဆုံးပဲပေါ့ အစ်ကိုကြီး လောင်လီစွန်းကျိ

ခင်ဗျားရဲ့ မြင်းရထားကို သွားထုတ်လိုက်ပါ၊ ခင်ဗျားတို့ ပြန်လာမှ ဆက်စားကြတာပေါ့ဗျာ"

လောင်လီစွန်းကျိသည် ပေလောက်ယီပေးသော ငွေလွှဲလက်မှတ်ကို စားပွဲထိုး လက်သို့ အပ်ပြီး၊ မြင်းရထားပြင်ရန် ထွက်ခွာသွားလေတော့၏။

သူ့အဖို့ စိတ်ထဲ၌ သက်သာခြင်းမရှိလှပေ။

ပေလောက်တိုင်၏ ကံကြမ္မာနိဂုံးချုပ်ကို ကျန်ရစ်သည့် ပေညီအစ်ကိုသုံးဦးအနေဖြင့် စိတ်လက်ကြည်ကြည်သာသာ လောင်လီစွန်းကျိအနေဖြင့် ဗေဒင်မမေးဘဲ ကြိုတင်သိနေစွမ်း ရှိနေပါ၏။

❖ ❖ ❖



## အခန်း (၈)
## သတ္တိဟူသည်

လောင်လီစွန်းကျိ၏ မြင်းရထားသည် တစ်ဟုန်ထိုး ပြေးလွှားနေ၏။ ညအမှောင်ပျိုးနေပြီဖြစ်သော်လည်း လထွက်စောသဖြင့် အလင်းရောင် အတော်ရနေ၏။

မြင်းရထားအတွင်း၌ ကျင်းလီတစ်ယောက်တည်း လိုက်ပါလာသော်လည်း မြင်းရထားခေါင်းမိုးပေါ်၌မူ ပေညီအစ်ကိုသုံးဦးဖြစ်သည့် ပေလောက်ယီ၊ ပေလောက်စန်းနှင့် ပေလောက်စီတို့ သုံးဦးပါရှိလာသည်။

သူတို့ မြင်းရထား စတင်မထွက်မီ ကျင်းလီက ...

"အစ်ကိုကြီး လောင်လီစွန်းကျိ ... အရင်လမ်းအတိုင်းမောင်းပါ၊ မနက်က သစ်တောအုပ်နားရောက်ရင် ခဏရပ်ပါ၊ နောက်မှ ကျွန်မ ဘယ်ဆက်သွားရမယ်ဆိုတာကို ပြောမယ်"

လောင်လီစွန်းကျိက ခေါင်းညိတ်ပြ၏။

သူသည် မြင်းရထား မပြင်ဆင်မီ ကောင်ဟင်းချက်တည်းခို

ခန်းမှ အလုပ်သမားတစ်ယောက်ကိုခေါ်ပြီး မြို့စောင့်အရာရှိများထံသို့ စေလွှတ်ပြီး မြို့ပြင်သစ်တောသို့ လိုက်ခဲ့ပါရန် အကြောင်းကြားနိုင်းခဲ့သည်။

သူ့အနေဖြင့် ဤသို့ အကြောင်းကြားထားမှ ကျန်လူဆိုးလူမိုက်သုံးယောက်၏ သတ်ဖြတ်မှုဘေးရန်မှ လွတ်မြောက်နိုင်မည်ဟု တွက်ချက်ထားသည်။

တစ်ခုတော့အသေအချာဆုံးဖြတ်ထားသည်။ ဤလူဆိုးလူမိုက်သုံးဦးအား သူ့ကို အသက်ချမ်းသာရာပေးပြီး ကျင်းလီအားသတ်ဖြတ်မည်ဆိုပါက ကျင်းလီအတွက် အသက်စွန့်ကာကွယ်မည်ဟု ဆုံးဖြတ်ထားသည်။

အကယ်၍ မြို့စောင့်အရာရှိများနှင့် အစောင့်အကြပ်များအချိန်မီ ဆိုက်ရောက်လာလျှင်တော့ သူရောကျင်းလီရော အသက်ချမ်းသာရာရနိုင်သည်ဟု သူယုံကြည်ထားသည်။

လူဆိုးဓားပြများသည် ဥပဒေဘက်တော်သားများကိုတော့ တွေ့တွေ့ဆိုင်ဆိုင် ရင်ဆိုင်ဝံ့ကြသည် မဟုတ်ပေ။ ဆင်ဖြူမျက်နှာဆင်မည်းမကြည့်ဝံ့ဆိုတာလို ပေညီအစ်ကိုများ ရှောင်ပြေးကြမည်မှာသေချာသည်။

မြင်းရထားသည် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့်ပြေးလွှားသည်ဖြစ်ရာ မြို့ပြင်သစ်တောအုပ်ဆီသို့ မကြာမီ အချိန်



အတွင်း ရောက်ရှိလာသည်။

'ဂစ် ... ဂစ် ... ဂစ်'

ညဥ့်ငှက်တစ်ကောင်သည် တဂစ်ဂစ်အော်မြည်ကာ ပျံထွက်သွား၏။

နံနက်ပိုင်းက ရောက်ခဲ့သော သစ်တောအုပ်ကလေးသည် သစ်ရွက်များကို လေတိုးသံမှအပ အခြားမည်သည့်အသံမျှ မကြားရဘဲ ငြိမ်သက်တိတ်ဆိတ်နေလေ၏။

ကျင်းလီသည် မြင်းရထားတံခါးကို တွန်းဖွင့်ပြီး ဆင်းလာရာ ပေညီအစ်ကို သုံးဦးလည်း ခုန်ချဆင်းသက်လာတော့သည်။

ကျင်းလီသည် တုန်စွမ်အရက်ဆိုင်ထဲ၌ ရှိနေစဉ်အခါက ဤညီအစ်ကိုသုံးယောက်ကို လုံးဝကြောက်ရွံ့ခဲ့ခြင်း မရှိခဲ့ပေ။ သို့သော်ယခုအချိန်တွင်မူ အနည်းငယ်တော့ ကြောက်နေသည်။

ဤသည်ကား မ,သဘာဝ ပင်ဖြစ်သည်။ ပတ်ဝန်းကျင်၏ တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့် ရင်ဆိုင်နေရခြင်း၊ သိုင်းပညာ တတ်ထားသော်လည်း တကယ်တမ်း တိုက်ပွဲအတွေ့အကြုံ မရှိခြင်းတို့ကသူမအား ဤသို့ ကြောက်စိတ်ဖြစ်ပေါ်စေခြင်းပင်တည်း။

ကျင်းလီ ကြောက်ရွံ့နေသည့် အမူအရာကို ပေညီအစ်ကိုသုံးဦးက သတိပြုမိကြသည်။ ထိုအတွက် သူတို့ပို၍ စိတ်ကျေနပ်သွားကြသည်။

ကျင်းလီအတွက်လည်း ကောင်းသွားသည်။ ရန်သူက အထင်သေးနေခြင်းသည် သူမအတွက် ငါးဆယ်ရာခိုင်နှုန်း အနိုင်ရရန် အလေးသာသွား၏။

ပေလောက်ယီက တဟဲဟဲရယ်ရင်း လှမ်းပြောသည်။

"လုံမလေး ... ဘာမှ မကြောက်နဲ့၊ ငွေမှာ အကြွေးရှင်ရှိသလို သွေးမှာလည်း အကြွေးရှင်ရှိတာပဲ၊ ဒါပေမဲ့ ငွေယူပြီးရင် ပြန်မပေးတဲ့လူနောက်ကို ငွေရှင်လိုက်သလို သွေးထွက်အောင် သတ်ဖြတ်ပြီး ထွက်ပြေးနေတဲ့ လူနောက်ကိုလည်း သူရဲ့ဆွေရင်းမျိုးရင်းတွေက လိုက်ကြတာပဲ၊ မင်းကို ငါတို့အနေနဲ့ ဘာမှ ဒုက္ခပေးစရာအကြောင်းမရှိပါဘူး"

"ကောင်းပါတယ်ရှင်၊ ရှင့်အစ်ကို ဘယ်မှာရှိတယ်ဆိုတာကို ပြပြီးရင် ကျွန်မတို့ကို ဘေးကင်းရန်ကင်း ပြန်လွှတ်ရမယ်"

"ဧိတ်ချ ... ပေညီအစ်ကိုတွေဟာ ပြည်မရဲ့ ပြင်ပဒေသမှာလည်း သောင်းကျန်းချင်တိုင်း သောင်းကျန်းခဲ့တယ်၊ ကျန်ဝူးဒေသမှာလည်း သောင်းကျန်းနေဆဲပဲ၊ ဒါပေမဲ့ မင်းလို မိန်းမငယ်ကလေးတစ်ယောက်ကိုတော့ အတင်းအဓမ္မ အနိုင့်အထက်မလုပ်ပါဘူး"

လူဆိုးလူမိုက်တို့၏ အေးမြချိုသာသော စကားကို ယုံကြည်ကိုးစားခြင်း မပြုအပ်ပေ။

သင်တုန်းဓားသွား၌ သကာပျား သုတ်လိမ်းထားသကဲ့သို့



သူတို့၏လျှာဖျား၌ တစ်ပါးသူဟာ၊ ယုံကြည်ကိုးစားစေနိုင်သည့် စကားလုံးများ တည်ရှိနေပေသည်။

ကျင်းလီက ခေတ္တမျှစဉ်းစားလိုက်သည်။

ပေလောက်ယီက စိတ်မရှည်သလို ဖြစ်လာသဖြင့် ခပ်ဆတ်ဆတ် မေးလေ၏။

"မင်း ဘာတွေစဉ်းစားနေတာလဲ"

"ရှင်တို့အကြောင်း စဉ်းစားနေတာရှင့်၊ ကျွန်မရဲ့ မမလေး ပြောကြားခိုင်းတဲ့ အပေးအယူကို ရှင်လက်ခံပါ့မလားလို့ စဉ်းစားနေတာ"

"ဟေ ... "

ပေလောက်ယီ၊ ပေလောက်စန်းနှင့် ပေလောက်စီတို့ သုံးဦးစလုံး အာမေဋိတ်သံ ပြိုင်တူ ထွက်လာ၏။

ပေလောက်ယီက ...

"မင်း အခုမှ ဘာစကားတွေ ပြောနေတာလဲ၊ စောစောကတော့ ကောင်းပြီကောင်းရက်နဲ့၊ အခုကျတော့ ဘာဖြစ်လို့ တစ်မျိုးပြောင်းသွားရတာလဲ"

ကျင်းလီကလည်း ရဲရဲပင်ရင်ဆိုင်သည်။

"ဘာ ကောင်းပြီကောင်းရက်နဲ့လဲ၊ ကျွန်မက ဆိုင်ထဲမှာ လူတွေများနေလို့ ဒီအပေးအယူကို ထည့်မပြောတာရှင့်၊ လူအများ

ကြီးရှေ့မှာ ရှင်တို့ အတွင်းရေးကို မေးလို့ ကောင်းပါ့မလား"

ပေလောက်ယီ စိတ်ဝင်စားသွားသည်။

"ဘာအတွင်းရေးလဲ၊ မင်းသခင်မလေးက ဘာအပေးအယူ လုပ်နိုင်းတာလဲ"

"ကျွန်မနဲ့မမလေးက ရှင်တို့ အစ်ကိုကြီးရှိတဲ့နေရာကို ဘယ်အလကား လိုက်ပြီးပြနိုင်းမလဲ၊ ကျွန်မတို့ကိုဖြတ်ပြီး တိုက်ခိုက်ဖို့ ဘယ်သူနိုင်းသလဲဆိုတာ မေးနိုင်းလိုက်တယ်၊ အဲဒီအပေးအယူပဲ"

"အကြမ်းဖျင်းတော့ ပြောနိုင်တယ်"

"ပြောပါ၊ ကျွန်မကလည်း ရှင်တို့အစ်ကိုကြီးရှိတဲ့နေရာကို ပြပါ့မယ်"

"ကျုပ်တို့ကို လူတစ်ဦးက ရွှေဆယ်ပိဿာပေးပြီး မင်းရဲ့ သခင်မလေးကို ဖမ်းခိုင်းလိုက်တာပဲ"

ကျင်းလီက ရယ်သည်။

"မဟုတ်တာတွေ ပြောမနေပါနဲ့ရှင်"

"လုံမလေး ... ငါတို့ ဟုတ်တာမှန်တာတွေကို ပြောနေ တယ်"

"မဖြစ်နိုင်ပါဘူး၊ သူရဲကောင်းကြီး ရွှေပုံလွှားထက်ကျင်က ကျွန်မတို့ကို ပြောသွားတယ်ရှင့်၊ ရှင်တို့ဟာ ရွှေဆယ်ပိဿာလောက် နဲ့ ဒီလိုအလုပ်မျိုး လုပ်ကြမယ့်လူတွေ မဟုတ်ဘူးတဲ့ရှင့်၊ တခြား





အကြောင်း ရှိလိမ့်မယ်တဲ့"

"ငါတို့ကို တာဝန်ပေးလိုက်သူကို ဖွင့်ပြောလို့ ဘယ်ဖြစ်နိုင်ပါ့ မလဲ"

"အဲဒီလူကို ပြောပြရင် ကျွန်မလည်း မမလေး ပေးထားတဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ပါလိမ့်မယ်"

"သူ့နာမည်ပြောလည်း မင်းတို့သိမှာ မဟုတ်ဘူး၊ ကျွန်ုပ်မှာ သူဟာ နာမည်ကျော်မဟုတ်ဘူး၊ သူ့ကိုသိတဲ့လူကလည်း ခေါင်း အဖြတ်ခံပြီး ဘယ်သူမှ ထုတ်မပြောဘူး"

"ဒီလူက ဒီလောက်တောင်ကြောက်စရာ ကောင်းသလား"

"ဘယ်သူမဆို ကိုယ့်အသက်သေမှာ ကြောက်ကြတာချည်း ပဲ၊ နာမည်ကလေးတစ်လုံးထုတ်ပြောပြီး ဘယ်သူကမှ ကိုယ့်အသက် အဆုံးရှုံးမခံဘူး၊ ငါတို့လည်း ဒီလူစားတွေထဲကပဲ"

ပေလောက်ယီသည် ကျင်းလီအား ကြည့်ပြီးလေးလေးနက် နက်ပြောသည်။

"လုံမလေး ... မင်းလည်း ငယ်ငယ်လေး ရှိသေးတယ်၊ ငါတို့ လည်း သိပ်ပြီး အသက်မကြီးသေးဘူး၊ ကိုယ်နဲ့ဆိုင်တဲ့ကိစ္စတွေပဲ ကိုယ်လုပ်ကြတာပဲကောင်းတယ်၊ ငါတို့ အစ်ကိုကြီး ပေလောက်တိုင် ဘယ်မှာလဲ"

ကျင်းလီက ငြင်းဆန်၏။

"သူရဲကောင်းကြီး ရွှေပျံလွှားထက်ကျင်က ပြောဖူးတယ်၊ ဒီကိစ္စရဲ့ အရင်းအမြစ်ကို ရှင်တို့သိတာပဲ"

ပေလောက်ယီက ကျယ်လောင်စွာ ရယ်လေ၏။

"ဟား .. ဟား .. ဟား .. မိုက်ပါပေ့ ကလေးမရယ်၊ မင်းတို့က ဘာဖြစ်လို့ ရွှေပျံလွှားထက်ကျင်ကိုတော့ မမေးကြတာလဲ၊ မင်းတို့နဲ့ အတူတူရှိနေတာပဲ မဟုတ်လား"

ကျင်းလီက ခေါင်းခါလိုက်၏။

"ဟင့်အင်း ... သူရဲကောင်းကြီး ထက်ကျင်ဟာ ကျွန်မတို့နဲ့ အတူတူ မရှိတော့ပါဘူး၊ ကျွန်မရဲ့ မမလေးကို လိုက်ပို့ပြီးတာနဲ့ ပြန်သွားပါတယ်"

ပေလောက်ယီက တဟားဟား အော်ဟစ်ရယ်မောပြန်တော့၏။

"ယုတ္တိရှိအောင်လည်း လိမ်ပါ လုံမလေးရယ်"

"ရှင်တို့ကို ဘာဖြစ်လို့ ကျွန်မက ညာပြောရမှာလဲ"

"ဟေ့ ... မြွေဟောက်မလို လျှာနှစ်ခွနဲ့ ပြောချင်ရာပြောမနေစမ်းနဲ့၊ ရွှေပျံလွှားဟာ သူ့မြင်းနက်ကြီးနဲ့ ဘယ်တော့မှ မခွဲဘူး၊ သူ့မြင်းနက်ကြီးဟာ ကောင်ဟင်းချန်တည်းခိုဆိုင်က မြင်းဇောင်းထဲမှာ ရှိနေတာ ငါတို့လည်းသိတယ်"

ကျင်းလီက တခစ်ခစ်ရယ်မောလေ၏။



"သြော် ... ဒါလား၊ သူ့မြင်းကို တမင်ထားပစ်ခဲ့တာပါ၊ သူကတော့ အစောကြီးကတည်းက ထွက်သွားပြီရှင့်"

"ဟေ ... "

ပေလောက်ယီတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်မိကြ၏။ ပေလောက်စန်းက ကြိတ်မနိုင်ခဲမရ ပြော၏။

"အစ်ကိုနှစ်ကို ကျွန်တော်ပြောသားပဲ၊ ကျွန်တော်တို့ ဝင်ကြည့်ကြရအောင်လို့"

ပေလောက်ယီက ခေါင်းညိတ်ပြီး ...

"ရွှေပျံလွှားက ငါတို့ကို တစ်ကွက်ကြောသွားတာချည်းပဲ၊ အေးလေ ... သူနဲ့တွေ့တိုင်း ငါတို့ အလှည့်စားခံရတာချည်းပါပဲ"

ကျင်းလီက ...

"ကဲ ... အခုဆိုရင် ရှင်းသွားပြီမဟုတ်လား"

"ရှင်းတာကတော့ အစကတည်းက ရှင်းနေတာပါပဲ၊ မင်းတို့ကသာ မရှင်းတာပါ"

"ရှင် ဘာပြောနေတာလဲ"

"ဘာတွေပြောရမလဲ၊ အမှန်တွေ ပြောနေတာပေါ့၊ ငါတို့က ယွန်ကီးရဲ့သမီးကို တကယ်ဖမ်းချင်လို့ မဟုတ်ပါဘူး၊ ငါတို့ရဲ့ အဓိကအလုပ်က ယွန်ကီးရဲ့သမီး ချောင်ဟုန်းစွန်းတောင်ပေါ်ကို မတက်ဖို့ပဲ၊ ယွန်ကီးရဲ့သမီးကို သတ်ချင်တယ်ဆိုရင် ငါတို့လည်း အခုလို လွယ်

လွယ်နဲ့ ဘယ်လက်လျှော့မလဲ"

ကျင်းလီက စဉ်းစားနေ၏။ ပေလောက်ယီက ဆက်ပြောသည်။

"အခု ငါတို့လာတဲ့ကိစ္စက ယွန်ကီးရဲ့သမီးနဲ့ မပတ်သက်တော့ဘူး၊ ငါတို့ အစ်ကိုကြီးကို ရှာတွေ့ပြီးရင် ပြဿနာက ပြီးပြီ၊ မင်းတို့နဲ့ ဘာမှပတ်သက်စရာ မရှိတော့ဘူး"

ကျင်းလီက သူမ၏လက်သည်းကလေးကို သွားဖြင့်ကိုက်ရင်း ခေါင်းခါ၏။

"ရှင်တို့ကို ခိုင်းတဲ့လူက ဘယ်သူလဲ၊ သူ့နာမည် မသိသမျှ ကျွန်မကလည်း ရှင့်အစ်ကိုကြီးရှိတဲ့နေရာကို မပြောပြဘူး"

ပေလောက်ယီမျက်နှာ တင်းမာသွား၏။ သူ၏ လက်သည် ဓားရိုးပေါ်သို့ ရောက်သွားသည်။ ဒေါသကြောင့် ဖြစ်ပေါ်လာသည့် ရူးရူးရှရှအသံနှင့် အော်ငေါက်လေ၏။

"ခွေးစုတ်မလေး ... ဒါ မြို့ထဲဆိုင် မဟုတ်ဘူး၊ ငါတို့က ဘာကိုမှ ဂရုစိုက်နေမှာ မဟုတ်ဘူး၊ နင်တို့ကို သတ်ပစ်လို့ ဘယ်သူကမှလည်း အရေးယူနေမှာ မဟုတ်တော့ဘူး"

ကျင်းလီက ပေလောက်ယီအား ရူးရူးရဲရဲပြန်ကြည့်၏။ သို့သော် စကားတော့ တစ်ခွန်းမှ ပြန်မပြောပေ။

ပေလောက်ယီသည် ကျင်းလီ၏ ရူးရဲသောမျက်လုံးများကို



မကြိုက်ပေ။ ရေမြွေက မြွေဟောက်ကို ပြန်တိုက်မယ့် ပုံစံမျိုးဖြစ်နေသဖြင့် သူ့ဓားကို ရွမ်းခနဲဆွဲထုတ်လိုက်သည်။

ကျင်းလီသည် ရုတ်တရက်ဖြစ်၍ ထိတ်လန့်ပြီးနောက်သို့ ခြေလှမ်းနှစ်လှမ်းခန့် ဆုတ်သွားမိလေ၏။

ထိုစဉ် ကျင်းလီရှေ့သို့ လူတစ်ယောက် ခိုပ်ခနဲကျလာသည်။

ထိုသူကား မြင်းရထားခေါင်မိုးပေါ်မှ ခုန်ချလာသည့် လောင်လီစွန်းကျိတည်း။

လောင်လီစွန်းကျိသည် ခါးကြားထဲမှ ဓားမြှောင်ဆွဲထုတ်ကာ အသင့်ပြင်ဆင်ထား၏။ ဓားရှည်ကိုင် ဓားပြတစ်ယောက်အား ဓားမြှောင်တိုကလေး ကိုင်ထားသည့် မြင်းရထားသမားက ခုခံမည်ဆိုသည်မှာ ရယ်ဖွယ်သာတည်း။

"ခင်ဗျားတို့ ဘာလုပ်ကြမလို့လဲ၊ မိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့ အနိုင်ကျင့်ချင်ရတာလဲ"

ပေလောက်ယီက ဟက်ဟက်ပက်ပက် ရယ်လေတော့၏

"ဟေ့ ... မြည်းလှည်းသမား မင်းက ဘယ်လောက်များ သတ္တိရှိလို့ ဒီစကားဝင်ပြောရတာလဲ၊ ချောင်ဟုန်စွန်းတောင်ခြေမှာ တုန်းက ဘာဒဏ်ရာမှ မရလိုက်လို့ ကြိုဟ်ကြွနေပြီထင်တယ်၊ မင်း ခပ်မြန်မြန် ထွက်သွားစမ်း"

ပေညီအစ်ကိုတစ်သိုက် အချိုးပြောင်းသွားကြပေပြီ။

တုန်ဖွမ်အရက်ဆိုင်ထဲမှာတုန်းကတော့ သူ့ကို 'အစ်ကိုကြီး လောင်လီစွန်းကျို' ... တဲ့၊ အခုတော့ သူ့ကို "ဟေ့ ... မြင်းလှည်း သမား" တဲ့။ အချိုးပြောင်းသမှု နည်းနည်းပြောင်းတာမဟုတ်၊ အများကြီး ပြောင်းခြင်းဖြစ်သည်။

စင်စစ် လောင်လီစွန်းကျိုသည် သူရဲဘောနည်းသူ မဟုတ်ပေ။ သေသင့်သေထိုက်လျှင် သေရဲသူဖြစ်သည်။ အားနွဲ့သူ မိန်းက လေးတစ်ယောက်အား ကယ်တင်ရင်း အသတ်ခံရပါက အသေခံ ထိုက်သူဟု ယူဆထားသူ ဖြစ်ပါသည်။

"ဒီမှာ ... ကျုပ်ဟာ သိုင်းသမား မဟုတ်ဘူး၊ ဓားပြလည်း မဟုတ်ဘူး၊ ဒါပေမဲ့ ခင်ဗျားတို့လို သူရဲဘောကြောင်တဲ့ အလုပ်မျိုး မလုပ်ဘူး။ ဒီမိန်းကလေးကို စော်ကားဖို့ လုံးဝမစဉ်းစားနဲ့၊ ကျုပ် သေပြီးတဲ့အခါမှသာ ဒီမိန်းကလေးကို ထိလို့ရမယ်"

ပေလောက်ယီ၏ညီ ပေလောက်စန်းက ဟက်ဟက်ပက် ပက်ရယ်မောရင်း ဝင်ပြောလာသည်။

"အစ်ကိုနှစ် ... ကျွန်တော်တို့က သူ့ကို သာမညမြင်းလှည်း သမား မှတ်နေတာ၊ ခုတော့ ဘယ်မှာဟုတ်လို့လဲ၊ တကယ့် သတ္တိခဲ ကြီး ဖြစ်နေတာကို"

ပေလောက်ယီက ခေါင်းညိတ်ရင်း ...

"ရောမ သတ္တိခဲကြီးပေါ့ကွာ"



သူတို့၏ ညီအငယ်ဆုံးဖြစ်သူ ပေလောက်စီက လှမ်းပြော သည်။

"အစ်ကိုသုံး ... ဒီလောက်သာ ဘဝင်မြင့်နေတဲ့သူကို ကျွန်တော် ဘဝင်နှိပ်ပေးလိုက်ရမလား"

ပေလောက်စန်းက ...

"ညီလေးက ဘယ်လိုနှိပ်မှာလဲ"

"ခေါင်းဖြတ်ပစ်လိုက်မယ်လေ"

"ဟား ... ဟား ... ဟား ... ညီလေးရဲ့ ဘဝင်နှိပ်နည်းက အကြမ်းပတမ်းနည်းပါလား။ ဒီနည်းက ကောင်းတော့ ကောင်းတယ်၊ ဒါပေမဲ့ မြင်းလှည်းဆရာ ခံနိုင်ရည်ရှိပါ့မလား"

ညီအငယ်ဆုံး ပေလောက်စီက ရယ်ရင်း ...

"ဒါကိုတော့ စိတ်မပူပါနဲ့၊ မြင်းလှည်းဆရာက သတ္တိခဲပဲ ဥစ္စာ၊ ခေါင်းဖြတ်တဲ့ ကိစ္စလောက်တော့ နောက်ဆုတ်မယ့်လူ မဟုတ် ပါဘူး"

သူတို့သည် လောင်လီစွန်းကျိုကို ရုပ်သေးရုပ်ကလေးပမာ ပြောချင်ရာပြောနေကြ၏။

သူတို့လုပ်တိုင်း ခံရမည့်သူ၊ သူတို့ပြုသမျှ နေရမည့်သူဟု ယူဆနေကြ၏။

လောင်လီစွန်းကျိုကား ထိုသို့သောလူ မဟုတ်ပေ။

"ဟော ... ခင်ဗျားတို့ တကယ့်သူရဲကောင်းတွေကိုးဗျ၊ လူအများရှေ့မှာတော့ ကြောင်ရှေ့က ကြွက်ကလေးတွေပမာ ငြိမ်ကုပ်နေကြတယ်၊ အခု လူမရှိ သူမရှိတဲ့နေရာရောက်တော့မှ သုံးယောက်တစ်ယောက် စိတ်ကြိုက်အနိုင်ယူချင်နေတယ်၊ ကောင်းပြီ ... ခင်ဗျားတို့ တကယ်သတ္တိရှိရင် တစ်ယောက်ချင်း တက်ခဲ့ကြ"

လောင်လီစွန်းကျိ၏ စိန်ခေါ်ကြိမ်းဝါးသံသည် တိတ်ဆိတ်သောညကာလ၌ ပိုမိုကျယ်လောင်သလို ထင်မှတ်ရလေ၏။

လောင်လီစွန်းကျိကိုကြည့်၍ အံ့သြနေသူကား ကျင်းလီတည်း။

❖ ❖ ❖



## အခန်း (၉)
## လှသတ်ရဲသောမိန်းကလေး

ကျင်းလီသည် အမှန်တကယ် အံ့သြနေသည်။

လောင်လီစွန်းကျိ တစ်ယောက် သိုင်းပညာ တတ်မြောက်ထားခြင်းမရှိသည်ကို သူမ သိရှိထား၏။ ထို့ကြောင့် ပေညီအစ်ကို သုံးယောက်အား လောင်လီစွန်းကျိ အနိုင်တုဘက်ပြိုင်ဝံ့မည် မဟုတ်ဟု ထင်မှတ်ထားခဲ့သည်။

သို့သော် လက်တွေ့ဘဝတွင် လောင်လီစွန်းကျိသည် ပေညီအစ်ကို ဓားပြသုံးယောက်အား ရဲရဲတောက် စိန်ခေါ်လျက် ရှိနေလေပြီ။ သူမ၏ စိတ်ထဲ၌ လောင်လီစွန်းကျိကို ကျေးဇူးတင်သောစိတ်တို့သာ ရှိတော့သည်။

ကျင်းလီသည် လောင်လီစွန်းကျိ၏ လက်မောင်းကို နောက်သို့ ဆွဲခေါ်ရင်းပြောသည်။

"အစ်ကိုကြီး လောင်လီစွန်းကျိ ... နောက်ဆုတ်ပါ၊ သူတို့က ရိုးရိုးသိုင်းသမားတွေ မဟုတ်ဘူး၊ သွေးဆာနေတဲ့ ဓားပြတွေပဲ

ဖြစ်တယ်၊ အစ်ကို့အနေနဲ့ သူတို့ကို နိုင်အောင်တိုက်နိုင်မှာ မဟုတ်ဘူး"

လောင်လီစွန်းကျိသည် လက်ဝဲဘက်မှ ဓားမြှောင်နှင့် လက်ယာဘက်လက်မှ ကျာပွတ်ကို မြှောက်ပြ၏။

"ကိစ္စမရှိပါဘူးဗျ၊ သူတို့က ကျွန်တော့်ကို နလပိန်းတုံး တစ်ယောက်လို့ ထင်နေတာပဲ၊ ဒီကို ထွက်မလာခင်ကတည်းက ကောင်ဟင်းချန်ဆိုင်က အလုပ်သမားတစ်ယောက်ကို မြို့စောင့်အရာရှိတွေဆီ သွားတိုင်ခိုင်းလိုက်ပြီးပါပြီ၊ ကျွန်တော်တို့ကိုသတ်ရင် သူတို့သုံးယောက်ပဲဆိုတာ မြို့စောင့်အရာရှိတွေ သတိထားကြမှာပါ၊ သူတို့ကျွန်တော်တို့ကို မသတ်ဝံ့ပါဘူး"

ကျင်းလီသည် လောင်လီစွန်းကျိ၏စကားကို အကြီးအကျယ်အံ့အားသင့်သွားသည်။

"ရှင် ... မြို့စောင့်အရာရှိတွေကို သွားတိုင်ထားတယ် ... ဟုတ်လား"

"ဟုတ်တယ် ... သူတို့ လုပ်ချင်တိုင်း လုပ်လို့မရအောင်ပေါ့၊ ကျွန်တော့အတွက်ရယ်လို့တော့ မဟုတ်ပါဘူး၊ ခင်ဗျားက မိန်းကလေးဖြစ်နေတယ် မဟုတ်လား။ အထူးသဖြင့် ခင်ဗျားကို စော်ကားချင်တိုင်းစော်ကားလို့ မရအောင် တိုင်လိုက်တဲ့သဘောပါ"

ကျင်းလီ၏စိတ်ထဲ၌ အနည်းငယ် ကသိကအောက်ဖြစ်သွား



သည်။ အဘယ်မှာလျှင် မဖြစ်ဘဲရှိပါအံ့နည်း။ သူမသည် ပေညီအစ်ကိုသုံးယောက်ကို လုံးဝကြောက်ရွံ့ခြင်းမရှိပေ။

သုံးယောက်စလုံးကို အချိန်မရွေး သတ်ပစ်နိုင်စွမ်းရှိသည်။

မြို့စောင့်အရာရှိများရောက်လာပြီး အခြေအနေရှုပ်ထွေးသွားမည်ကို သူမ ကြောက်ရွံ့လာမိသည်။

"အစ်ကို လောင်လီစွန်းကျိ ... ရှင် ဝင်မစွက်ဖက်ပါနဲ့တော့၊ ဒီကိစ္စကို ကျွန်မရှင်းပါ့မယ်၊ ကျွန်မတစ်ယောက်တည်း ဖြေရှင်းနိုင်ပါတယ်၊ မြင်းရထားပေါ်သွားထိုင်ပြီး စောင့်ပါ၊ သူတို့ ကျွန်မကို ဘာမှမလုပ်ဝံ့ပါဘူး"

"ဟာ ... ဘယ်ဖြစ်မလဲ၊ မိန်းကလေးတစ်ယောက်တည်းကိုယောကျ်ားသားကြီးသုံးယောက်က အနိုင်ကျင့်ချင်တိုင်း ကျင့်နေတာကို ကျွန်တော် ဘယ့်နှယ့် ထိုင်ကြည့်နေနိုင်မှာလည်းဗျာ၊ ကျွန်တော်သေချင်သေပါစေ၊ မကြောက်ပါဘူးဗျ"

ကျင်းလီ အကျပ်တွေ့သွားသည်။

ထိုအခိုက်မှာပင် ပေလောက်ယီသည် လောင်လီစွန်းကျိအား ဓားရှည်နှင့် ဝင်ပိုင်းလေတော့၏။

'ရွှမ်း'

လောင်လီစွန်းကျိသည် သိုင်းပညာ သင်ယူဖူးသူ မဟုတ်သော်လည်း သူနှင့် ရင်ဆိုင်နေရသူများသည် နယ်နယ်ရရလူများ

မဟုတ်ကြောင်းသိနေသဖြင့် လွန်စွာ သတိဝီရိယထားပြီးစောင့်ကြည့်နေခဲ့ပေ၏။

ပေလောက်ယီ စတင်လှုပ်ရှားသည်ကို ရိပ်ခနဲမြင်လိုက်သည်နှင့် သူ၏ကျာပွတ်ကို ရွမ်းခနဲ ရိုက်ချလိုက်သည်။

သူသည် ကျာပွတ်ကို အသုံးချရာ၌မူ လွန်စွာ နိုင်နင်းကျွမ်းကျင်၏။

အရွယ်ရောက်ကတည်းက ကျာပွတ်ကိုင်လာသူ ဖြစ်သဖြင့် ကျာပွတ်သာ သူ့လက်ထဲရောက်ပါက မြွေအလိမ္မာယ်ဆရာက မြွေဟောက်တစ်ကောင်ကို အမြီးဖျားမှ ကိုင်ကာ တစ်ပါးသူအား တိုက်ခိုက်နိုင်စွမ်းရှိသကဲ့သို့ တိုက်ခိုက်နိုင်စွမ်းရှိသည်။

သူသည် ကျာပွတ်ဖြင့် လေထဲ၌ ပျံသန်းတေသည့် ငှက်များ၊ ပျံလွှားငှက်များကို မလွတ်တမ်းရိုက်ချနိုင်သူဖြစ်ပေသည်။

ကျာပွတ်ကို အသုံးပြုလျှင် လျင်မြန်သွက်လက်ရမည်။ ရိုက်ချက်ကောင်းရမည်။ ရန်သူ၏ အပျော့ဆုံးနေရာကို မလွဲတမ်း ရိုက်နိုင်ရမည်။ ထိုသုံးချက်နှင့် ညီပါမှ တစ်ဖက်ရန်သူအား အနိုင်ရနိုင်ပေမည်။ လောင်လီစွင့်းကျိုသည် ယခုတစ်ကြိမ်၌ လက်ဦးမှုမရှိသော်လည်း လက်နှေးမှုတော့မရှိခဲ့ပေ။ ပေလောက်ယီ လှုပ်ရှားသည်နှင့် တဒင်္ဂတွင်း သူလည်း ချက်ချင်း လှုပ်ရှားခဲ့၏။ ရိုက်ချက်လည်း အလွန်ကောင်း၏။ ပေလောက်ယီ၏ အားအပျော့ဆုံးနေရာသို့



လည်း ရိုက်လိုက်နိုင်၏။

'အား'

စူးစူးဝါးဝါးအော်ဟစ်လိုက်သည့် အသံကြီးသည် သစ်တောတစ်ခုလုံး၌ ပဲ့တင်ထပ်သွား၏။

အံ့ဩဖွယ်ကောင်းသော ရိုက်ချက်ပေတည်း။ ကျာပွတ်အဖျားသည်ပေလောက်ယီ၏ မျက်လုံးနှစ်လုံးစလုံးကို ကျာပွတ်ရိုက်ချက်တစ်ချက်တည်းဖြင့် ပေါက်ထွက်သွားအောင် ရိုက်နိုင်ခဲ့၏။

သိုင်းပညာမတတ်သည့် လူပြိန်းတစ်ယောက်က သိုင်းသမား ဓားပြတစ်ယောက်အား အနိုင်မယူနိုင်ဟု လှေနံဓားထစ်တရားသေ မမှတ်ယူပါနှင့်။ ပေလောက်ယီသည် ရန်သူအား လုံးဝအထင်သေးခဲ့သည်။

သူ အထင်သေးထားသည့် ရန်သူသည် ကျာပွတ်လက်နက်ကိုအသုံးပြုရာ၌ သာမန်သိုင်းသမားနီးပါးလောက် ကျွမ်းကျင်တတ်မြောက်ခြင်းစသည့် အချက်နှစ်ချက်သည် ပေလောက်ယီအား အရှုံးရာဇဝင်၌ စံတင်သွားစေခြင်းပင်ဖြစ်တော့သည်။

အလိမ္မာယ်ဆရာ မြွေကိုက်ခံရပြီး တံငါသည် ရေနစ်သောကိန်းဆိုက်သွားသည့် ပေလောက်ယီမှာ သူ့ဓားကို လွှတ်ချပြီး သွေးများယိုစီးကျနေသည့် မျက်လုံးနှစ်လုံးကိုသာ လက်နှစ်ဖက်ဖြင့် အုပ်ထားရတော့သည်။

ကျန်ပေစန်းတောင်တန်းဒေသ၌ အလွန်တရာ နာမည်ကျော်ကြားခဲ့သော ပေညီအစ်ကိုများအနက်မှ နံပါတ်နှစ်ဖြစ်သူ ပေလောက်ယီသည် လူဆိုးလူမိုက်တို့ နောက်ဆုံးရရှိသည့် အပြစ်ဒဏ်ကို ထိုက်ထိုက်တန်တန် ခံယူလျက်ရှိနေရှာပြီ။

ပေလောက်စန်းနှင့် ပေလောက်စီတို့သည် အတွေ့အကြုံရင့်ကျက်သူများဖြစ်သည်။

သူတို့၏အစ်ကိုနှစ်ဖြစ်သူ ဘဝပျက်ကိန်း ကြုံတွေ့ရသည်နှင့် သူတို့၏ ဓားများကို လျှပ်တစ်ပြက်ဆွဲထုတ်လျက် လောင်လီစွန်းကျိထံသို့ ခုန်ဝင်လာ၏။

ကျင်းလီသည် ပထမ၌ အံ့အားသင့်သွား၏။

သို့သော် ...

ပေလောက်စန်းနှင့် ပေလောက်စီတို့ စတင်လှုပ်ရှားသည်ကိုမြင်သောအခါ သူမအနေဖြင့် မပါလျှင်မဖြစ်တော့သည့် အခြေအနေသို့ ဆိုက်ရောက်သွားသည်။

ပေလောက်ယီက လောင်လီစွန်းကျိအား အနိုင်တိုက်နိုင်ခြင်းမှာ ကံစွတ်၍တစ်ကြောင်း၊ အခြေအနေပေး၍ တစ်ကြောင်း အနိုင်ရခြင်းဖြစ်ကြောင်း ကျင်းလီသိသည်။

ယခု ဒုတိယအကြိမ်၌ လောင်လီစွန်းကျိ ကံမကောင်းနိုင်တော့သည်ကို သူမ ကောင်းစွာသိသည်။ ထို့ကြောင့်လောင်လီစွန်းကျိ၏ လက်မောင်းကိုဆွဲပြီး မြေပြင်ပေါ်၌ လှဲချပစ်လိုက်သည်။

"ခင် ... ခင်ဗျား ဘာလုပ် ..."

လောင်လီစွန်းကျိမှာ စကားပင်ဆုံးအောင် မပြောလိုက်ရဘဲ ဝုန်းခနဲလဲကျသွားသည်။ ပေညီအစ်ကိုနှစ်ဦး၏ ဓားများသည်လည်း အလွဲလွဲအချော်ချော် ဖြစ်ကုန်သည်။

"နင် သေချင်လို့လား"

ပေလောက်စန်းက ကျင်းလီအား အော်ဟစ်ကြိမ်းမောင်းလိုက်သည်။

"ကျွန်မ မသေချင်ဘူး"

"မသေချင်ရင် မရှုပ်နဲ့ ... ဖယ်စမ်း"

ဖယ်ခိုင်းရလေသည်။ ကျင်းလီသည်လဲကျနေသည့် လောင်လီစွန်းကျိ ရှေ့၌ မားမားမတ်မတ်ရပ်၍ ကာကွယ်ထားသည် မဟုတ်ပါလား။

"ရှင်တို့ရဲ့ သတ်ချင်ဖြတ်ချင်တဲ့ စိတ်တွေကို ခဏလောက် ဖျောက်ထားစမ်းပါ၊ ရှင်တို့ အစ်ကိုကြီး ပေလောက်တိုင်ရှိတဲ့နေရာကို ကျွန်မပြမယ်၊ ရှင်တို့ မသိချင်ကြတော့ဘူးလား"

ပေလောက်စီက အော်ဟစ်ရင်း ...

"နင့်ကို အရင်သတ်ပြီးမှ ငါတို့အစ်ကိုကြီး ဘယ်မှာရှိတယ်ဆိုတာ ကိုယ့်ဘာသာကိုယ် ရှာမယ်"

ထိုစဉ် ...

"ညီလေး လောက်စီ ... သူ့ကို လက်စားချေဖို့ မကြိုးစားနဲ့၊ အစ်ကိုကြီးကို ရှာတွေ့ဖို့က အရေးကြီးတယ်၊ အစ်ကိုကြီးကို အရင်တွေ့အောင်ရှာပါ"

ပေညီအစ်ကိုများသည် အလွန်တရာ အမိန့်နာခံတတ်သူများ ဖြစ်ပေသည်။ ပေလောက်စန်းနှင့် ပေလောက်စီတို့ ချက်ချင်း ငြိမ်ကျသွားလေ၏။

"မိန်းမယုတ်လေး ... ငါ့ညီတွေကို ငါ တားထားလိုက်ပြီ၊ ငါတို့အစ်ကိုကြီး ဘယ်မှာရှိတယ်ဆိုတာ ပြပေတော့"

ကျင်းလီက အံကြိတ်၍ ပြောလေ၏။

"ကျွန်ကို မိန်းမယုတ်လို့ခေါ်တဲ့အတွက် ရှင့်ကို အကြွေးပြန်ဆပ်ရမယ်၊ ခုတော့ ခဏနေဦး"

သူမသည် ပေလောက်စန်းနှင့် ပေလောက်စီတို့ကို လှမ်းကြည့်ပြီး ...

"ကဲ ... လာခဲ့ကြ ကျွန်မပြမယ်"

သူမသည် ထင်းရှူးပင်ကြီးတစ်ပင်၏ပင်ခြေသို့ လျှောက်သွားသည်။ ထိုနေရာ၌ရှိသော ဆီးနှင်းများသည် အခြားနေရာများထက်ပင် ပို၍မြင့်နေပေသည်။

ကျင်းလီက ထိုဆီးနှင်းပုံကြီးကို လက်ညှိုးညွှန်ပြပြီး ...



"ကျွန်မတို့ ဒီသစ်တောထဲက ထွက်တော့ ရှင်တို့ အစ်ကိုကြီးဟာ ဒီနေရာမှာ လဲကျန်ရစ်ခဲ့တာပဲ၊ အခု ရှိလား၊ မရှိလားဆိုတာ ကျွန်မ မသိဘူး"

ပေလောက်စီက မြင့်တက်နေသည့် ဆီးနှင်းပုံကြီးကို ကြည့်ပြီး စိတ်မချမ်းသာစွာ လှမ်းပြောလိုက်လေ၏။

"အစ်ကိုသုံး ... ကျွန်တော်တော့ သိပ်စိတ်မကောင်းတော့ဘူး"

ပေလောက်စီ၏ အသံကြားရသောအခါ ပေလောက်ယီက လှမ်း၍ အမိန့်ပေးလိုက်လေ၏။

"ညီလေးတို့ ဘာမှ အလျင်စလို မဆုံးဖြတ်ကြနဲ့ဦး၊ သူပြောတဲ့နေရာကို တူးကြည့်ကြပါ"

ပေလောက်စန်းနှင့် ပေလောက်စီတို့သည် နှင်းပွင့်နှင်းခဲများကို လက်ဖြင့် ယက်ထုတ်ကြတော့၏။ ပေလောက်စန်းသည် ဒူးထောက်၍ ထိုင်နေရာမှ ကျင်းလီအား လှမ်း၍ပြောလိုက်လေ၏။

"ငါတို့အစ်ကိုကြီး အသက်ရှင်လျက် ရှိနေသေးရင် မင်းတို့ကို ငါမသတ်ဘဲ လွှတ်ပေးလိုက်မယ်၊ ငါတို့ အစ်ကိုကြီး အသက်သေနေရင်တော့ မင်းတို့လည်း ခေါင်းတခြား၊ ကိုယ်တခြား ဖြစ်ပြီသာ မှတ်ပေတော့"

ပေလောက်စီက သူ၏အစ်ကို ပေလောက်ယီအား လှမ်း

မေးလိုက်သည်။

"အစ်ကိုနှစ် ... မျက်လုံး ဘယ်လိုနေသေးလဲ"

ပေလောက်ယီက နာကြည်းကြေကွဲစွာ ပြောသည်။

"သွားပါပြီကွာ ... မရတော့ပါဘူး"

"ညီလေး ...ဘာမှစိတ်မဆိုးနေနဲ့ ငှက်ပစ်သမားရဲ့မျက်လုံးကို ငှက်ထိုးဖောက်သွားတယ်လို့ပဲ သဘောထားလိုက်ပါကွာ"

"ဟာ ... အစ်ကိုကြီးကလည်း"

"ဟုတ်တယ်၊ ငါပြောတာကို မင်းတို့ လိုက်နာကြပါ၊ ဟိုသတ္တဝါက သိုင်းပညာမတတ်ဘဲ ရမ်းလုပ်လိုက်တာကိုးကွ၊ ငါက သူတို့ကို အထင်သေးမိလို့ ခံလိုက်ရတာပါ၊ ဒီနလပိန်းတုံးတွေကို သတ်တာ အလကားပဲ၊ ငါတို့ သတ်တဲ့လူစာရင်း တိုးတာပဲရှိမယ်၊ ခွင့်လွှတ်လိုက်ပါကွာ"

"ဟင့်အင်း ... အနည်းဆုံးတော့ သူ့မျက်လုံးကို ပြန်ဖောက်ထုတ်ပေးရမယ်"

ပေလောက်ယီက စိတ်ဆိုးနေသော ပေလောက်စန်းကို နှစ်သိမ့်လိုက်၏။

"ထားလိုက်စမ်းပါ ညီလေးရာ၊ ငါတို့ညီအစ်ကိုလေးယောက် ခုလို တက်ညီလက်ညီ လှုပ်ရှားလာတာ နှစ်ဘယ်လောက် ကြာခဲ့ပြီလဲ"



ပေလောက်စီက ...

"နှစ်ပေါင်းအစိတ် ကျော်ခဲ့ပါပြီ"

"အေး ... ဟိုအဘိုးကြီးက ငါတို့ကို မောင်းထုတ်ပြီးတဲ့နောက် ငါတို့ ဘယ်လိုရုန်းကန်ခဲ့ကြရသလဲ"

ဆီးနှင်းခဲများကို လက်ဖြင့် ယက်ထုတ်နေသော ပေလောက်စန်းထံမှ အော်သံတစ်ချက် ထွက်လာ၏။ ပေလောက်ယီသည် သူ့စကားကို ဆက်မပြောနိုင်ဘဲ အရေးတကြီး လှမ်းမေးလေ၏။

"ပေလောက်စန်း ... ဘာဖြစ်လို့လဲ"

"အစ်ကိုနှစ် ... အစ်ကိုကြီး သေနေပြီ၊ မျက်လုံးနှစ်လုံးလည်း ကန်းနေတယ်"

"သေချာရဲ့လား၊ သေသေချာချာ ကြည့်ပါဦး ... မှားများမှားနေဦးမယ်"

"မမှားပါဘူး၊ တစ်ကိုယ်လုံးလည်း တောင့်တင်းနေပါပြီ၊ အသက်လည်း မရှူတော့ပါဘူး၊ မျက်လုံးနှစ်လုံးလည်း ကန်းနေပြီ၊ အစ်ကိုကြီး ဘယ်လို အသက်ရှင်နိုင်တော့မှာလဲ"

ပေလောက်ယီသည် လက်သီးကို တင်းကျပ်စွာ ဆုပ်လိုက်၏။ သူ့မျက်လုံးမှကျသည့် သွေးများသည် တစ်ကိုယ်လုံးစွန်းပေနေရာ သူ့ရုပ်သွင်မှာ ကြောက်မက်ဖွယ်ရာ ဖြစ်နေသည်။

"အစ်ကိုကြီးသေပြီ … ဟုတ်လား"

"သေပြီ … သေပြီ"

ပေလောက်စန်းက ရှိုက်၍ပြော၏။ ပေလောက်ယီက ဒေါသတကြီး အော်ဟစ်လေ၏။

"ဒါ … ဒါ … ဘယ်သူ့လက်ချက်လဲ … ပြောစမ်း၊ ငါ့ကို ပြောစမ်း။ ရွှေပျံလွှားဆိုတဲ့ အယုတ်တမာကောင်ရဲ့ လက်ချက်လား"

"မဟုတ်ဘူး"

ကျင်းလီ၏အသံ …

"ဒါဖြင့် ဘယ်သူလဲ … ပြောစမ်း"

ပေလောက်ယီ မျှော်လင့်မထားသည့်အဖြေသည် နားထဲသို့ စီးဝင်သွားသည်။

"ဘယ်သူ့လက်ချက်မှ မဟုတ်ဘူး၊ ကျွန်မ လက်ချက်ရှင့်"

ကျင်းလီက ခပ်အေးအေးပင်တည်း။

❖ ❖ ❖



## အခန်း(၁၀)
## ဆီးနှင်းပုလဲ အဆိပ်လက်နက်

ရုတ်တရက်အားဖြင့် တစ်တောလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

"ပေလောက်တိုင် မျက်လုံးကန်းတာက ကျားပွတ်ဒဏ်ချက်ကြောင့် ကန်းတာမဟုတ်ဘူး၊ ကျွန်မ အသုံးပြုတဲ့ ဆီးနှင်းပုလဲဆိုတဲ့ အဆိပ်လက်နက်ကြောင့် ကန်းသွားတာ၊ သူဟာ ရှင့်ထက် ကြမ္မာဆိုးတယ်၊ ဆီးနှင်းပုလဲလက်နက်ဟာ မျက်လုံးကနေ ဦးနှောက်အထိ ပေါက်သွားတော့ အသက်ပါစွန့်ရတာပေါ့"

ကျင်းလီ၏ အသံသည် ဖြည်းဖြည်းမှန်မှန် ထွက်ပေါ်လာပြန်သည်။

ကျင်းလီက ဖြည်းဖြည်းမှန်မှန် ဣန္ဒြေရရ ပြောနေသလောက် ပေညီအစ်ကိုတစ်သိုက်မှာ တဖြည်းဖြည်း ထိတ်လန့်ကြောက်ရွံ့လာကြသည်။

ပေလောက်စီက မယုံကြည်နိုင်ဟန်ဖြင့် ပြောလေ၏။

"မဟုတ်တာတွေ ပြောမနေနဲ့ ၊ ဆီးနှင်းပုလဲဆိုတာ ထန်တီး ဂိုဏ်းချုပ်ကြီးရဲ့တစ်ဦးတည်းပိုင် လက်နက်ဖြစ်တယ်၊ တို့ပေညီအစ်ကိုတွေဟာ ထန်တီးဂိုဏ်းနဲ့လည်း ဘာရန်ငြိုးရန်စမှမရှိဘူး"

ကျင်းလီက တခစ်ခစ်ရယ်မောလေတော့သည်။

"ရှင်တို့ဟာ ဘာသတင်းမှ တိတိကျကျ မရကြပါလား။ ကျွန်မတို့ရဲ့သခင်ကြီးဟာ ထန်တီးဂိုဏ်းချုပ်ကြီးရဲ့ တစ်ဦးတည်းသောတပည့်ရှင့်၊ ကျွန်မက သခင်ကြီးရဲ့ တတိယမြောက်သမီးကလေးနဲ့အတူတကွ ကြီးပြင်းလာခဲ့ရတဲ့ အိမ်ဖော်ဖြစ်တယ်၊ ကျွန်မကို ဒီပညာနဲ့ပတ်သက်ပြီး ဘယ်သူကမှ တိတိကျကျ သင်ပေးထားတာတော့ မရှိဘူး၊ ဒါပေမဲ့ ကျွန်မက မမလေးရဲ့သွန်သင်မှု ကျွန်မရဲ့မှတ်သားမှုတွေကြောင့် ဒီပညာကို အနည်းအကျဉ်း တတ်ကျွမ်းခဲ့တယ်"

ပေလောက်ယီမှာ လွန်စွာ အံ့သြသွားသည်။

"အကြီးဆုံးသမီးနဲ့ သမီးလတ်ကတော့ ဒီပညာ မတတ်ပါဘူး၊ သူတို့က သိုင်းပညာကို လုံးဝစိတ်မဝင်စားကြဘူး၊ အငယ်ဆုံးသမီးတော်ကလေးဖြစ်တဲ့ မမလေးကတော့ ဒီပညာကို စိတ်ဝင်စားတယ်"

"သူ ဒီပညာတတ်လျက်သားနဲ့ ငါတို့ကို ဒီပညာနဲ့ ဘာကြောင့် မခုခံရတာလဲ"



"ခုခံမလို့ဘဲ၊ သူရဲကောင်းကြီး ရွှေပျံလွှားထက်ကျင်က ဒီပြဿနာထဲ ဝင်လာတဲ့အတွက် ရှင်တို့ညီအစ်ကိုလေးယောက် ကံကောင်းသွားတာ"

"ဘာလဲ ... မင်းတို့က ငါတို့ကို သတ်နိုင်တယ်လို့ ဆိုလိုတာလား ..."

"သေချာတာပေါ့၊ ရှင်တို့လေးယောက်စလုံး သေသွားနိုင်တယ်၊ ရှင်တို့အစ်ကိုကြီး ပေလောက်တိုင် သေနေတာကို ကြည့်ကြပါဦးလား၊ ဒါတောင် ကျွန်မတို့မမလေးရဲ့လက်ချက် မဟုတ်သေးဘူး"

ပေလောက်ယီ လွန်စွာဒေါသထွက်သွား၏။

"လောက်စန်းနှင့် လောက်စီ၊ ဒီမိန်းမယုတ်ကို သတ်ပစ်လိုက်စမ်း"

ပေလောက်ယီ၏ အမိန့်သံသည် စူးရှကျယ်လောင်စွာ ထွက်ပေါ်လာ၏။ သို့သော် တုံ့ပြန်သံလည်း မကြားရ၊ မည်သည့် လှုပ်ရှားသည့်အသံမျှ မကြားရဘဲ ဖြစ်နေသည်။

ပေလောက်စန်းနှင့် ပေလောက်စီတို့သည် ပေလောက်တိုင်၏ အလောင်းနား၌ ဒူးထောက်ထိုင်ရင်း စမ်းသပ်နေကြသူများ ဖြစ်၏။ သို့သော် သူတို့နှစ်ယောက်စလုံး ထိုနေရာမှ ထမလာကြတော့ပေ။

ပေလောက်စန်းနှင့် ပေလောက်စီတို့၏ ဆိုးရွားလှသော ကံကြမ္မာကို ပေလာက်လီ မမြင်နိုင်သော်လည်း မြင်းရထားသမား ကတော့ မြင်နေရလေသည်။ ထို့ကြောင့် သူ့မျက်လုံးပြူးမျက်ဆံပြူး ဖြစ်နေမိတော့သည်။

ပေလောက်ယီသည်လည်း အခြေအနေကို တဖြည်းဖြည်း ရိပ်မိလာသည်။ သူ၏ညီငယ်နှစ်ယောက်ထံမှ မည်သည့်အသံမျှ မကြားရဘဲ ရှိနေသည်မဟုတ်ပါလား၊

"လောက်စန်း ... လောက်စီ"

"လောက်စန်း ... လောက်စီ"

"မင်းတို့ဘာဖြစ်နေကြသလဲ ... ပြောစမ်း"

"ငါပြောတာကို ကြားတယ်မဟုတ်လား ... မြန်မြန်ဖြေကြစမ်း"

လောက်ယီ တတွတ်တွတ် ရေရွတ်နေတော့၏။

ကျင်းလီက တခစ်ခစ်ရယ်၏။

"ရှင်သာ ဆီးနှင်းပုလဲ လက်နက်အကြောင်း ကြားဖူးနားဝ ရှိထားရင် ဒီလက်နက်အထိခံရတဲ့လူဟာ ဘယ်လိုမှ အသံမထွက်နိုင်တော့ဘူးဆိုတဲ့ အချက်ကို ရှင်သိနိုင်လိမ့်မယ်"

ပေလောက်ယီမှာ တစ်ကိုယ်လုံး တုန်ခါသွား၏။ ပေလောက်စန်းနှင့် ပေလောက်စီတို့ထံသို့ စမ်းတဝါးဝါးနှင့် လျှောက်



သွား၏။ အနီး၌ ထိုင်ချလိုက်သည်။ ညီငယ်နှစ်ယောက်၏ အလောင်းကို လက်ဖြင့်စမ်းသပ်၏။ သူသည် ညီငယ်နှစ်ယောက်တို့၏ မျက်ကွင်းများကို လက်ဖြင့် တုန်တုန်ချည့်ချည့် စမ်းသပ်ရာ စိုစွတ်သော သွေးများကို စမ်းသပ်မိသွားသည်။

"မင်း ... မင်း တယ်ပြီးရက်စက်ပါလား"

ကျင်းလီက တခစ်ခစ်ရယ်ပြီး ...

"ရှင်ကများ ဒီစကား ပြောရတယ်ရှိသေးလား၊ ရှင်တို့ ဘေးပြလေးယောက်ဟာ မကောင်းတဲ့ဒုစရိုက်လုပ်ငန်းမှန်သမျှ အကုန်လုပ်ခဲ့တဲ့သူတွေပဲ၊ ခပ်စောစောကတည်းက ရှင်တို့ သေသင့်နေတာ"

လောက်ယီ ဒေါသတကြီး ထရပ်၏။

"မိန်းမယုတ် ... နင့်ကို ငါသတ်မယ်"

"ခစ် ... ခစ် ... ခစ်၊ တကယ်ရယ်စရာကောင်းတာပဲ၊ ရှင်ဟာ အစ်ကိုကြီးလောင်လီစွန်းကျိရဲ့ ကျားသွတ်ချက်ကြောင့် မျက်လုံးကန်းနေပြီ၊ အဲဒါကလည်းတစ်ကြောင်း၊ ရှင့်အစ်ကိုကြီးကို သတ်တဲ့ကျွန်မကို လက်စားမချေဖို့ ဖျောင်းဖျပေးခဲ့တဲ့ အကြောင်းတစ်ကြောင်းကိုလည်း ထောက်ထားပြီး ရှင့်ကို မသတ်ဘဲ ခွင့်လွှတ်ခဲ့တာ"

"နင့်ကို ငါသတ်မယ်"

"ရှင် ဘယ်လိုလုပ် သတ်နိုင်မှာလဲ၊ ရှင်ဘာမှမမြင်တော့တဲ့

ဥစ္စာ"

"နင်ထင်သလား၊ ငါကိုယ်တိုင် မသတ်နိုင်ပေမယ့် ငါတို့ရဲ့ အရှင်သခင်ကတော့ နင့်ကို ကောင်းကောင်း လက်စားချေလိမ့်မယ်၊ နင့်ကို ဘယ်တော့မှ ခွင့်လွှတ်ဘူး"

ကျင်းလီက ကျေနပ်စွာ ရယ်မောလေတော့၏။

"ကြိုက်သွားပြီ၊ ကျွန်မက ဒီအကွက်ကို စောင့်နေတာပဲ၊ ရှင့်သခင်က ဘယ်သူလဲဆိုတာ ကျွန်မရဲ့မမလေးက သိချင်တယ်၊ ရှင့်ကို မသတ်ဘဲထားတာ ဒီအချက်ကို သိချင်လို့၊ ရှင့်အသက်ကို ကျွန်မ ချမ်းသာပေးထားတယ်၊ ရှင်ကလည်း ရှင့်သခင်ကို သိပ် အထင်ကြီးနေတယ်၊ ဒီတော့ ရှင့်သခင်ရဲ့နာမည်ကို ထုတ်ပြောလိုက်ပေတော့"

ကျင်းလီ၏ စကားကို ပေလောက်ယီ စဉ်းစားသည်။ ဘယ်သူဆိုတာ ပြောပြလိုက်ရင် ဘဝင်မြင့်နေတာဟာ ငါ့သခင် ဘယ်သူဆိုတာ ပြောပြလိုက်ရင် မုချသွားရင်ဆိုင်လိမ့်မယ်၊ ငါတို့ ညီအစ်ကိုတွေ သူ့လက်ချက်နဲ့ ဘယ်လိုဒုက္ခရောက်ပြီးတာလည်း သူ ပြောလိမ့်မယ်၊ အဲဒါဆိုရင် သခင်က သူ့ကိုသတ်လိုက်မှာ သေချာတယ်။

သူသည် အတွေးဆုံးသည်နှင့် ခေါင်းညိတ်ပြလေသည်။

"ကောင်းပြီ၊ ငါ့သခင်ရဲ့နာမည်ကို ပြောပြမယ်၊ မင်း



သေသေချာချာ နားထောင်၊ အဲဒီလူက ... "

ပေလောက်ယီမှာ စကားဆုံးအောင် ပြောခွင့်မရလိုက်ရှာပါ။ သူ့နံဘေး၌ အလင်းတန်းတစ်ခုပေါ်လာပြီး သူသည် ခေါင်းတခြား၊ ကိုယ်တခြား ဖြစ်သွားရလေတော့၏။

ကျင်းလီရော လောင်လီစွန်းကျိရော အလန့်တကြား နောက်သို့ ခုန်ဆုတ်သွားလေ၏။ လျင်မြန်သော ဓားရိပ်က ပေလောက်ယီသာမက သေဆုံးနေပြီဖြစ်သည့် ပေလောက်စန်းနှင့် ပေလောက်စီတို့၏ ခန္ဓာကိုယ်များကိုပါ ထိုးခုတ်နေသည်။

ရွှေပျံလွှားထက်ကျင် ...

မှန်ပါ။ ရွှေပျံလွှားထက်ကျင်သာ ဖြစ်ပါသည်။

ကျင်းလီမှာ အံ့ဩမှုပြေပျောက်သွားသည်။ လောင်လီစွန်းကျိက သက်ပြင်းချ၍ ပြောလေ၏။

"သြော် ... ရွှေပျံလွှားကိုး"

ထက်ကျင်သည် ထိုးခုတ်ပြီးသည်နှင့် ကျင်းလီတို့ရှိရာသို့ လျှောက်လာလေ၏။

"မင်းက အသက်ငယ်ငယ်လေးရှိသေးတယ်၊ လူသတ်ဝံ့လောက်အောင် စိတ်ထားကကြမ်းကြုတ်နေပြီလား"

ကျင်းလီက မျက်နှာပျက်သွားသည်။

"သခင်ကြီးထက်ကျင် ... ကျွန်မ ... ကျွန်မ နောက်ကြောင်း

အေးအောင် လုပ်ရတာပါ"

"အခု ဘာများ နောက်ကြောင်းမအေးလို့လဲ"

"သူတို့ရဲ့အစ်ကိုကြီး ပေလောက်တိုင်ကို ကျွန်မ သတ်ခဲ့ပြီးပြီလေ၊ ဒီရန်စက ဘယ်ဆုံးတော့မလဲ၊ ကျန်တဲ့သုံးယောက်က ကျွန်မတို့နောက် မိုးမဆုံးမြေမဆုံး လိုက်တော့မှာပေါ့"

ထက်ကျင်က စဉ်းစဉ်းစားစားပြောသည်။

"ဒါဖြင့် ပေလောက်ယီကို ဘာကြောင့် အသက်ချမ်းသာခွင့်ပေးထားရတာလဲ၊ သူ့လျှာက မင်းကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်တယ်ဆိုတာ မသိဘူးလား"

ကျင်းလီက ခေါင်းငုံ့သွားတော့၏။ သူမထံမှ အသံထွက်မလာတော့ပေ။ ထက်ကျင်က ကျင်းလီအား စူးရှစွာကြည့်ပြီးဆက်ပြော၏။

"သိုင်းလောကမှာ လူသတ်တာ မဆန်းပါဘူး၊ ဒါပေမဲ့ ဆီးနှင်းပုလဲလို လက်နက်မျိုးနဲ့တော့ မတိုက်ခိုက်သင့်ဘူး၊ ဒီလက်နက်ကြောင့် ရှုပ်ထွေးမှုတွေ ဖြစ်လာနိုင်တယ်၊ သိုင်းလောကထဲမှာ ပြဿနာတစ်ခု ရှုပ်ထွေးမိရင် တော်တော်နဲ့ရှင်းလို့ မလွယ်တော့ဘူး၊ မင်း ဒါတွေကိုမသိဘူး"

"ကျွန် ... ကျွန်မ ဘယ်လိုလုပ်ရမလဲ၊ ဒီဓားပြ လေးယောက် ဘယ်လို အစွမ်းထက်တယ်ဆိုတာ သခင်ကြီးထက်ကျင်အသိပဲ၊



ကျွန်မအနေနဲ့ ဒီဆီးနှင်းပုလဲကိုမသုံးရင် တခြားဘာကိုမှ မသုံးနိုင်ပါဘူး၊ သူ့ကို တစ်ချက်တည်းနဲ့ သေအောင် ဒီလက်နက်ကို သုံးလိုက်ရတာပါ"

ထက်ကျင်က ဤအိမ်ဖော်မလေးအား အပြစ်တင်ခြင်းဖြင့် အကျိုးတစ်စုံတစ်ရာ မထူးနိုင်တော့သည်ကို သိလာ၏။

ထို့ကြောင့် ...

"ကဲ ... ပြီးတာတွေ ပြီးပါစေတော့၊ နောက်ဆိုရင် တတ်နိုင်သမျှ ဒီဆီးနှင်းပုလဲကို မသုံးပါနဲ့"

"စိတ်ချပါ ... သခင်ကြီး အမိန့်ကို နားထောင်ပါ့မယ်"

"တစ်ခုတော့ရှိတယ် ... အခုကိစ္စကိုတော့ ငါတာဝန်ထားလိုက်ပါ၊ အလောင်းတွေကို အပိုင်းပိုင်းဖြစ်အောင် ဖျက်ဆီးပစ်လိုက်တာက မင်းရဲ့ဆီးနှင်းပုလဲလက်ချက် မပေါ်အောင်လို့ပဲ၊ တကယ်လို့ ကျန်ပေဆန့်းကလူတွေ လိုက်လာပြီး စုံစမ်းရင် ပေညီအစ်ကို လေးယောက်ကို ရွှေပျံလွှားထက်ကျင် သတ်ထားတယ်လို့ပဲ ဖြေကြပါ ... ကြားရဲ့လား"

ကျင်းလီသည် ခေါင်းငုံ့နေရာမှ မော့လာသည်။

"အဲ့ဒါ တရားပါ့မလား။ ကျွန်မလုပ်တဲ့ အပြစ်အတွက် သူ့ကို ပုံချလို့ သင့်ပါမလား"

"ဘာ ... "

ထက်ကျင်က ဒေါသတကြီး အော်လိုက်၏။

"ဘာလဲ ... မင်းက သူ့ရဲ့ကောင်းမကြီး သိပ်လုပ်ချင်နေသလား၊ နောက်ဆက်တွဲပြဿနာက ဘယ်လောက်ရှုပ်ထွေးနိုင်တယ်ဆိုတာသိရင် သိုင်းလောကသားတွေဟာ ယွန်မိသားစုကို မျက်လုံးဒေါက်ထောက်ကြည့်တော့မယ်၊ မင်းတို့ရဲ့ ယွန်ကတော်ကြီးနဲ့ ယွန်မမလေးပါ ဘေးအန္တရာယ်တွေ ပတ်လည်ဝိုင်းလာလိမ့်မယ်၊ သူတို့ဟာ လက်စားမချေဘဲ အေးအေးလေး စောင့်ကြည့်နေမှာ မဟုတ်ဘူး။ မင်းပညာလေးနဲ့ ကျင်ဝူးနယ်ကို ခါးစောင်းတင်လို့ရမယ်ထင်နေလို့လား"

ကျင်းလီမှာ ငယ်ရွယ်ရုံမျှမက အိမ်ဖော်မလေးတစ်ယောက်သာဖြစ်၍ သိုင်းလောကအတွေ့အကြုံ ဗဟုသုတအရာ၌ ထက်ကျင်နှင့် မည်သို့မျှ ယှဉ်နိုင်သူ မဟုတ်ပါချေ။ ခေါင်းငုံ့ခံရုံမှအပ အခြားဘာမျှပြောနိုင်စွမ်း မရှိတော့ပေ။

ထက်ကျင်က ...

"မင်း ... မြန်မြန်ပြန်သွား၊ ဒီမှာလည်း ကြာကြာမနေနဲ့၊ တပ်မှူးကြီး ယွန်ကီးရှိတဲ့ ဆန်ဆီပြည်နယ်ကိုသာ အမြန်ဆုံးသွားပါလို့ ပြောလိုက် ... ပြဿနာ အရှုပ်အထွေးတစ်ခုခုဖြစ်လာရင် တပ်မှူးကြီး ယွန်ကီးကသာ တာဝန်ယူဖြေရှင်းပေးနိုင်လိမ့်မယ်"

"သခင်ကြီးထက်ကျင် ... ကျွန် ... ကျွန်မ တစ်ခုလောက်



မေးပါရစေ"

"ဘာမေးမလဲ"

"ကျွန်မတို့ကို တစ်ယောက်က အနောင့်အယှက်ပေးနေပါတယ် ... အဲဒီလူက ဘယ်သူပါလဲ"

"မသိဘူး"

ထက်ကျင်က ခပ်ပြတ်ပြတ်ဖြေ၏။

ကျင်းလီက ဆက်ပြောသည်။

"ပေလောက်ယီက ပြောနေတယ် ... သူတို့ရဲ့အရှင်သခင်က ကျွန်မတို့ကို ခွင့်လွှတ်မှာမဟုတ်ဘူးတဲ့၊ သူတို့သေဆုံးတဲ့အတွက် ကျွန်မကိုပြန်ပြီး လက်စားချေမတဲ့၊ သူဖွင့်ပြောမလို့လုပ်နေတုန်းက သခင်ကြီးထက်ကျင်က သတ်ပစ်လိုက်တယ်"

ထက်ကျင်က ဟက်ဟက်ပက်ပက်ရယ်လေ၏။

"သူက ဘာဖြစ်လို့ အစောကြီးကတည်းက မပြောပဲ အခုမှ ပြောချင်ရတာလဲ"

"စောစောကတော့ ကျွန်မကိုလည်း မပြောဝံ့ပါဘူး၊ ကျွန်မ စိတ်ထင်တော့ ဖွင့်ပြောလိုက်လို့ ကျွန်မလိုက်သွားရင် ကျွန်မ အသတ်ခံရမယ်လို့ တွက်ပြီး ထုတ်ပြောမလို့ကြံတာနဲ့ တူပါတယ်"

"ဟား ... ဟား ... ဟား ... ပေလောက်ယီကို မင်းက အထင်သေးနေတာကိုး၊ ဒီကောင်တွေဟာ လူဆိုးဓားပြတွေဆိုတော့

ဘာမှမလုပ်ရဲတာမရှိဘူး၊ မင်းသိချင်တဲ့ သတင်းပြောမလို့လုပ်ပြီး မင်းကို တစ်ခုခု လုပ်ကြံမလို့ သူဒီလို ပြောတာပဲ၊ သူတကယ်တမ်း သတ်ချင်တာက မင်းလည်းမဟုတ်ဘူး၊ မင်းရဲ့မမလေးလည်း မဟုတ်ဘူး"

"ရှင် ... "

"ဟုတ်တယ် ... သူသေစေချင်တာက မင်းတို့ရဲ့ သခင်မကြီးဖြစ်တဲ့ ယွန်ကတော်ကိုပဲ၊ မင်းတို့ ချောင်ဟုန်စွန်းတောင်ပေါ် မတက်နိုင်ခဲ့ကတည်းက သူတို့စိတ်အတော်အေးနေပြီ၊ ဒါတွေကို မင်း မသိပါဘူး၊ ကဲ ... ကဲ ... မင်းမမလေးကိုသာ ခရီးမြန်မြန်ထွက်ဖို့ သွားပြောပေတော့"

"ကျွန်မတို့ရဲ့ သခင်မကြီးက ခုမှ ကျန်းမာခါစပဲ ရှိသေးတယ်၊ သူ ဘယ်လို ခရီးသွားနိုင်မလဲ"

"ခု သုံးလေးရက်အတွင်းမှာတော့ သူဘယ်လျှောက်နိုင်ဦးမလဲ၊ ဒီလိုပဲ ထမ်းပိုးပြီး ခေါ်သွားရမှာပေါ့၊ မြင်းရထားနဲ့ သယ်သွားရင် ကောင်းကောင်းရပါတယ်၊ ဆန်ဆီပြည်နယ်က အမြန်ဆုံးသွားပြီး ယွန်ကတော်ကြီးကို တပ်မှူးကြီးယွန်ကီးရဲ့လက်ထဲ အမြန်ဆုံး သွားအပ်ဖို့ပဲ အရေးကြီးတယ်"

ထက်ကျင်က ကျန်ဝူးဒေသ၌ ခြောက်နှစ်ကြာအောင် နေထိုင်ခဲ့သူဖြစ်၍ ကျန်ဝူးလူမျိုး ဓားပြများ၏ လုပ်နည်းလုပ်ဟန်ကို



အတော်ကလေး သိမြင်သူဖြစ်သည်။

ဤအချက်ကို ကျင်းလီနှင့် ယွန်ချောချောတို့အနေဖြင့် မည်သို့မှ သဘောပေါက်နိုင်မည် မဟုတ်ပေ။

ထက်ကျင်က ဆက်ပြော၏။

"ပေညီအစ်ကိုတစ်တွေရဲ့ အရှင်သခင်ဟာ သူ့လူတွေ ဘယ်ပုံဘယ်နည်းဖြစ်သွားတယ်ဆိုတာ ရုတ်တရက်တော့ မသိနိုင်သေးဘူး၊ အဲဒီအချိန်မှာ မင်းတို့တစ်တွေ ယွန်ကတော်ကြီးကို ဒီမြို့နဲ့ ဝေးနိုင်သမျှဝေးအောင် ယူသွားဖို့လိုတယ်"

ကျင်းလီသည် ထက်ကျင် သတိပေးနေပုံကိုကြည့်၍ သူတို့၏ ရန်သူများ မည်မျှစွမ်းပကား ကြီးမားကြောင့်ရိပ်မိလာလေသည်။

"သခင်ကြီးထက်ကျင် ... သခင်ကြီးကော အဲဒီလူတွေကို မကြောက်ဘူးလားဟင်"

ထက်ကျင်က ဟက်ဟက်ပက်ပက်ရယ်လေ၏။

"ဟား .. ဟား .. ဟား .. ငါက တစ်ကိုယ်တော်ပဲ၊ နောက်ပြီး သစ်ရွက်လို လျှောက်လွင့်နေတဲ့လူမျိုး၊ လူဆိုးဓားပြတွေအနေနဲ့ ငါ့ကိုရှာချင်ရင် အတော်ကလေးခက်ခက်ခဲခဲရှာမှရမယ်၊ တွေ့လို့ တိုက်ခိုက်ကြရင်လည်း ဘာမှပြဿနာမရှိဘူး၊ ဘာအနှောင်အဖွဲ့မှ မရှိဘူး၊ ရွှေပျံလွှားဟာ သူတို့လိုပဲ မိုက်မိုက်ကန်းကန်းလုပ်တတ်လို့

လူဆိုးဓားပြတွေ ငါ့ကို ဖြုံကြတာပါ”

မှန်ပေသည်။ လူကောင်းသူကောင်းများသည် လူဆိုးဓားပြများကို သတ္တိနည်းကြောက်ရွံ့၍ ခေါင်းငုံ့ခံကြမည်မဟုတ်ပေ။ သားသမီးများ၊ ဆွေမျိုးညာတိများ အစရှိသည့် သံယောဇဉ်များ၏ ရှေ့ရေးနောက်ရေးကို စဉ်းစားကာ အောင့်အည်းသည်းခံကြခြင်း ဖြစ်ပေသည်။ ထောက်ထားစရာ သံယောဇဉ်မရှိပါက လူဆိုးလူမိုက်များနှင့်တန်းတူ သေသေကြေကြေ ပြိုင်မိုက်နိုင်ကြသည်သာ ဖြစ်၏။ ထိုအချက်ကို အခွင့်ကောင်းယူကာ လူကောင်းများအပေါ် အနိုင်ယူစော်ကားနေကြခြင်းဖြစ်တော့သည်။

ထက်ကျင်သည် ကျင်းလီအား မှာကြားစရာရှိသည်များကို မှာကြားပြီးနောက် လောင်လီစွန်းကျိဘက်သို့ လှည့်၍ မှာကြားလေသည်။

“လောင်လီစွန်းကျိ ... မင်းဟာ သိုင်းပညာမတတ်ဘူး၊ ဒါပေမဲ့ သူရသတ္တိရှိတယ်၊ စိတ်ကောင်းစေတနာရှိတယ်၊ ပေလောက်ယီရဲ့မျက်လုံးကို ကျာပွတ်တစ်ချက်တည်းနဲ့ ဖောက်ထုတ်ပစ်တဲ့ အစွမ်းကလည်း မသေးဘူး၊ ပေညီအစ်ကိုဆိုတာ အိုးမည်းလို လူမျိုးတွေဖြစ်တယ်၊ သူတို့နဲ့ပတ်သက်မိရင် အမည်းအညစ်စွန်းထင်သွားတာပဲ၊ ငါကတော့ တတ်နိုင်မျှ ဆီးနှင်းပုလဲနဲ့ ကျာပွတ်လက်ချက်ကို ဖျောက်ဖျက်ထားတာပဲ၊ မတော်တဆ ဒီကောင်တွေ မင်းတို့ဆီ



ခြေရာကောက်ချင် ကောက်လာနိုင်တယ် ... သတိထားပြီးနေပါ”

လောင်လီစွန်းကျိ အံ့ဩဖွယ်ကောင်းလောက်အောင် တည်ငြိမ်နေသည်။

“ကျွန်တော်လည်း ခင်ဗျားလို တစ်ကောင်ကြွက်ပါပဲ၊ ဘာသံယောဇဉ်မှ မရှိပါဘူး၊ သူတို့ ကျွန်တော့်ကို သတ်နိုင်ရင် အသက်တစ်ချောင်းတည်းပါပဲ”

ထက်ကျင်သည် လောင်လီစွန်းကျိကို သဘောကျသွား၏။

လောင်လီစွန်းကျိကို ထပ်မံချီးကျူးသည်။

ကျန်ဝူးဒေသမှ လူဆိုးများသည် အလွန်တရာ ကြောက်စရာကောင်းသဖြင့် ဤမြို့၌ ဆက်လက်နေထိုင်ခြင်းမပြုတော့ရန် ဖျောင်းဖျသည်။

ယွန်ကတော်ကြီးအား ဆန်ဆီပြည်နယ်သို့ လိုက်ပို့ရင်း တပ်မှူးကြီး အိမ်တော်၌ပင် အမှုထမ်းရန် ထက်ကျင်က တိုက်တွန်းပြောသည်။

“ငါပြောတာတွေကို မင်းသဘောပေါက်တယ် မဟုတ်လား၊ သူရဲကောင်းဆိုတာ ကိုယ့်အသက်ကို အဓိပ္ပါယ်ရှိရှိ စွန့်ရတယ်၊ အဓိပ္ပါယ်မရှိဘဲ အသက်စွန့်တဲ့လူဟာ သူရဲကောင်း မဟုတ်ဘူး”

လောင်လီစွန်းကျိမှာ ထက်ကျင်၏တိုက်တွန်းချက်ကို ကြားပြီးကတည်းက စိတ်ထဲ၌ အတော်ကလေး တုန်လှုပ်သွားသည်။

သူသည် ယွန်ချောချောကို ကျိတ်၍ သဘောကျနေ၏။

သို့သော် အဆင့်အတန်းချင်းက မိုးနှင့်မြေသို့ ကွာခြားနေသဖြင့် သူ စိတ်ညစ်မိပြန်သည်။

သို့ရာတွင် ကျင်းလီဆိုသော အလှပန်းတစ်ပွင့်ကမူ သူနှင့် အဆင့်အတန်း ကွာလှသည်မဟုတ်ပေ။

အိမ်ဖော်ဆိုသော်လည်း ကျင်းလီသည် သာမန်အိမ်ဖော် မဟုတ်ပေ။ ရုပ်ရည်ချောမောလှပပြီး အလွန်တရာ ထက်မြက်သည့် အိမ်ဖော်ဖြစ်သည်။

သူသာ ယွန်ချောချောတို့နှင့်အတူ လိုက်သွားပါက ယွန်ချောချော၏ အလှကိုလည်း တွေ့မြင်နေရမည်။ ကျင်းလီနှင့်လည်း နီးစပ်နိုင်သည်။

သူသည် စိတ်ကူးယဉ်တတ်သော လူပျိုလူလွတ်တို့၏ ထုံးစံအတိုင်း ယွန်ချောချောနှင့် ကျင်းလီတို့ နှစ်ယောက်စလုံး၏ မေတ္တာပန်းကို ပန်ဆင်နိုင်ရန် အခကြေးငွေမပေးရတိုင်း ပစ်စလက်ခတ် စိတ်ကူးယဉ်ပစ်လိုက်တော့သည်။

သို့သော် ...

"သူရဲကောင်းကြီးထက်ကျင် ... ခင်ဗျားပြောတဲ့ စကားတွေက အင်မတန်မှ ဆီလျော်သင့်မြတ်ပါတယ်၊ ယွန်မိသားစု ကောင်ဟင်းချန်တည်းခိုခန်းမှာ ရှိနေသမျှ အချိန်တိုင်းမှာ ကျွန်တော့်



မြင်းရထားကိုပဲ သူတို့အသုံးပြုကြတယ်၊ ယွန်မိသားစုကို ရန်ပြုချင်တဲ့ လူဆိုးလူမိုက်တွေဟာ ကျွန်တော့်ကို တစ်နည်းနည်းနဲ့ မသက်သာဖြစ်မှာတော့ သေချာတယ်"

ထက်ကျင် ခေါင်းညိတ်၏။

"ဒါ အမှန်ပဲ"

ဟုပြောလေ၏။ လောင်လီစွန်းကျိုက ဆက်ပြောသည်။

"ဒါပေမဲ့ ယွန်မိသားစုအတွင်းမှာ ဝင်ရောက်အမှုထမ်းဖို့ဆိုတဲ့ကိစ္စကိုတော့ ဒီက ကျင်းလီလည်း အဆုံးအဖြတ်ပေးနိုင်မှာ မဟုတ်ဘူး၊ သူတို့သဘောမတူရင် သူရဲကောင်းကြီးရဲ့ တိုက်တွန်းအကြံပေးချက်ဟာ အလကားဖြစ်မှာပါပဲ"

ထက်ကျင်က ရယ်ရင်း ပြော၏။

"သူတို့အနေနဲ့ မင်းကို လက်မခံလို့ မဖြစ်ဘူး၊ ပထမတစ်ချက် ... ဆန်ဆီသွားတဲ့ ခရီးလမ်းမှာ သူ့မြင်းရထားကို လိုက်ကိုလိုတယ်၊ ဒုတိယအချက် ... မင်းက ကျင်းလီကို ကာကွယ်ပေးခဲ့တယ်၊ တတိယအချက် ... ယွန်ကတော်ကြီးရဲ့အသက်ကို ကယ်တင်ခဲ့တဲ့ ကျုပ်က ခင်ဗျားကို ယွန်မိသားစုထံမှာ အမှုထမ်းဖို့ တိုက်တွန်းခဲ့တယ်၊ ကဲ ... ယွန်မိသားစုက ခင်ဗျားကို ငြင်းပယ်နိုင်တော့မလား"

လောင်လီစွန်းကျို ဘာမျှ မပြောနိုင်တော့ပေ။

"ကဲ ... ကျင်းလီ ရထားပေါ်တက်၊ ငါပြောတာတွေကို

မင်းရဲ့မမလေးကို ပြန်ပြောလိုက်၊ မနက်အရုဏ်တက်တာနဲ့ ကောင်ဟင်းချန်က ထွက်ခွာကြပေတော့"

လောင်လီစွန်းကျိသည် သူ၏ မြင်းရထားကို တရကြမ်းမောင်းထွက်ခွာသွားတော့လေတော့၏။

❖ ❖ ❖



## အခန်း (၁၁)

## သိခွင့်လိုက်ရသော နောက်ခံအင်အား

ဆန်ဆီပြည်နယ်သို့ ဦးတည် ရှေးရှုနေသော လမ်းမကြီးပေါ်၌ မြင်းရထားတစ်စီး အပြင်းမောင်းနှင်လျက် ရှိလေသည်။

ထိုသို့ထွက်မလာမီ လောင်လီစွန်းကျိသည် ကောင်းဟင်းချန်တည်းခိုခန်းပိုင်ရှင်နှင့် အကျေအလည် ဆွေးနွေးခဲ့ရသည်။ ဆိုင်ပိုင်ရှင်သည် လောင်လီစွန်းကျိကဲ့သို့ အလွန်တရာ ကျွမ်းကျင်သည့် မြင်းရထားသမားများကို လက်မလွှတ်ချင်ပါ။ သို့သော် တစ်ဇွတ်ထိုးငြင်းပယ်နေသော လောင်လီစွန်းကျိ၏စကားများကြောင့် နောက်ဆုံးလက်လျှော့လိုက်ရပြီး ယွန်ချောချော၏လက်ထဲသို့ အပ်လိုက်ရတော့သည်။

ယွန်ချောချောသည် သူမ၏မိခင်ကြီးကို မြင်းရထားသို့ တင်သောအခါ လူအများမြင်နိုင်အောင် စီမံခဲ့ရ၏။

ကပ်ခုတင်ပေါ်၌ ပက်လက်ရှိနေသော ယွန်ကတော်ကြီး၏ ကျန်းမာရေးအခြေအနေ အတိအကျကို ယွန်ချောချောနှင့် ကျင်းလီ

တို့မှတပါး အခြားမည်သူမျှ တိတိကျကျ မသိရပေ။

သူတို့ ပြောင်းရွှေ့မည့် ခရီးစဉ်၌ လိုက်ပါမည့် လူနှစ်ဦးမှာ တံခါးမှူးကြီး တွန်ချီက စေလွှတ်လိုက်သည့် ညီနောင်နှစ်ဦးဖြစ်ပေသည်။

တံခါးမှူးကြီး တွန်ချီသည် တပ်မှူးကြီးယွန်ကီးနှင့် အလွန်တရာ ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြ၏။

ထို့အကြောင်းကြောင့် အပြောင်းအရွှေ့ခရီးစဉ်၌ လိုက်ပါစောင့်ရှောက်နိုင်ရန် ဟိုညီနောင်တို့ကို စေလွှတ်ခြင်းဖြစ်ပေသည်။

လောင်လီစွန်းကျိုသည် မြင်းရထားပေါ်၌ ယွန်ကတော်ကြီး၊ ယွန်ချောချော၊ ကျင်းလီနှင့် ဟိုညီနောင်တို့ကို သယ်ဆောင်ကာ မြို့ထဲမှ မောင်းနှင်ထွက်ခွာလာတော့၏။

သူတို့၏ မြင်းရထားသည် ဆန်တန်မြို့ကို ဖြတ်ကျော်လာပြီးနောက် မိုင်ခြောက်ဆယ်အကွာရှိ မန်ဆန်မြို့သို့ ဆိုက်ရောက်လာကြသည်။

ထိုအချိန်၌ နေလုံးကြီးသည် သူတို့၏ ဦးခေါင်းတည့်တည့် ရောက်ရှိနေလေသည်။

သို့သော် အေးမြသောဒေသဖြစ်၍ နေလုံးကြီး၏ အလင်းနှင့်အပူကို ရှူးရှူးရှဲရှဲမခံစားကြရပေ။

ဟိုညီနောင်တို့သည် ပန်ဆန်မြို့မှ သန့်ရှင်းသပ်ရပ်သည့်



တည်းခိုဆောင်တစ်ခု၌ အခန်းများငှားရမ်းပြီး ယွန်ကတော်ကြီးကို နေရာချထားပေး၏။

ထို့နောက် ယွန်ချောချောအား နှုတ်ဆက်ပြီး ပြန်သွားကြသည်။

သူတို့၏တာဝန်မှာ ယွန်မိသားစုအနေဖြင့် ပန်ဆန်မြို့အထိ ဘေးမသီရန်မခ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိစေရန်ပင် ဖြစ်သည်။

ဟိုညီနောင်အနက် အစ်ကိုကြီးဖြစ်သူ ဟိုကျူးထင်က ယွန်ချောချောအား အရိုအသေပေးရင်း အထုပ်တစ်ထုပ် လှမ်းပေးသည်။

"မမလေး ... ဒါ ကျွန်တော်တို့ရဲ့ သခင်ကြီး တံခါးမှူးကြီး တွန်ချီက မမလေးလက်ထဲပေးအပ်ဖို့ မှာကြားလိုက်တဲ့ လက်ဆောင်ဖြစ်ပါတယ် ... ကျေးဇူးပြုပြီး လက်ခံပါခင်ဗျာ"

ယွန်ချောချောမှာ လက်တွန့်သွားသည်။ သူမ၏ဖခင်ကြီး၏ အဆုံးအမအောက်၌ ကြီးပြင်းလာသော ယွန်ချောချောသည် တံစိုးလက်ဆောင် စသည်တို့ကို တစ်ကြိမ်တစ်ခါမျှ ယူလေ့ယူထမရှိခဲ့ပေ။

ယွန်ချောချော၏ တွန့်ဆုတ်မှုကို မြင်လိုက်ရသဖြင့် ဟိုကျူးထင်က ဆက်၍ရှင်းပြလေ၏။

"မမလေး ... ကျွန်တော်တို့ရဲ့ သခင်ကြီးဟာ တပ်မှူးကြီးအဲ ... အဲ ... နယ်စားကြီးယွန်ကီးနဲ့ အင်မတန်မှ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေအပေါင်းအသင်းများ ဖြစ်ပါတယ်၊ ဒီလက်ဆောင်ကို လက်

ခံယူပါ ခင်ဗျာ၊ အစ်မလေး လက်မခံရင် ကျွန်တော့်တို့ သခင်ကြီး အင်မတန်မှ စိတ်ထိခိုက်သွားပါလိမ့်မယ်"

ယွန်းချောချောသည် ထိုအိတ်ကို လှမ်းယူပြီး ကျင်းလီ၏ လက်ထဲသို့ ထည့်ပေးလိုက်၏။

"ရှင်တို့ ပြန်ကြတော့မလား"

"ဟုတ်ကဲ့၊ ကျွန်တော်အနေနဲ့ ပန်ဆန်အထိပဲ အာဏာပိုင်ပါတယ်၊ ရှေ့က ခရီးတစ်လျှောက်မှာ ကျွန်တော်တို့ ဘာသြဇာမှ မရှိတော့ပါဘူး"

"ကျွန်မတို့ ချောင်ဟုန်စွန်းတောင်ကို သွားတဲ့အခါမှာ ပြဿနာဖြစ်ပေါ်ခဲ့ပါတယ်၊ တံခါးမှူးကြီး တွန့်ချီအနေနဲ့ အဲဒီအကြောင်း ဘာမှမသိဘူးလားရှင်"

ဟိုကျူးထင်မှာ ရှက်ရွံ့အားနာဟန် အမူအရာမျိုးပေါ်လာ၏။

"သိ ... သိပါတယ်ခင်ဗျာ၊ အဲဒီမြို့မှာ တံခါးမှူးကြီး တွန့်ချီမသိတဲ့ကိစ္စဟာ ခပ်ရှားရှားပါ၊ ဒါပေမဲ့ တံခါးမှူးကြီး တွန့်ချီဟာ မမလေးတို့ကို ဝင်မကူနိုင်ခဲ့ပါဘူး၊ သူ့အထက်က သူ့ကို တားဆီးလို့လည်း ဝင်မစွက်ရဲပါဘူး၊ မမလေးတို့ ဒီမြို့က ထွက်တော့မယ်ဆိုတော့ သူလည်း ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ကို လွှတ်ပြီး စောင့်ရှောက်ခိုင်းလိုက်တာပါပဲ၊ နယ်စားမင်းကြီးယွန်ကီးဟာ သူနဲ့



အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေကြီးဖြစ်ပါတယ်ခင်ဗျာ"

ယွန်းချောချောသည် တံခါးမှူးကြီးတွန့်ချီအား တားမြစ်နိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်များကို သိချင်လာ၏။

"ကျွန်မမေးမယ် ... ပေညီအစ်ကိုလေးယောက်ဟာ မြို့ထဲမှာ ပြောင်ပြောင်တင်းတင်း စော်ကားရဲကြတယ်၊ ဒီလိုပြုမူရဲတာဟာ သူတို့ရဲ့ကျောထောက်နောက်ခံတွေက ဘယ်သူတွေလဲ"

ဟိုကျူးထင်မှာ တုန်လှုပ်သွားသည်။ ယွန်းချောချောက ရိပ်မိ၏။

"ရှင် အခက်အခဲဖြစ်နေရင်လည်း မပြောပါနဲ့တော့ ... ရှိပါစေတော့"

"ဒီ ... ဒီလိုလည်း မဟုတ်ပါဘူးခင်ဗျာ၊ ပေညီအစ်ကို လေးယောက်ရဲ့ နောက်ခံအင်အားကတော့ တစ်ထိုက်ချစ်မင်းကြီးပဲဖြစ်ပါတယ်"

"ရှင် ... သူက အတော်အရေးပါသလား"

"ပါပါတယ်ခင်ဗျာ၊ ဘုရင်ကေရာဇ်ကြီးရဲ့ ဆွေမျိုးတော်ဆိုတော့ သူ့သြဇာအာဏာဟာ အတော်ကြီးမားပါတယ်၊ သူ့ကို တစ်နန်းတော်လုံး ကြောက်နေကြရတာပဲ"

ယွန်းချောချောက ဟက်ဟက်ပက်ပက်ရယ်ရင်း ...

"ဘာဘကြီးတွန့်ချီလည်း အပါအဝင်ပေါ့ ... ဟုတ်လား"

ဟိုညီနောင်မှာ ခေါင်းငုံ့နေကြ၏။ မည်သည့်တုံ့ပြန်စကားမျှ မပြောပေ။

ယွန်းချောချောက နာကြည်းဟန်ဖြင့် ပြောသည်။

"ဘဘကြီးတွန်ချီဟာ ငယ်ငယ်တုန်းက တုံးတိုက်တိုက်၊ ကမ်းတိုက်တိုက် အင်မတန် ရဲရင့်သတဲ့၊ အခုတော့ ရာထူးကြီးကြီး ရလာတာနဲ့အမျှ သတ္တိလည်း တဖြည်းဖြည်း နည်းလာပုံရတယ်၊ ဘဘကြီးဟာ အမြဲတမ်း ဒီလိုပဲ ငြိမ်ကုပ်နေတာလား"

ဟိုကျူးထင် မချိပြုံး ပြုံးရင်း ပြော၏။

"မမလေး ... ကျွန်တော်တို့ တံခါးစောင့်တပ်စိပ်ကလေးဟာ ဘာမှအရေးမပါပါဘူး၊ တစ်ထိုက်ချစ်မင်းကြီးဟာ ကျွန်တော်တို့ထက် တန်ခိုးသြဇာကြီးတဲ့လူတွေကိုတောင် ဖမ်းဆီးရိုက်နှက်နိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့သခင်ကြီး တွန်ချီအနေနဲ့ အလိမ္မာမဖက်လို့ မဖြစ်ပါဘူးခင်ဗျာ"

ဟိုကျူးထင် လေသံကိုတိုး၍ပြောပြန်၏။

"အခုဆိုရင် တစ်ထိုက်ချစ်မင်းကြီးဟာ သူ့ရဲ့စတုတ္ထမြောက်သမီးကို ကျုံထုံဟွာအိမ်တော်ကို ထပ်ပို့လိုက်ပြန်ပါပြီ"

ယွန်းချောချောမှာ နားမလည်နိုင်ဘဲဖြစ်သွားသည်။

"ရှင် ... ကျွန်မ နားမလည်ဘူး၊ ဘာဖြစ်လို့ ကျုံထုံဟွာအိမ်တော်ကို ပို့ရတာလဲ"



ဟိုကျူးထင်က နားမလည်နိုင်ရန်ကောဟူသည့် အကြည့်မျိုးဖြင့်ကြည့်ပြီး ခပ်သွက်သွက် ပြောလေသည်။

"ကျုံထုံဟွာ အိမ်တော်ကိုပို့မှတော့ ကြင်ရာတော်အဖြစ်ပို့တာပေါ့၊ သူ့သမီးဟာ ဆဋ္ဌမမြောက် ကြင်ရာတော်ဖြစ်သွားပြီလေ"

"ရှင် ... ကျုံထုံဟွာအိမ်တော်က ဘယ်သူ့ဆီကိုလဲ"

"မမလေးက ဒီမြို့အခြေအနေတွေကို ဘာမှမသိဘဲကိုး၊ ကျုံထုံဟွာအိမ်တော်ရဲ့အကြီးအကဲက အမတ်ချုပ်ကြီးလေ၊ သူက ဒီမြို့တော်မှာ အာဏာအရှိဆုံး၊ သြဇာအရှိဆုံးပဲ"

"ဒါဖြင့် ကျွန်မတို့ကို အတိုက်အခံလုပ်နေတဲ့ လူတွေရဲ့ ကျောထောက်နောက်ခံဟာ ကျုံထုံဟွာအိမ်တော်က အမတ်ချုပ်ကြီးလို့ ဆိုလိုတာပေါ့"

ဟိုကျူးထင် ခေါင်းညိတ်၏။

"တပ်မှူးကြီးယွန်ကီးနဲ့ အမတ်ချုပ်ကြီးတို့ ဘယ်တုန်းက အတိုက်အခံဖြစ်ခဲ့သလဲဆိုတာတော့ ကျွန်တော်တို့မသိဘူး၊ မမလေးတို့ကိစ္စမှာ အမတ်ချုပ်ကြီးဟာ နောက်ကနေကြိုးဆွဲနေတာတော့ အမှန်ပဲ"

"ကျွန်မတို့ကတော့ ဒါတွေမသိပါဘူးရှင်"

"အမတ်ချုပ်ကြီး သြဇာအာဏာကြီးသလောက် တစ်ထိုက်ချစ်လည်း သြဇာအာဏာကြီးတာပဲ၊ ကျွန်တော်တို့သခင်ကြီး တွန်ချီ

ဟာ အသာငြိမ်ကုပ်နေရပါတယ်၊ ဒါပေမဲ့ သခင်ကြီးတွန်ချိုဟာ သူ့မိတ်ဆွေ တပ်မှူးကြီးယွန်ကီးအတွက်တော့ တတ်နိုင်သမျှ စောင့်ရှောက်ဖို့ ဆုံးဖြတ်ထားပါတယ်"

ယွန်ချောချောသည် တံခါးမှူးကြီးတွန်ချို၏စိတ်စေတနာကို အလွန်ကျေးဇူးတင်သွားမိ၏။ ဘုရင့်အမှုထမ်းတို့၏ဘဝမှာ ရေရာခြင်း မရှိပေ။

ဘုရင့်အနီး၌ကပ်နေခွင့်ရပြီး ဘုရင်၏မြှောက်စားခြင်းခံရသူသည် ဘုရင်ကဲ့သို့ပင် တန်ခိုးသြဇာထက်မြက်ပေသည်။

ထိုသူအား ဘုရင်တစ်ပါးကဲ့သို့ပင် ခန့်ညားကြောက်ရွံ့ရသည်။

တံခါးမှူးကြီးတွန်ချိုသည် တစ်ထိုက်ချစ်နှင့် အမတ်ချုပ်ကြီးတို့အား တိုက်ရိုက်ဆန့်ကျင်ခြင်းမပြုရဲပေ။ ထို့အတွက် အပြစ်တင်ရန်လည်း အကြောင်းမရှိပေ။

ယွန်ချောချောသည် ဟိုကျူးထင်အား နှုတ်ဆက်ရင်း ..

"ကျွန်မတို့ကို လိုက်ပါစောင့်ရှောက်တဲ့ ရှင်တို့ညီအစ်ကိုကို ကျေးဇူးတင်ပါတယ်ရှင်၊ ဘဘကြီးတွန်ချိုဆီ ပြန်ရောက်ရင်လည်း ကျွန်မတို့သားအမိကို အခုလိုစောင့်ရှောက်တဲ့အတွက် သိပ်ကျေးဇူးတင်ကြောင်း ပြောပြပါ၊ ဖေဖေ့ဆီရောက်ရင် ဘဘကြီးတွန်ချိုဘယ်လိုကူညီတယ်ဆိုတာလည်း ကျွန်မပြောပြလိုက်ပါ့မယ်"



ဟိုညီနောင်တို့သည် ယွန်ချောချောကို ဂါရဝပြုလျက် ထွက်ခွာသွားကြလေ၏။

ဟိုကျူးထင်သည် တံခါးဝရောက်သောအခါမှ ရုတ်တရက် လှည့်အော်လိုက်၏။

"မမလေး ဒီကရှေ့ထွက်သွားပြီးတဲ့အခါ တည်းခိုဆိုင်မှာ တည်းခိုမယ့်အစား မြို့စောင့်အရာရှိတွေရဲ့အိမ်မှာ တည်းခိုစေချင်ပါတယ်"

ယွန်ချောချောက လက်ပြနှုတ်ဆက်ရင်း ခေါင်းညိတ်ပြလိုက်လေ၏။

ဟိုညီနောင်လည်း ပျောက်ကွယ်သွားတော့သည်။

"မမလေး"

ကျင်းလီ၏အသံကြောင့် ယွန်ချောချောလှည့်ကြည့်၏။

ကျင်းလီ၏လက်ထဲတွင် တံခါးမှူးကြီးတွန်ချိုပေးလိုက်သည်ဆိုသော အထုပ်ရှိနေ၏။

"မမလေး ဒီအထုပ်ကို ဖြည်လိုက်ရမလား"

"ဖြည်လိုက်လေ"

ကျင်းလီသည် အထုပ်ကိုဖြည်လိုက်၏။ အထုပ်ထဲ၌ တစ်ဆယ်သားခန့်ရှိ ရွှေတုံးကလေးများနှင့် ငွေလွှဲလက်မှတ်များပါရှိနေသည်။

ကျင်းလီက ရယ်ပြီးပြောလေ၏။

"မမလေး ... သခင်ကြီးတွန်ချိဟာ တကယ်ပဲရက်ရောတာပဲနော်၊ အခုပေးလိုက်တဲ့ ရွှေတုံးတွေနဲ့ ငွေလွှဲလက်မှတ်တွေဟာ နည်းနည်းနောနောမှ မဟုတ်ဘဲ"

ယွန်ချောချော မချိပြုံး ပြုံး၍ ပြောသည်။

"ဖေဖေနဲ့ ဘဘကြီးတွန်ချိဟာ မနိုင်ငယ်ကာ ရင်းနှီးတဲ့ မိတ်ဆွေကြီးတွေပဲ၊ ဘဘကြီးတွန်ချိကို ဖေဖေဟာ အသက်ကယ်ဖူးသတဲ့၊ ဖေဖေသွားကာနီးတုန်းက ငါ့ကို ငွေလွှဲလက်မှတ် ငါးရာဖိုးပဲထားပစ်ခဲ့တယ်၊ အဲဒီငွေဟာ အစောကြီးကတည်းက ကုန်နေခဲ့ပြီ၊ ကောင်ဟင်းချန်တည်းခိုဆိုင်ရဲ့ တည်းခိုခကိုတောင် ပေးစရာမရှိတော့ဘူး။ အဲဒီတုန်းကလည်း ဘဘကြီးတွန်ချိ ငွေလွှဲလက်မှတ်တွေပေးခဲ့လို့ တည်းခိုခတွေရှင်းနိုင်ခဲ့တယ်၊ ဒီရွှေနဲ့ငွေတွေကိုတော့ ဆန်ဆီပြည်နယ်မရောက်မချင်း ခရီးလမ်းတစ်လျှောက်လုံးမှာ ချွေချွေတာတာ သုံးစွဲသွားရမှာပဲ"

ကျင်းလီမှာ ပါးစပ်အဟောင်းသားဖြစ်သွား၏။

"မမလေးရယ် ... ကျွန်မတို့ ဒီလောက်တောင် အခြေအနေဆိုးနေခဲ့သလားဟင်"

"ဒီလောက်ကို ဆိုးနေခဲ့တာပဲ၊ ညည်းလည်း ငါတို့အိမ်သားဖြစ်နေတဲ့ဥစ္စာပဲ၊ ဘာဖြစ်လို့ ဒီလိုမေးရတာလဲ၊ ငါတို့ ယွန်မိသားစုမှာ ငွေကြေးအပိုအလျှံဆိုတာ ဘယ်တုန်းက ရှိခဲ့ဖူးလို့လဲ"



ကျင်းလီက သက်ပြင်းချမိသည်။

ယွန်ချောချောက ဆက်ပြောသည်။

"ဖေဖေဟာ ငါတို့လက်ထဲကိုသာ ငွေလွှဲလက်မှတ်ငါးရာဖိုး ထည့်ပေးခဲ့တာ၊ သူ့ဆီမှာ ငွေလွှဲလက်မှတ် တစ်ရာဖိုးလောက်ပဲ ပါသွားတယ်"

"မမလေးရယ် ... တပ်မှူးကြီး နယ်စားကြီးဆိုတဲ့နာမည်နဲ့ မလိုက်အောင်ကို ဆင်းရဲတယ်နော်၊ ဒါတွေကို ဘုရင်ဧကရာဇ်ကြီး မသိဘူးလားဟင်"

"သိတာပေါ့၊ သိလို့လည်း ယုံကြည်ကိုးစားပြီး နယ်စားကြီး ရာထူးအထိကို တိုးမြှင့်ပေးလိုက်တာပေါ့"

"ဒါပေမဲ့ ကျွန်မတို့ ယွန်မိသားစုကတော့ ကျပ်ကျပ်တည်းတည်းပဲနော်၊ သခင်ကြီးယွန်ချိလို စောင့်ရှောက်မယ့်ပုဂ္ဂိုလ်မျိုး ရှိနေလို့ တော်နေတာပဲ"

ယွန်ချောချောက ခေါင်းညိတ်၏။

"ဟုတ်တယ် ... ဒီငွေဟာ ဘဘကြီးတွန်ချိပို့လိုက်တဲ့ငွေတွေမို့သာ လက်ခံတာ၊ နို့မို့ရင် ငါဘယ်လက်ခံလိမ့်မလဲ၊ တခြားသူတွေရဲ့ငွေကိုသာ လက်ခံမိရင် ငါ့မှာ နယ်စားကြီးသမီးတော်ဆိုတဲ့ ဂုဏ်ဒြပ်ဘယ်ရှိတော့မလဲ"

"မမလေး ... ဒီငွေတွေကို ဘယ်လိုသိမ်းထားရမလဲ"

"ညည်းပဲ သိမ်းထားပေါ့"

ယွန်းချောချောက ရယ်ရင်း ...

"အစတုန်းကလည်း လက်ဖွာဖွာကလေးပဲ သုံးစွဲပေါ့"

ကျင်းလီ မျက်နှာပျက်သွားသည်။

"ကျွန် ... ကျွန်မ ဒီလောက် အခြေအနေ ကျပ်တည်းနေမှန်းမသိလို့ လက်ဖွာဖွာသုံးစွဲမိတာပါ မမလေးရယ်၊ နောက်ကိုတော့ ဟော့ဟော့ရမ်းရမ်း မဖြစ်စေရပါဘူး"

ယွန်းချောချောက ပြုံး၍ပြောလေ၏။

"ဒီလောက်လည်း ဖြစ်မသွားပါနဲ့၊ အရေးကြီးတာက ကောင်ဟင်းချန်တည်းခိုဆိုင်က အကြွေးတွေကို အကြွေးပေးဖို့ ကိစ္စပါ။ နောက်ပိုင်းကိစ္စတွေက ဒီလောက်လည်း အရေးမကြီးပါဘူး၊ ကောင်ဟင်းချန်ဆိုင်လောက်လည်း အကုန်အကျမများနိုင်ပါဘူး၊ ဒီငွေနဲ့ ဆန်ဆီမြို့နယ်ရောက်ရင် တော်ပြီ၊ လမ်းခရီးမှာ ညည်းကြိုက်သလို သုံးနိုင်တယ်"

"မမလေး ... ကျွန်မတို့ ဒီငွေတွေ သုံးတဲ့အတွက်တော့ အမတ်ချုပ်ကြီးအနေနဲ့ ကျွန်မတို့ကို ဘာမှဒုက္ခမပေးနိုင်ပါဘူးနော်"

ယွန်းချောချောက ဟက်ဟက်ပက်ပက်ရယ်မောဏ်။

"သူတို့ ဘာလုပ်နိုင်မှာလဲ၊ ဒီငွေလွှဲလက်မှတ်တွေက ဘုရင်



အစိုးရက အသိအမှတ်ပြု ထုတ်ပေးထားတဲ့ ငွေလွှဲလက်မှတ်တွေပဲ၊ ဒါတွေကို အမတ်ချုပ်ကြီးအနေနဲ့ သူ့ လက်တိုလက်တောင်းခိုင်းနေတဲ့ လူဆိုးဓားပြတွေကို တစ်ဖက်ကလွှတ်ပြီး ငါတို့ကို ဒုက္ခပေးလာရင်လည်း ငါတို့ရဲ့ ဆီးနှင်းပုလဲအဆိပ်လက်နက်နဲ့ တွေ့သွားမှာပဲ"

ယွန်းချောချောသည် အမတ်ချုပ်ကြီးနှင့် သူမ၏ဖခင်ကို မည်သည့်ပြဿနာများ ဖြစ်ခဲ့လေသနည်းဟု တွေးတောရင်း ပြတင်းဝမှ အပြင်သို့ ငေးသွားမိတော့သည်။

❖ ❖ ❖

## အခန်း (၁၂)
## မဖိတ်ခေါ်ဘဲ ရောက်လာသောဧည့်သည်

ကျင်းလီသည် ငွေထုပ်ကို လုံခြုံသည့်နေရာ၌ သွားရောက်သိမ်းဆည်းပြီး ပြန်ထွက်လာ၏။

သူမ၏မျက်လုံးများသည် ရုတ်ခြည်း တံခါးမကြီးဆီသို့ ရောက်သွားတော့သည်။

"မ ... မမ ... မမလေး ... ဟိုမှာ"

ယွန်ချောချောသည် ပြတင်းဝသို့ ငေးနေရာမှ တံခါးမကြီးဆီသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

အထက်အောက် အနက်ရောင်ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

ယွန်ချောချောသည် ထိတ်ခနဲ ဖြစ်သွားသော်လည်း ဣန္ဒြေရရပင် မေးမြန်းလိုက်သည်။

"ဘာကိစ္စများ ရှိပါသလဲ ဆရာကြီး၊ ဒီအပေါ်က ခန်းမကြီးတစ်ခုလုံးကို ကျွန်မတို့ ငှားရမ်းထားပါတယ်"



အဘိုးအိုက ယွန်ချောချောအား အသေအချာ စူးစိုက် အကဲခတ်ပြီးနောက် ...

"မင်း တပ်မှူးကြီးယွန်ကီးရဲ့သမီး မဟုတ်လား"

"ဟုတ်ပါတယ် ... ဆရာကြီး ဘယ်လိုလုပ်သိသလဲ"

"မြင်တာနဲ့ သိတာပဲ၊ မင်းရဲ့အမူအရာတွေက တပ်မှူးကြီးယွန်ကီးရဲ့ အမူအရာနဲ့ အတော်ဆင်တယ်၊ ကျုပ်နာမည် စင်ကီပါ"

"စင်ကီ ... ဟုတ်လား"

ယွန်ချောချော တုန်လှုပ်ချောက်ချားသွားသည်။ စင်ကီမှာ အရှေ့မြောက်အရပ်ရှိ ပြည်နယ်တစ်ခုလုံး၌ ကျော်ကြားသည့် ဓားပြခေါင်းဆောင်တစ်ဦး ဖြစ်ပေသည်။

သူ့ကိုယ်သူ စင်ကီဟု ပြောနေသော်လည်း အများကမူ သူ့အား 'ဖုတ်ထန်ကူ' ဟုခေါ်ကြ၏။

အဘိုးအိုက ...

"ဟုတ်တယ် ... ငါဟာ စင်ကီပဲ"

"ဘာဘုကြီး စင်ကီ ... ဘာအကြောင်းများ ရှိပါလိမ့်၊ ရုတ်တရက် မကြိုဆိုနိုင်တဲ့အတွက် ခွင့်လွှတ်ပါနော်"

ယွန်ချောချောက တောင်းပန်လိုက်၏။

စင်ကီက တဟားဟား ရယ်လေ၏။

"မိန်းကလေးက ကျုပ်ကို သိနေပုံပါလား"

"ဘဘကြီးဟာ ကွမ်ဒိုက်ဒေသမှာ အတော်ကလေး ကျော်ကြားခဲ့တယ်လို့ ဖေဖေက ပြောခဲ့ဖူးပါတယ်၊ ဘဘကြီးရဲ့ တခြားနာမည်တစ်ခုက ဖုတ်ထန်ကူလို့လည်း ပြောပြခဲ့ဖူးပါတယ်"

စင်ကီက တဟားဟားရယ်တော့၏။

"မင်းရဲ့ အဖေကတော့ ငါ့ကို ကောင်းကောင်းသိမှာ သေချာပါတယ်၊ သူ့ကြောင့် ငါ့တပည့်တော်တော်များများ အဖမ်းခံရသူ ခံရ၊ အသတ်ခံရတဲ့လူ အသတ်ခံရဖြစ်ကုန်တယ်၊ ဒါတွေကလည်း မင်းအဖေကလည်း သူ့အလုပ်သူလုပ်တာပဲ"

ယွန်ချောချောက ဝင်၍ထောက်ပေးလိုက်၏။

"ဘဘကြီးဆီမှာ ပြောစရာအကြောင်းများ ပါလာသလား"

အဘိုးအိုက ခေါင်းညိတ်၏။

"ငါ ဒီကို ရောက်လာတာ ကိစ္စတစ်ခု မေးချင်လို့ပါ၊ ပြီးတာနဲ့ ငါပြန်ပါ့မယ်"

ကျင်းလီသည် ဤအဘိုးအိုအကြောင်းကို ယွန်ချောချောကဲ့သို့ပင် သိထား၏။

စင်ကီကဲ့သို့ တောပုန်းဓားပြတစ်ဦး ရောက်ရှိလာခြင်းသည် သူတို့နှင့်ပတ်သက်စရာကိုသာ သိချင်၍ ဖြစ်ပေလိမ့်မည်ဟု ကျင်းလီတွေးသည်။

ထို့ကြောင့် ...



"ဘဘကြီး စင်ကီ ... ပေညီအစ်ကိုတွေအကြောင်း မေးမလို့လားရှင်"

စင်ကီ၏မျက်နှာအမူအရာကို အဓိပ္ပါယ်ဖမ်းရန် ခက်ခဲသော်လည်း သူတို့တစ်တွေအား ရန်ပြုမည့်ပုံ ပေါ်သည်ကတော့ အမှန်ပင်။

စင်ကီက ခပ်လေးလေးပင် ပြော၏။

"ငါ သူတို့ကို တွေ့ပြီးပါပြီ"

ကျင်းလီသည် တစ်ကိုယ်လုံး တောင့်တင်းသွား၏။

အန္တရာယ်၏အနံ့အသက်များ ရလာသလို ခံစားမိလာသည်။

"ဘဘကြီး စင်ကီ ... ဒါဆိုရင် ... "

"ဟုတ်တယ် ... သူတို့ သေနေတာကို ငါတွေ့ခဲ့ပြီးပြီ"

ယွန်ချောချောက ဝင်ပြောလိုက်သည်။

"ဒါဆိုရင် ပြီးနေတာပဲ၊ ကျွန်မတို့က ဘဘကြီးကို ဘယ်လိုကူညီရမှာလဲ"

စင်ကီသည် အပေါက်ဝမှာ ရပ်နေရင်း မေးလိုက်၏။

"သူတို့ ဘယ်သူ့လက်ချက်နဲ့ သေရသလဲဆိုတာ ငါသိချင်တယ်၊ ငါလာတာ အဲဒီအတွက်ပဲ၊ မင်းတို့ သိမယ်လို့ ငါမျှော်လင့်ထားတယ်"

ယွန်းချောချောက အမူအရာမပျက်ချေ။

"ဩော် ... ဒါလား၊ ဒါဆိုရင် ဘဘကြီးစင်ကီ လာတာမှားနေပြီ၊ ကျွန်မတို့ကို မေးမယ့်အစား ရွှေပုံလွှားထက်ကျင်ကို မေးဖို့ကောင်းပါတယ်"

"ဟား .. ဟား .. ဟား"

စင်ကီက အားရပါးရ ရယ်မောလေ၏။ ထို့နောက် ဆက်ပြောသည်။

"ငါ ပေညီအစ်ကိုတွေရဲ့ အလောင်းကို စစ်ဆေးပြီးပါပြီ၊ သူတို့ကိုယ်ပေါ်မှာ ဓားဒဏ်ရာတွေ အများကြီးတွေ့တယ်၊ နောက်ပြီး ဆီးနှင်းပုလဲအဆိပ်လက်နက်ရဲ့ ဒဏ်ရာဒဏ်ချက်တွေလည်း တွေ့ရတယ်"

ယွန်းချောချောက ဝင်မေး၏။

"ဘဘကြီးက ဘယ်လိုထင်လို့လဲ"

"ဓားဒဏ်ရာနဲ့ သေနေတဲ့လူကို ဘယ်သူကမှ ဆီးနှင်းပုလဲအဆိပ်လက်နက်မပစ်ဘူး၊ အေး ... ဆီးနှင်းပုလဲ အဆိပ်လက်နက်ကြောင့် သေနေတဲ့လူကိုတော့ ဓားနဲ့နတ်နတ်စဉ်းနိုင်တယ်၊ ငါ့ကိုတော်ရုံလူလို လှည့်စားလို့ မရနိုင်ပါဘူး"

ယွန်းချောချောကော ကျင်းလီပါ တုန်လှုပ်သွားကြသည်။

သူတို့သည် စင်ကီကို လျှော့တွက်ထားကြ၏။



စင်စစ် ... စင်ကီသည် သိုင်းလောက၌ ကိုးတောင်ကျား ဖြစ်၏။ အတွေ့အကြုံ ရင့်ကျက်လှလေပြီ။

ယွန်းချောချောက ကြိုးစား၍ ဣန္ဒြေဆည်ပြီး မေးလေ၏။

"ဘဘကြီးက ဘာပြောချင်တာလဲ"

"ငါပြောဖို့လိုသေးလား၊ ငါမေးတဲ့အဓိပ္ပါယ်ကို မင်းတို့ သိပါတယ်"

"ဆီးနှင်းပုလဲ အဆိပ်လက်နက်ဆိုတာ ထန်တီးဂိုဏ်းချုပ်ကြီးရဲ့ ကိုယ်ပိုင်ပညာပဲ၊ ဒါပေမဲ့ သူဟာ ယွန်အနွယ်ဝင်တွေကို ဒီပညာဖြန့်ဖြူးပေးခဲ့တယ်၊ ဘဘကြီး ဘာပြောချင်သလဲ"

"အေး ... ဒါပဲပေါ့၊ မင်းတို့ထဲက တစ်ယောက်ယောက်သတ်တယ်ဆိုတာ ဗေဒင်မေးဖို့ မလိုဘူး၊ ကဲ ... ပြော ... ဘယ်သူသတ်သလဲ"

ကျင်းလီက မျက်နှာထားတင်းပြီး ကြိုးစား၍ဝင်ပြောသည်။

"ပေညီအစ်ကိုတွေက ကျွန်မကို အတင်းအကျပ်ခေါ်သွားတယ်၊ ကျွန်မ လိုက်သွားရတယ်၊ သူတို့ကို ကျွန်မသတ်တယ်လို့ ဆိုနိုင်တာပေါ့"

ယွန်းချောချော ငေါက်လိုက်သည်။

"ကျင်းလီ ... ညည်း ဘာတွေပြောတာလဲ၊ ဘဘကြီးစင်ကီဟာ ညည်းလို့ ထင်မှာမဟုတ်ဘူး"

ယွန်ချောချောသည် တပ်မှူးကြီးယွန်ကီး၏ သမီးသုံးယောက်အနက် သတ္တိအရှိဆုံးနှင့် ဉာဏ်ပညာအရှိ အထက်မြက်ဆုံး မိန်းကလေးဖြစ်သည်။

သူမသည် ကျင်းလီအပြစ်မကျနိုင်စေရန် ဖြောင့်ကွယ်ကွယ်လိုက်ခြင်းဖြစ်သည်။

သို့သော် စင်ကီက သူမထက်ပို၍ လည်၏။

"ဟား .. ဟား .. ဟား .. မင်းတို့က ငါ့ကို လှည့်စားလို့ရမယ် ထင်သလား၊ ငါ စိတ်မထင်ရင် သုံးနှစ်သားကလေးကိုတောင် လည်ကုပ်ချိုး သတ်ပစ်ခဲ့တဲ့လူကွ၊ မင်းတို့ နှစ်ယောက်စလုံးကို သတ်ပစ်ဖို့လည်း ငါက ဝန်လေးတာမဟုတ်ဘူး၊ ပေညီအစ်ကို လေးယောက်ကို ဘယ်သူသတ်သလဲ ... ရှင်းရှင်းပြောကြ"

သူသည် စကားဆုံးသည်နှင့် အခန်းထဲသို့ ဝင်လာ၏။

အခန်း၏အလယ်၌ စားပွဲတစ်လုံးရှိရာ ထိုစားပေါ်ပွဲမှ အကြွမ်းပန်းကန်တစ်လုံးကို လက်ဖြင့်ကောက်ယူပြီး ညှစ်ပြလိုက်သည်။

သူ့လက်ကို ခါထုတ်လိုက်သောအခါ လက်ထဲမှ အမှုန့်များ လွင့်ပျံထွက်လာသည်။

သူ၏ စွမ်းရည်ပြကွက်မှာ မဆိုးလှပေ။

ကျင်းလီ လန့်ဖျပ်သွားသည်။



သူမသည် ယွန်မိသားစု၏ အိမ်တော်၌ အမြဲတမ်းလိုလို နေထိုင်သူဖြစ်ရာ သိုင်းလောက၏ အတွေ့အကြုံအထူးအဆန်းများကို မြင်ဖူးတွေ့ဖူးသူ မဟုတ်ပေ။

သို့သော် ကျင်းလီသည် သတ္တိကြောင်သူ မဟုတ်ပေ။

အလွန်တရာ ရက်စက်သော ပေညီအစ်ကိုတွေကိုပင် ကြောက်လန့်ခြင်းမရှိပေ။

သို့သော် စင်ကီ၏ ရဲရင့်သောရုပ်ရည်နှင့် အကြွမ်းပန်းကန်လုံးကို အမှုန့်ခြေပြသော စွမ်းရည်အတွက်မူ သူမအနည်းငယ်ကြောက်သွားသည်။

သူမထက် ပိုကြောက်လန့်သူမှာ ယွန်ချောချော ဖြစ်သည်။

သူမသည် ကျင်းလီထက် အတွင်းအားပညာ သဘောကို ပို၍ သိသည်။

စင်ကီ၏ အတွင်းအားပညာနက်ရှိုင်းမှုကို နားလည်ကာ သဘောပေါက်သဖြင့် ယွန်ချောချောက ကျင်းလီထက် ပို၍ကြောက်လန့်မိခြင်းဖြစ်သည်။

စင်ကီ လက်နှစ်ဖက် ပုတ်ခါလိုက်၏။

သူ၏ လက်ဖဝါးထဲမှ ကြွေပန်းကန်အမှုန့်များ လွင့်စဉ်သွားတော့သည်။

သူက အေးစက်မာကျောစွာ စကားပြောသည်။ ရောက်ခါစ

အချိန်ကလို လေသံမျိုး မဟုတ်တော့ပေ။

"မင်းတို့က ငါ့ကို လိမ်ချင်ကြသလား၊ ပေစန်းဟစ်ကျိကန်းက ကျင်းဖန်လီယုံလိုမျိုးတောင် ငါ့ကို လိမ်မပြောရဲဘူး၊ ငါ့ကို လိမ်ပြောတဲ့လူဟာ ဟောဒီကြွေပန်းကန်အမှုန့်လို ဖြစ်သွားမှာပဲ"

ကျင်းဖန်လီယုံဆိုသည်မှာ စင်ကီလောက် မကျော်ကြားသော်လည်း အတော်ကလေး ထင်ပေါ်သည့် လူဆိုးဓားပြကြီး တစ်ယောက်ပင်ဖြစ်သည်။

ထိုကဲ့သို့သော လူဆိုးကြီးမျိုးကိုပင် ဂရုမစိုက်ဟုဆိုပါလျှင် ဤမိန်းမငယ်ကလေးနှစ်ဦးကို အဘယ်မှာလျှင် ဂရုစိုက်လိမ့်မည်နည်း။

ယွန်ချောချောသည် ဤအဘိုးကြီးကို မည်သို့ယှဉ်ပြိုင်ရမည်နည်းဟု တွေးနေမိ၏။

ဤအဘိုးကြီးသည် အရှေ့မြောက်ပြည်နယ် သုံးနယ်၌ နှစ်ပေါင်းများစွာ ကျော်ကြားခဲ့သည့် သမ္မာရင့်လူဆိုး သိုင်းသမားကြီးဖြစ်သည်။

သူ့သိုင်းပညာကလည်း အတော်မြင့်မားသည်။

ရန်သူ၏ ပရိယာယ်ဝေဝုစ်များကိုလည်း ကျွမ်းကျင်သည်။

သူမနှင့်ကျင်းလီတို့နှစ်ယောက်ပေါင်း တိုက်ခိုက်သော်လည်း ဤအဘိုးကြီးကို မနိုင်နိုင်ဟု ယွန်ချောချော ထွက်လာ၏။



ယွန်ချောချောသည် ဟန်ဆောင်အပြုံးကလေး ပြုံးပြီးပြောသည်။

"ဘဘကြီး စင်ကီ ... နှင်းပုလဲလက်နက်ကို သုံးတတ်တဲ့ လူကတော့ ယွန်အနွယ်ဝင်တွေထဲမှာပဲ ရှိပါတယ်၊ ကျွန်မတို့တော့ မခန့်မှန်းတတ်ဘူး ... ဘဘကြီး ခန့်မှန်းပြီး ပြောစမ်းပါ"

ဤကား ယွန်ချောချော၏ စင်ကီအား သွေးတိုးစမ်းလိုက်သည့် စကားသာတည်း။

မိမိတို့အား စင်ကီအနေဖြင့် မည်သည့်အတိုင်းအတာအထိ သံသယရှိ၊ မရှိ စမ်းသပ်မေးမြန်းလိုက်ခြင်းသာ ဖြစ်သည်။

စင်ကီ၏မျက်နှာပြင်ပေါ်မှ တင်းမာနေသောအကြောများ လျော့သွား၏။

"အင်း ... မင်းက စကားပြော အတော်လည်တာပဲ၊ ကျန်ပေဆန်းက ပေညီအစ်ကိုလေးယောက်ကို မင်းတို့သတ်တယ်လို့တော့ ငါမထင်ပါဘူး၊ မင်းတို့ပုံစံကလည်း ဒီလူကြမ်းလေးယောက်ကို သတ်နိုင်တဲ့ပုံစံ မရှိပါဘူး"

"ဒါနဲ့များရှင် ... ကျွန်မတို့ဆီလာ မေးနေရသေးတယ်၊ တခြားမှာ သွားစုံစမ်းရောပေါ့"

"ဟေ့ ... ဒီစကားတွေ မပြောနဲ့၊ မင်းတို့မသတ်ဘူးလို့သာ ပြောတာ၊ ထန်တီးဂိုဏ်းဝင်တွေ မသတ်ဖူးလို့ မပြောသေးဘူး"

"ရှင် … ကျွန်မတော့ နားမလည်ဘူး"

"မင်း နားမလည်ချင်ဟန်ဆောင်နေတုန်းပဲလား၊ ဆီးနှင်းပုလဲလက်နက်ကို မိန်းမတစ်ယောက်က သုံးနိုင်တာကို ဘယ်မေ့ထားမလဲ"

"ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောနေတာလည်း ဘဘကြီး"

"ဘယ်သူကမလဲ … ထန်တီးဂိုဏ်းချုပ်ကြီးရဲ့ သမီးပဲပေါ့"

ယွန်ချော့ချော့က ခါးခါးသီးသီး ငြင်းပယ်လိုက်သည်။

"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ မေမေက အိပ်ရာထဲမှာ လဲနေတာကြာပြီ၊ လမ်းတောင် မလျှောက်နိုင်ဘူး၊ အခုလည်း အိပ်ရာထဲမှာ လဲနေတာပဲ၊ နောက်ဘက်အခန်းထဲမှာ ရှိနေပါတယ်"

"ဟား .. ဟား .. ဟား .. ပြောတိုင်းယုံရမှာလား"

"မယုံလည်း မတတ်နိုင်ပါဘူး ဘဘကြီးစင်ကီ"

"ဟေ့ … ငါ့မျက်စိနဲ့ တပ်အပ်မြင်ရမှ ယုံမှာကွ၊ ငါဝင်ကြည့်မယ်"

"မေမေဟာ လမ်းတောင်မလျှောက်နိုင်ဘူး၊ ဘယ်လိုလုပ်သတ်နိုင်မှာလဲ၊ ဘဘကြီးစင်ကီ သေသေချာချာ စဉ်းစားပါဦး"

စင်ကီက ရယ်၏။

"မင်းမေမေဟာ ထန်တီးဂိုဏ်းချုပ်ကြီးရဲ့ တစ်ဦးတည်းသော သမီးဖြစ်ပါတယ်၊ ယွန်ကီးတောင် သူ့ကို မယှဉ်နိုင်ဘူး၊ ပြီး



တော့ အရွယ်လွန်နေတဲ့ အဘွားကြီးလည်း မဟုတ်ဘူး၊ ဘာအိပ်ရာထဲ လဲနေတာလဲ"

"ဘဘကြီးစင်ကီ … ကျွန်မ အမှန်တွေကို ပြောနေတာပါ"

ကျင်းလီသည် စင်ကီရှေ့၌ ကာဆီး၍ ရပ်လိုက်၏။

"ကျွန်မတို့က ရှင့်ကို လေးလေးစားစား ရှင်းပြနေတာကို ဘဘကြီးက ကျွန်မတို့ကို ဘာမှမလေးစားဘူး၊ အခန်းထဲကို အတင်းဝင်လို့ရမယ် ထင်မလား"

"ဟား .. ဟား .. ဟား .. ငါက လူကောင်းသူကောင်းလို မဟုတ်ဘူး၊ လူ့လောကထုံးတမ်းစဉ်လာတွေကို ဂရုစိုက်လိုက်နာနေတဲ့ သာမန်အရပ်သားလည်းမဟုတ်ဘူး၊ ငါဟာ ကွမ်ဒိုက်ဒေသကတောပုန်းလူဆိုးဓားပြတစ်ဦးပဲ ဖြစ်တယ်၊ ငါစိတ်မထင်ရင် အားလုံးကို သတ်တာပဲ၊ ဟေ့ကောင်မလေး … ဖယ်စမ်း"

ကျင်းလီသည် လမ်းမဖယ်ပေးပေ။

သူမသည် ယွန်မိသားစုဝင် မဟုတ်သော်လည်း ယွန်မိသားစုထဲ၌ ငယ်စဉ်ကပင် နေထိုင်ခဲ့ရသဖြင့် မိသားစုစိတ်ဓာတ်မျိုး ထားရှိနေသူဖြစ်သည်။

သူမသည် ယွန်ကတော်ကြီးအတွက် အသက်ပေးရန် အဆင်သင့်ရှိနေပေသည်။

စင်ကီ မျက်နှာပျက်သွားသည်။ သူ့ညာလက်ကို မြှောက်

လိုက်၏။

ယွန်းချောချောက ကျင်းလီရှေ့သို့ လျှပ်တစ်ပြက်ခုန်ဝင်လာသည်။

"ဘဘကြီးစင်ကီ ... မလုပ်ပါနဲ့"

"ဒီကောင်မစုတ်ကလေးကို ဖယ်နိုင်းစမ်း"

"အဲဒီလို ရိုင်းရိုင်းစိုင်းစိုင်း မပြောပါနဲ့၊ ဘဘကြီးစင်ကီ ဝင်ကြည့်ချင်တယ်ဆိုရင်လည်း ကျွန်မ မတားတော့ပါဘူး။ ကျွန်မမေမေ နေမကောင်းတာ အမှန်ပဲဆိုတာ လက်တွေ့ပြရတော့မှာပါ၊ ဒါပေမဲ့ မေမေဟာ မကျန်းမာတာ ကြာပြီ၊ မေမေ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင်မလုပ်ရဘူး"

စင်ကီက ဟက်ဟက်ပက်ပက်ရယ်လေ၏။

"ဟား .. ဟား .. ဟား .. မင်းက ငါ အသက်ကြီးလို့ မျက်စိမှုံနေပြီ ထင်သလား၊ မင်းအမေ တကယ် မကျန်းမာတာလား၊ ဟန်ဆောင်သလားဆိုတာလောက်တော့ ငါက ခွဲခြားနိုင်ပါတယ်၊ သူသာ တကယ်မကျန်းမာဘူးဆိုရင် ငါချက်ချင်း လှည့်ထွက်သွားမယ်"

"ဘဘကြီးစင်ကီ ... ကိုယ့်ကတိကိုယ် လေးစားပါတယ်နော်"

"ဟေ့ ... အဲဒီလို ပြောတာကိုက ငါ့ကို စော်ကားတာပဲကွ"

"စော်ကားတာမဟုတ်ပါဘူး၊ ကြိုတင် ပြောထားရတာပါ၊



ခုရှုပ်မှနောင်ရှင်း ဆိုသလို ခုကတည်းက ပြတ်ပြတ်သားသား ပြောထားရတာပါ"

"စိတ်ချပါ၊ ငါဟာ လူဆိုးဓားပြဆိုပေမယ့် အပြောတစ်မျိုး အလုပ်တစ်မျိုးတော့ မလုပ်ပါဘူး။ ငါလာတဲ့ရည်ရွယ်ချက်က တစ်မျိုးပါ၊ မင်းအမေ မကျန်းမာတာမှန်ရင်တော့ ငါ့အနေနဲ့ ဘာမှ လုပ်စရာမလိုဘူး ... ငါပြန်သွားရုံပဲ၊ သူများက လာလုပ်ကြမယ်ဆိုရင်လည်း ငါကတောင် မင်းအမေအတွက် ကာကွယ်ပေးဦးမယ်"

ယွန်းချောချော တုန်လှုပ်သွားသည်။

"ကျွန်မမေမေကို လုပ်ကြံချင်တဲ့လူများ ရှိနေသေးလို့လား"

စင်ကီက လေးလေးနက်နက်ပြေလေ၏။

"အဲဒီစကား ငါ့ကို မမေးပါနဲ့၊ မင်းရဲ့အမေကို မေးပါ၊ မင်းအမေက သူ့အကြောင်း ပိုသိပါတယ်"

ယွန်းချောချောက ကျင်းလီအား လှမ်း၍ အမိန့်ပေးလိုက်၏။

"ကျင်းလီ လမ်းဖယ်ပေးလိုက်"

"မမလေး ... ဖြစ်ပါ့မလား"

"ငါ အမိန့်ပေးနေတယ် ... ဖယ်ဆိုဖယ်လိုက်"

ကျင်းလီသည် လမ်းဖယ်ပေးလိုက်ရတော့သည်။

စင်ကီသည် တဟဲဟဲရယ်ရင်း ယွန်းကတော်ကြီးရှိရာအခန်းကို ခပ်မှန်မှန်လျှောက်သွားသည်။

ယွန်ချောချောနှင့် ကျင်းလီသည် ဆီးနှင်းပုလဲလက်နက်ကလေးများကို လက်ထဲ၌ဆုပ်ကိုင်ရင်း စင်ကီ၏နောက်မှ သတိကြီးစွာထား၍ လိုက်သွားကြ၏။

တံခါးဝသို့ ရောက်သောအခါ စင်ကီက ရုတ်တရက် နောက်လှည့်ကြည့်လိုက်၏။

သူနှင့်မနီးမဝေးမှ ကပ်လိုက်လာသည့် မိန်းမငယ် နှစ်ယောက်၏ စိုးရိမ်တကြီးကြည့်နေသည့် မျက်နှာကလေးများကို တွေ့ရသောအခါ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်မိသည်။

သို့သော် ထိုမိန်းကလေးနှစ်ယောက်၏ လက်ထဲ၌ မည်သည့်လက်နက်မျိုး ကိုင်ဆောင်ထားသည်ကိုသာ သူသိရှိသွားပါလျှင် ဤသို့နှစ်နှစ်ခြိုက်ခြိုက် ပြုံးနိုင်လိမ့်မည်မဟုတ်ချေ။

စင်ကီသည် ယွန်ကတော်ကြီး အိပ်နေသည့် ခုတင်ရှိရာသို့ ခပ်သွက်သွက် လျှောက်သွားသည်။

ခုတင်ပေါ်၌ ယွန်ကတော်ကြီးသည် ခေါင်းမြီးခြုံလျက် အိပ်စက်နေလေသည်။

စင်ကီသည်သိမ်းစွန်ငှက်၏မျက်လုံးများဖြင့် ယွန်ကတော်ကြီးကို အကဲခတ်သည်။

ထို့နောက် စောင်စကို လှမ်းကိုင်လိုက်သည်။

ယွန်ချောချောနှင့် ကျင်းလီတို့သည် မျက်လုံးများ ပြာခဲဖြစ်သွားပြီး ဆီးနှင်းပုလဲလက်နက်များကို လျှပ်တစ်ပြက်ဆုပ်ကိုင်လိုက်သည်။

သူတို့ ပစ်လွှတ်ကြပေတော့မည်။

❖ ❖ ❖

## အခန်း (၁၃)
## ကယ်တင်ရှင်

စင်ကီသည် လျှပ်တစ်ပြက် နောက်သို့ ခုန်ဆုတ်လာလေသည်။

သူ့မျက်နှာ၌ အုံ့ညြသော အရိပ်အယောင်များ အကြီးအကျယ်ပေါ်နေသည်။

သူ့လက်တစ်ဖက် သူ့ရင်ဝကို ပြန်ဖိထား၏။

လက်ချောင်းများ အကြားမှ သွေးများကလည်း ယိုစီးကျနေသည်။

သူတို့က အဘိုးကြီးစင်ကီထက်ပင် ပို၍အံ့ညြနေကြလေသည်။

ထိုအချိန်မှာပင် ယွန်ကတော်ကြီးခန္ဓာကိုယ်ပေါ်မှ လွှမ်းခြုံထားသည့် စောင်ကြီးသည် လွှားခနဲ ပျံထွက်သွားပြီး ခုတင်ပေါ်၌ ပုံကျသွား၏။

ခုတင်ပေါ်မှ လူတစ်ယောက် ခုန်ထလာသည်။ သူ့လက်ထဲ



၌ ဓားတစ်ချောင်းကိုလည်း ကိုင်ထား၏။

ရွှေပျံလွှား ထက်ကျင် ...။

မှန်ပါသည်။

ထက်ကျင်သည် တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး ခုန်ထလာခြင်းဖြစ်သည်။

"စင်ကီ ... ခင်ဗျားဟာ နာမည်ကြီး လူတစ်ယောက်ပါဗျာ၊ ဘာဖြစ်လို့ မကျန်းမမာဖြစ်နေတဲ့ မိန်းမတစ်ယောက်ကို ဒုက္ခပေးချင်ရတာလဲ"

စင်ကီ၏ မျက်လုံးများသည် ပုစွန်မျက်လုံးများကဲ့သို့ ပြူးကျယ်ထွက်သွားသည်။

ဒေါသကြောင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

"ရွှေပျံလွှား ... မင်းဘာလုပ်တာလဲ"

"ကျုပ်က မကျန်းမာတဲ့ မိန်းမတစ်ယောက်ကို ကာကွယ်ပေးတာပဲ"

"ဟိတ်ကောင် ... ငါဘာလုပ်တယ်ဆိုတာ မင်းသေသေချာချာသိလို့လား၊ ကျန်ပေဆန်းက လူလေးယောက် အသတ်ခံရတဲ့ကိစ္စကို ငါလာစုံစမ်းတာကွ"

"ဒါဆိုရင်လည်း ရှင်းတာပဲ၊ အဲဒီကောင် လေးယောက်ကို

ကျုပ်သတ်လိုက်တာပဲဗျ"

စင်ကီသည် လည်ချောင်းသံဖြင့် ရယ်လေ၏။

"ဟင်း … ဟင်း … ဟင်း … မင်း ဘာတွေဝင်ပြီး ကာကွယ်နေတာလဲ၊ သူတို့သေရတာ ဓားဒဏ်ရာကြောင့် မဟုတ်ဘူး၊ ဆီးနှင်းပုလဲ အဆိပ်လက်နက်ပုန်းကြောင့် သေရတာ၊ ငါ မျက်စိ မကန်းသေးဘူးကွ"

ရွှေပုံလွှား ထက်ကျင်သည် သူ့လက်ကို ဇော့ယမ်းလိုက်ရာ အလင်းတန်းနှစ်ခုသည် အဘိုးအို စင်ကီထံသို့ ဂျိုသန်းသွားလေ၏။

ယွန်ချောချောနှင့် ကျင်းလီတို့သည် ဟိုက်ခနဲဖြစ်သွားသည်။ သူ့မျက်နှာ၌ အံ့ဩသော အရိပ်အယောင်များလည်း ပေါ်လာသည်။

ထက်ကျင်က ရယ်ပြီးပြောလေ၏။

"ဆီးနှင်းပုလဲ လက်နက်ဟာ ထန်တီးဂိုဏ်းရဲ့ တစ်ဦးတည်းပိုင်လက်နက် မဟုတ်တော့ပါဘူးဗျာ"

သို့သော် စင်ကီ၏ မျက်နှာ၌ အံ့ဩသော အရိပ်အယောင်များ ချက်ချင်းပျောက်ကွယ်သွား၏။ ထို့နောက် အေးစက်စက်ရယ်မောတော့သည်။

"ငါက တကယ်များလားလို့ … မင်းဉစ္စာက အတုအယောင်ပဲကွ"



"ဘာအတုအယောင်လဲ၊ ခင်ဗျားက ဘာကိုဆိုလိုလိုက်တာလဲ"

"ရယ်စရာတွေ လာပြောမနေနဲ့ မင်းရဲ့လက်စွမ်းက ထန်တီးဂိုဏ်းဝင်တွေရဲ့ လက်စွမ်းကိုမီဖို့ အများကြီးလိုသေးတယ်၊ မင်းသာ လက်စွမ်းကောင်းရင် ငါက ဒီလိုဖမ်းနိုင်ပါ့မလား"

ထက်ကျင်၏မျက်နှာ ရုတ်တရက် တည်ကြည်သွားသည်။

"ကျုပ်ဝန်ခံပါတယ်၊ ကျုပ်လက်ရည်ကတော့ ထန်တီးဂိုဏ်းဝင်တွေကို မမီသေးပါဘူး၊ ဒါပေမဲ့ ပေညီအစ်ကိုလေးယောက်ကို သတ်ဖို့ကျတော့ ကျုပ်လက်စွမ်းက ပိုတောင်ပိုနေသေးတယ် … ဒါကိုတော့ ခင်ဗျား သဘောပေါက်မှာပါ"

အဘိုးအိုစင်ကီ၏ မျက်နှာ၌ တွေဝေသော အရိပ်အယောင်များ ပေါ်လာသည်။

"ဒါဆိုရင် သူတို့ကို မင်းသတ်ပစ်လိုက်တာပေါ့ … ဟုတ်လား၊ ငါက သူတို့ကို ဘယ်သူသတ်တယ်ဆိုတာ လိုက်စုံစမ်းနေတာကွ"

ထက်ကျင်က ရယ်မောရင်း …

"အစကတည်းက ကျုပ်သတ်ပါတယ်လို့ ပြောနေတာပဲ"

"ဘယ်လိုဖြစ်တာလဲ"

"ပေညီအစ်ကိုက စတာပဲ၊ သူတို့က ဟိုလုံမလေးကို သတ်

ဖို့ကြိုးစားကြတယ်၊ အမှန်အတိုင်းဆိုရင် ကျုပ်က ပေညီအစ်ကိုတစ်တွေကို သတ်ဖို့မဟုတ်ပါဘူး။ အချိန်နှောက်ကျနေတော့ မတတ်သာဘဲ မီးရာလက်နက်နဲ့ ပစ်လိုက်ရတာပဲ၊ သူတို့ဆီမှာ ဆီးနှင်းပုလဲဒဏ်ရာရနေတာ ကျုပ်လက်ချက်ပါပဲ"

"ဓားဒဏ်ရာတွေက ဘာသဘောလဲ"

"ဓားဒဏ်ရာတွေက ကျုပ်လုပ်ပစ်ခဲ့တာပဲ၊ ကျုပ်သတ်ခဲ့တာကို ဘယ်သူမှ သိကြတာ မဟုတ်ဘူး၊ ဘာမဆိုင်ညာမဆိုင် ထန်တီးဂိုဏ်းကို ရန်ငြိုးဖွဲ့မှာစိုးလို့ တမင်လမ်းကြောင်းပြောင်းတဲ့အနေနဲ့ အဲဒီလို လုပ်ပစ်ခဲ့တာပဲ"

"ငါတွေ့ပါတယ် ... ရွှေပျံလွှားစက္ကူရုပ် ချပစ်ခဲ့တာပဲ"

စင်ကီသည် တွေဝေသွား၏။ ထို့နောက် စဉ်းစဉ်းစားစားပြောသည်။

"ငါက ဒီလိုမထင်ဘူး ... ထန်တီးဂိုဏ်းက ပေညီအစ်ကိုတစ်တွေကို သတ်သွားပြီး မင်းကိုအထင်မှားသွားအောင် ရွှေပျံလွှားရုပ်ချပစ်ခဲ့တာလို့ ထင်ခဲ့တယ်၊ မင်းပဲစဉ်းစားကြည့်လေ ... ကိုယ်သတ်ပြီးတဲ့ လူတွေနားမှာ ဘယ်သူက ကိုယ့်အမှတ်အသားကို ထားပစ်ခဲ့မှာလဲ"

ထက်ကျင်ကရယ်ပြီး ...

"အဲဒီလို တရားသေ မမှတ်ယူနဲ့ဗျ၊ ရွှေပျံလွှားကတော့



သူလုပ်တဲ့ အလုပ်မှန်သမျှကို တာဝန်ယူရဲတဲ့ လူပါဗျ၊ ကျုပ်ဟာခင်ဗျားလက်အောက်လူတွေ တော်တော်များများကို သတ်ခဲ့ပြီးပါပြီ၊ ဒါလည်း ခင်ဗျားအသိပါ၊ ကျုပ်သတ်တိုင်း တရားခံဘယ်သူဆိုတာခင်ဗျားကို အသိပေးတာချည်းပါပဲ"

စင်ကီ မျက်နှာပျက်သွားသည်။ မှန်၏။

ရွှေပျံလွှားထက်ကျင်သည် သူ့ကိုသာမက အမှောင်လမ်းထဲမှ ဒုစရိုက်သိုင်းသမားအတော်များများကို ဒုက္ခပေးခဲ့သူ ဖြစ်သည်။

သူ့အတွက် ပြုလုပ်ခဲ့သည့် ထောင်ချောက်အတော်များများမှာလည်း အချည်းနှီး အလဟဿ ဖြစ်ခဲ့ရ၏။

"စင်ကီ ... ခင်ဗျား ကျုပ်အကြောင်းတွေးနေတယ် မဟုတ်လား။ ခင်ဗျားတို့ကို ဒုက္ခပေးခဲ့တဲ့ ရွှေပျံလွှားကို ဘယ်လို အမှုန့်ခြေပြုရမလဲလို့ ခင်ဗျားတွေးနေတယ် မဟုတ်လား။ ဒီမှာ စင်ကီ ... ကျုပ်တစ်ခုပြောမယ် ... ကျုပ်ကိုမကျေနပ်ရင် ကျုပ်ကိုပဲ အန္တရာယ်ပေးပါ၊ ရန်လုပ်ပါ၊ ဘာမှမဆိုင်တဲ့ မိန်းကလေးတွေကို အန္တရာယ်မပေးပါနဲ့၊ ဒုက္ခပေးပါနဲ့၊ မိန်းကလေးတွေကို ဒုက္ခပေးတဲ့လူကို ဘယ်သူမှ သူရဲကောင်းလို့ မခေါ်ပါဘူးဗျ"

စင်ကီ အံကြိတ်၍ပြောသည်။

"ဟေ့ကောင် ... မင်းကြီးကြီးကျယ်ကျယ်တွေ ပြောမနေနဲ့ တိတ်တဆိတ် လုပ်ကြံတဲ့ကောင်ကို ဘယ်သူကမှ သူရဲကောင်းလို့

မခေါ်ဘူးကွ"

စင်ကီစကားကို ထက်ကျင်က ကောင်းစွာ သဘောပေါက်လေသည်။

သူက ယွန်ကတော်ကြီးဟန်ဆောင်ပြီး စောင်ထဲမှဓားဖြင့် ထိုးလိုက်ခြင်းကို ရည်ရွယ်ပြီးပြောနေကြောင်း ထက်ကျင်သိသည်။

"ဟား ... ဟား ... ဟား ... ခင်ဗျားက ကျုပ်ကို မကျေမနပ် ဖြစ်နေတာကိုးဗျ၊ ကျုပ်ထိုးလိုက်တဲ့ ဒဏ်ရာ အတိမ်အနက်လည်း ပြန်စစ်ဆေးကြည့်ပါဦး"

"မင်း ခိုးကြောင်ခိုးဝှက် တိုက်ခိုက်တာတော့ အမှန်ပဲကွ၊ မိုးကြိုးပစ် ထန်းလက်ကာ ... ဘာတွေ ဆင်ခြေပေးဦးမလို့လဲ"

"စဉ်းစဉ်းစားစားလည်း ပြောပါဗျာ၊ ကျုပ်သာ တကယ်ထိုးလိုက်ရင် ခင်ဗျား အခုလိုတောင် စကားပြောနေနိုင်မှာ မဟုတ်တော့ဘူး၊ ခုဆိုရင် ငရဲပြည်ကို ရောက်နေလောက်ပြီ၊ ကျုပ်က ခင်ဗျား နောက်ဆုတ်သွားရုံလောက်ကလေး ရှပ်ထိုးလိုက်တာပါ၊ ခင်ဗျားလည်း ကျုပ်ရဲ့လက်ရည်ကို သိသားပဲဥစ္စာ၊ ကျုပ်အနေနဲ့ သိပ်ပြီး အကျယ်ချဲ့ပြောမနေလိုတော့ဘူး"

စင်ကီ ငိုင်သွား၏။

ထက်ကျင် ပြောသည့်စကားမှန်ကြောင်းကိုလည်း သူသိသည်။



သူ့ဒဏ်ရာက ပြောပလောက်သည့် ဒဏ်ရာမဟုတ်ချေ။

ထက်ကျင်က ဆက်ပြော၏။

"တစ်ခုပဲရှိတယ် ... ခင်ဗျား မကျေနပ်ရင် ကျုပ်နဲ့တစ်ပွဲတစ်လမ်း တွေ့ကြည့်ရုံပဲ၊ အခုတော့ ခင်ဗျား ပြန်ပါဦး၊ မပြောပလောက်တဲ့ဒဏ်ရာကလေးကို သေသေချာချာ ကုသပါဦး၊ ဒဏ်ရာပျောက်တော့မှ စာရင်းရှင်းကြတာပေါ့"

စင်ကီသည် ခြေတစ်ချက်ဆောင့်လိုက်သည်။

"ကောင်းပြီ ... မင်း ငါ့ကို ပေးဆပ်ရမယ့် အကြွေးတွေက အတော့်ကို များနေပြီ၊ အဲ့ဒီအကြွေးတွေအတွက် မင်းပြင်ဆင်ထားပါ"

သူသည် ဒေါသရောင် ဖိတ်ဖိတ်တောက်နေသည့် မျက်လုံးအစုံဖြင့် ရွှေပျံလွှား ထက်ကျင်ကို စူးစူးစိုက်စိုက်ကြည့်သည်။

ထို့နောက် ချာခနဲ လှည့်ထွက်သွားလေတော့သည်။

စင်ကီပြေးထွက်သွားသည်နှင့် ယွန်ချောချောသည် ထက်ကျင်အနီးသို့ ရောက်ရှိလာတော့၏။

"သူ့ရဲကောင်းကြီးထက်ကျင် ... ကျေးဇူးတင်ပါတယ်၊ ကျွန်မမေမေ ဘယ်မှာလဲဟင်"

ယွန်ချောချော၏ မျက်နှာ၌ ပူပန်သောအရိပ်အယောင်များ ထွက်ပေါ်နေသည်။

သူမအနေဖြင့် ဤမျှ ဟန်ဆောင်နေနိုင်ခြင်းမှာ ရွှေပျံလွှား ထက်ကျင်နှင့် ရင်ဆိုင် စကားပြောနေရသောကြောင့် ဖြစ်ပါလေသည်။

အခြားသူတစ်ဦးသာဆိုပါလျှင် ယခုအချိန်၌ အကြီးအကျယ်ကို တိုက်ခိုက်ပွဲကြီး ဖြစ်နေလောက်ပေပြီ။

ထက်ကျင်က ခုတင်အောက်ကို လက်ညှိုးထိုးပြလိုက်၏။

"အောက်မှာလေ"

ကျင်းလီသည် ခုတင်အောက်သို့ ငုံ့ဝင်ပြီး ကပျာကယာ မွှေနှိုလိုက်၏။

ယွန်ကတော်ကြီးမှာ အကြောပိတ်ခံထားရသည်မှတစ်ပါး ကျန်းမာပကတိ ချမ်းသာစွာရှိနေလေ၏။

"စင်ကီဆိုတာ နယ်နယ်ရရပုဂ္ဂိုလ် မဟုတ်ဘူး၊ နာမည်ကြီးသလောက် စွမ်းရည်ကလည်း ရှိတယ်၊ တစ်ကိုယ်လုံး သိုင်းပညာတွေချည်းပဲ၊ အတွင်းအားလည်း အတော်ကောင်းတယ်၊ အခုလို လွယ်လွယ်ကူကူ ထွက်သွားတာ ကျုပ်တို့အတွက် အတော်ကလေး ကံကောင်းတယ်လို့ဆိုရမယ်"

ယွန်ချောချောက သူမမိခင်ကို ကြည့်ပြီး ...

"သူရဲကောင်းကြီး ထက်ကျင် ... ကျွန်မရဲ့မေမေ အကြောကို ပိတ်ခံထားရသလားဟင်"



ထက်ကျင်က ယွန်ကတော်ကြီး၏ ပခုံးစောင်းနှစ်နေရာကို လက်ညှိုး လက်ခလယ်ဖြင့် ထိုးလိုက်၏။

ယွန်ကတော်ကြီးထံမှ ဟင်းချသံကြားရသည်။

"သူရဲကောင်းကြီးထက်ကျင် ... ဒီတည်းခိုဆောင်ထဲ ဘယ်က ဝင်လာတာလဲ ..."

ယွန်ချောချောက မေးမြန်းစုံစမ်းလိုက်သည်။ ထက်ကျင်က ရယ်ပြီး ...

"ဒီတည်းခိုဆောင်မှာ ဝင်စရာအပေါက်တွေ တစ်ပုံကြီးရှိတယ်၊ ကျုပ်ကတော့ ပြတင်းပေါက်က ဝင်လာတာပါ"

ထက်ကျင်က ယွန်ချောချောအား ရင်းနှီးစွာ ဆက်ဆံပြောဆိုလေ၏။

"ချောချော ... နောင် မှတ်ထား ... တည်းခိုဆိုင်မှာ အခန်းငှားရင် ပြတင်းပေါက်တွေကို ဘယ်တော့မှ ဖွင့်မထားရဘူး၊ အထူးသဖြင့် ကိုယ့်မှာ ပြဿနာရှိနေတဲ့အခါ ပိုပြီး သတိထားရတယ်၊ နောက်ပြီး ကိုယ့်မိခင်ကို အခန်းထဲမှာ ခုလို တစ်ယောက်တည်းထားမပစ်ခဲ့ရဘူး။ ခု ကြည့်စမ်း ... ကျုပ်ဝင်လာတာ ဘယ်သူသိသလဲ၊ ကျုပ်သာ စင်ကီဖြစ်နေရင် မင်းမိခင် ဒုက္ခမရောက်ပေဘူးလား၊ ဒါဟာ သင်ခန်းစာပဲ"

ယွန်ချောချောမှာ အမှားအယွင်း ပြုလုပ်မိသော ကလေး

ယ်ကဲ့သို့ ခေါင်းငုံ့နားထောင် နေရတော့သည်။

ထက်ကျင်က ဆက်ပြောပြန်၏။

"နေပါဦး ... ကျုပ် မေးစမ်းပါရစေဦး ... စင်ကီကို ဘာဖြစ်လို့ အခန်းထဲ ဝင်ခွင့်ပြုရတာလဲ"

ယွန်ချောချောက ထက်ကျင်အား မော့ကြည့်သည်။ မချိုပြုံးပြုံးရင်း ပြောပြသည်။

"သူက အတင်းအဓမ္မ ဝင်ကြည့်မလို့ လုပ်နေတော့ ကျွန်မတို့ကလည်း ခွင့်ပြုလိုက်ရတော့တာပေါ့၊ သူ ကြွေပန်းကန်လုံးကို အမှန့်ခြေပြကတည်းက ကျွန်မတို့ သူ့ကို လျှော့မတွက်ထားပါဘူး၊ နောက်ပြီး မေမေကလည်း တကယ်မလှုပ်ရှားနိုင်သေးဘူး မဟုတ်လား၊ မေမေ့ပုံစံကိုကြည့်ပြီးရင် သူ တကယ်ပဲ ပြန်ထွက်သွားလိမ့်မယ်လို့ ကျွန်မထင်မိတယ်"

ထက်ကျင်က တည်ကြည်သော လေသံဖြင့် ပြောလိုက်သည်။

"သူ့အနေနဲ့ ရိုးရိုးသားသားလူဆိုရင် စောင်တစ်ခုလုံး လှန်ပစ်စရာ အကြောင်းမရှိဘူး၊ ဦးခေါင်းတစ်နေရာ စောင်လှန်ကြည့်ရုံနဲ့ လုံလောက်တယ်"

ယွန်ချောချောမှာ မည်သည့်စကားမှ မပြောနိုင်ဘဲရှိနေတော့သည်။



"မင်းတို့ သိပ်ညှိတာကိုး၊ အခု သူလာတာ ဘာအကြောင်းကြောင့်လဲဆိုတာ ရိပ်မိရဲ့လား"

ယွန်ချောချောက ...

"ဘာအကြောင်းကြောင့်လဲ"

"မင်းရဲ့မိခင်ကို လုပ်ကြံနိုင်းတဲ့လူက မင်းရဲ့မိခင် တကယ်သေ,မသေ၊ နောက်ပြီး တကယ် သေလောက်အောင် ဖြစ်,မဖြစ်ကြည့်ခိုင်းလိုက်တဲ့ သဘောပဲ၊ မင်းမေမေ မလှုပ်ရှားနိုင်ဘူးဆိုတာကို သူတို့ အစောကြီးကတည်းက သိနေတာပေါ့၊ သူတို့က လုပ်ကြံခဲ့တဲ့ လူအုပ်စုထဲကပဲဥစ္စာ၊ တကယ်လို့ စောင်တစ်ခုလုံး ဆွဲလှန်ပစ်နိုင်ခဲ့ရင် မင်းရဲ့မေမေမှာ အဆိပ်လုံးဝမရှိတော့ဘူးဆို တာ သူတို့သိသွားမယ်၊ အဲဒီအခါမှာ စင်ကီက သူတော်စင်တစ်ယောက်လို အေးအေးဆေးဆေး ပြန်ထွက်သွားမှာ မဟုတ်ဘူး။ မင်းမေမေကို တစ်ချက်တည်းနဲ့ အသေသတ်ပြီးမှ ထွက်သွားမှာ၊ မင်းတို့ပေါ့ဆကြတာပဲ"

ယွန်ချောချော မျက်နှာတစ်ပြင်လုံး ရဲခနဲဖြစ်သွားလေတော့၏။

ထက်ကျင်ပြောသည့်အချက်များကို သူမအနေဖြင့် အမှန်တကယ်ပင် ပေါ့ဆခဲ့သည်။

သို့သော် ကျင်းလီက ရုတ်တရက်ဝင်ပြောလေ၏။

"သခင်ကြီး ထက်ကျင် ... ကျွန်မတို့ မပေါ့ဆပါဘူးရှင်၊

သူ့ကို မျက်တောင်မခတ်တမ်း သတိထားပြီး ကြည့်နေကြပါတယ်"

"ဟား .. ဟား .. ဟား .. ဘာလဲ ... ဆီးနှင်းပုလဲ လက်နက်တွေကို လက်ထဲမှာ ဆုပ်ကိုင်ထားကြတာကို ပြောတာလား"

"သခင်ကြီး ထက်ကျင် ... ဒီလက်နက်တွေက ဒီအဘိုးကြီးကို လုံးဝဒုက္ခမပေးနိုင်တော့ဘူး။ သူက အဲဒီလောက်တောင် အစွမ်းထက်နေပြီလား"

"မင်းတို့ရဲ့ ဆီးနှင်းပုလဲလက်နက်တွေက အစွမ်းထက်တယ်၊ ဒါပေမဲ့ ဒီအဘိုးကြီးကလည်း သိုင်းပညာကောင်းတာပဲ၊ ပေညီအစ်ကိုတွေကို လွယ်လွယ်ကူကူ သတ်နိုင်ပေမယ့် ဒီအဘိုးကြီးကိုတော့ ပေညီအစ်ကိုတွေလောက် လွယ်လွယ်ကူကူ သတ်နိုင်မှာ မဟုတ်ဘူး။ နောက်တစ်ချက်ကလည်း သူဟာ မင်းတို့ကို ပြန်လှန်ခုခံတာမျိုး လုပ်မှာလည်းမဟုတ်ဘူး၊ သူသေရွာသွားရင် မင်းမိခင်ကြီးကိုပါ သူနဲ့အတူတူ ခေါ်သွားမှာ သေချာတယ်"

ကျင်းလီ ဘာမှ ပြန်မပြောနိုင်တော့ပေ။ ယွန်ချောချောလည်း ငိုင်သွားသည်။

သူတို့သည် ဤအချက်တွေကို မတွေးမိကြပေ။

စင်ကီသာ တစ်ခုခုလုပ်ကြလျှင် သူတို့၏ ဆီးနှင်းပုလဲလက်နက်များဖြင့် ပစ်ခတ်မည်ကြံရွယ်ထားကြခြင်းသာ ရှိသည်။

ထက်ကျင်ညွှန်ပြသည့် အချက်များကို သိရှိသဘောပေါက်လာသည့်အခါ နှစ်ယောက်လုံး ချွေးပြန်လာကြလေတော့၏။

ထက်ကျင်သည် တံခါးမကြီးဆီသို့ ဖြည်းညင်းစွာ လျှောက်သွား၏။

တံခါးမကြီးဆီသို့ ရောက်မှနောက်သို့ လှည့်ပြောသည်။

"မင်းတို့ စောစောကလို ပေါ့ပေါ့ဆဆ မနေကြနဲ့ နောက်ထပ် ဘယ်သူတွေ ရောက်လာမယ်ဆိုတာ ဘယ်သူမှ အတပ်မပြောနိုင်ဘူး"

ယွန်ချောချောက ထိတ်လန့်တကြား မေးမိလေ၏။

"နောက်ထပ် လာနိုင်သေးတယ် ... ဟုတ်လား"

"လာနိုင်သေးတာပေါ့"

"ဘယ်သူတွေ လာနိုင်တာလဲ"

"အဲ့ဒါကတော့ မင်းမေမေက ပိုသိမယ်လို့ထင်တယ်၊ သူသတိရတဲ့အခါကျမှ မေးကြည့်ပေါ့၊ အခု လောလောဆယ်မှာတော့ အထူးသတိဝီရိယထားပါ၊ ကိုယ့်ကိုယ်ကိုယ်လည်း သိပ်အထင် မကြီးကြနဲ့၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့လူဟာ သေမင်းကို ကိုယ့်အသက်ကို တစ်ဝက်ပေးထားပြီးပြီလို့ မှတ်ပေတော့၊ အခြေအနေ သိပ်ဆိုးရင် ခေါ်ဟစ်ပြီး အကူအညီတောင်းပါ"

ယွန်ချောချောက မချိပြုံး ပြုံးပြလိုက်ပြီး ...

"ကျွန်မတို့ကို နောက်ထပ်လာပြီး ဒုက္ခပေးမယ့် ညည့်သည်

ဟာ ထိပ်သီးသိုင်းသမား ဖြစ်နေရင်တော့ ဒီတည်းခိုဆိုင်ထဲက လူတွေက အကုန်ဝိုင်းကူတာတောင် ကျွန်မတို့အတွက် ဘာမှထူးခြားမှာ မဟုတ်ပါဘူး"

ထက်ကျင်က ခပ်ဆတ်ဆတ်ပြောသည်။

"မင်းက ဘယ်လောက်သိလို့ ဒီလိုပြောနိုင်ရတာလဲ၊ အခု မင်းမေမေကို လုပ်ကြံတဲ့လူဟာ လူသိမခံနိုင်ဘူး။ တစ်ခုတော့ ရှိတယ် ... သူ့အနေနဲ့ လူတွေဝိုင်းထားတဲ့ကြားက မင်းမေမေကို လုပ်ကြံသွားခဲ့ရင်တော့ သူဟာ ဝိုင်းထားတဲ့လူတွေအားလုံးကိုပါ နှုတ်ပိတ်ပစ်ရမယ်၊ ဒီလောက်လူများများကို လုပ်ကြံဖို့ဆိုတာ သိပ်မလွယ်လှပါဘူး"

"ဟုတ်ကဲ့ ... ကျွန်မ သဘောပေါက်ပါပြီ"

"အေး ... မင်း သတိထားရမယ့် အချက်ကတော့ ကိုယ်လည်း မသိဘဲ ခိုးကြောင်ခိုးဝှက် ဝင်လုပ်ကြံသွားမယ့် ကိစ္စမျိုးပဲ "

"ဟုတ်ကဲ့ ... မေမေ့အနားမှာ ကျွန်မ မရှိရင် ကျင်းလီဖြစ်ဖြစ် တစ်ယောက်ယောက်ရှိနေပါ့မယ်"

"အကောင်းဆုံးပဲ"

ရွှေပျံလွှား ထက်ကျင်သည် အကောင်းဆုံးပဲဟု ပြောပြီးသည်နှင့် တံခါးမကြီးမှ ထွက်ခွာသွားတော့သည်။

နောက်သို့ လုံးဝလှည့်မကြည့်တော့ပေ။



ယွန်ချောချောသည် သူ့ရဲကောင်းကြီး ထက်ကျင်အား "ခဏနေပါဦး" ဟုတားချင်သည်။

သို့သော် နှုတ်မထွက်ရဲ ဖြစ်နေခဲ့ရတော့၏။

❖ ❖ ❖

(တစဉ်-၁) ပြီး၏။

(တစဉ်-၂) ဆက်လက်ဖတ်ရှုပါရန်။